www.burmeseclassic.com

# အိုမာခယမ်

## လရောင်တမ်းသော ကုမုဒြာ




Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# အိုမာဆမ်

## လရောင်တမ်းသောကမုဒြာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၂၆၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၂၀၉၀၉

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

အိုမာဆမ်

လရောင်တမ်းသောကမုဒြာ/အိုမာဆမ်-ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၉။

၂၆၂- စာ၊ ၁၂×၁၈ စင်တီ။

(၁) လရောင်တမ်းသောကမုဒြာ


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# အိုမာသမ်




စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

လွယ်အိတ်လေးကို တင်းတင်းဆုပ်ကိုင်ပြီး မတ်တတ်ရပ်နေသည့် ကြာဖြူကို အိမ်ရှိလူအားလုံးက စေ့စေ့ငုံငုံ ကြည့်နေကြသည်။

ကြာဖြူကို ခေါ်လာတဲ့ လေးလေးက ကြာဖြူကို အားမငယ်ရန် ဘယ်လောက်ပဲ နှစ်သိမ့်ခဲ့ နှစ်သိမ့်ခဲ့။ သူစိမ်းတွေကြားမှာ ကြာဖြူ အားငယ်နေသည်။

မေမေ့ကို ဆုံးရှုံးရစဉ်က ကြာဖြူ့အနားမှာ မေမေ မရှိတော့ဘူးဆိုတဲ့ အသိနဲ့ ကြောက်ရွံ့ဝမ်းနည်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကို မွေးစားမည့် လေးလေး ရောက်လာတော့ လေးလေးရဲ့နွေးထွေးတဲ့ ဆက်ဆံမှုကြောင့် အားငယ်စိတ် နည်းနည်း လျော့သွားသော်လည်း လေးလေး မိသားစုနဲ့ ဆုံရစဉ် အားငယ်စိတ်က ပြန်ဝင်လာသည်။

"ဘယ်နှတန်း တက်မှာလဲ"

လေးလေးရဲ့မိန်းမ ဆိုသည့် ခပ်ချောချော အန်တီက မေးလာသဖြင့် ...

"ငါးတန်းတက်မှာပါရှင်"

"ဪ ... ဒါဆို သမီးလေးသက်နဲ့ တူတာပေါ့နော် ... ကိုမောင်"

ကြာဖြူနဲ့ အတန်းတူတဲ့ "သက်"ဆိုတာ ဘယ်သူပါလိမ့်။

လေးလေး ပေါင်ပေါ်မှာ ထိုင်နေတဲ့ ဖြူဖြူသေးသေး ကောင်မလေးလား။

"ဟုတ်တယ် ... ဒါပေမဲ့ ကြာဖြူကတွားပြီး သမီးကသေး နေတယ်"



ဖြူဖြူသေးသေး ကောင်မလေးက ကြာဖြူကို ပြုံးပြသည်။

ဒီအိမ်က တစ်အိမ်လုံး သဘောကောင်းကြ[illegible] သိဘူး၊ ကြာဖြူကို လက်မခံဘူးဆိုတဲ့ ပြဿနာ မကြားရ။

"သူ့နာမည်က ကြာဖြူတဲ့လား"

အန်တီက လေးလေးကို မေးလိုက်စဉ် ...

"ရွှေကြာဖြူတဲ့"

မေမေကိုယ်တိုင် ကြာဖြူ့ကိုပေးခဲ့တဲ့ နာမည်လေး ဖြစ်၍ ဒီနာမည်ကို ကြာဖြူ ကြိုက်လှသည်။

"ကိုမောင်ကတော့ သမီးလေးလည်း အဖော်ရအောင် သူ့အတွက်လည်း အဆင်ပြေသွားအောင် မွေးစားချင်တယ်"

အန်တီက ခေါင်းတဆတ်ဆတ်ညိတ်ပြီး စဉ်းစားနေသည်။

"နောက်ပိုင်း အမွေကိစ္စတွေ ဘာတွေ စကားပြောလာရင်ရော"

အမွေတဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



အမွေဆိုတာ ဘာပါလိမ့်။

ဪ ... သိပြီ၊ မေမေ ဆုံးခါနီး သူမကိုပေးခဲ့တဲ့ လက်စွပ်လေးကိုပေါ့။

သမီးလေးအတွက်ဆိုပြီး မေမေ ပေးခဲ့သည့် လက်စွပ်ဘူးလေးကို လွယ်အိတ်လေးထဲမှာ စမ်းကြည့်လိုက်စဉ် ရှိနေသေး၍ စိတ်ချသွားသည်။

"အမွေစား အမွေခံစာချုပ်နဲ့ မွေးစားတာမှ မဟုတ်တာပဲကွာ"

လေးလေးက အန်တီ့ကို လှမ်းပြောနေစဉ် လေးလေး ပေါင်ပေါ်က ကောင်မလေးက ကြာဖြူဆီ ရောက်လာပြီး ...

"နင် ငါတို့နဲ့ နေမလို့လား"

ကြာဖြူ ခေါင်းညိတ်ပြလိုက်စဉ် ကောင်မလေးက သူ့အမောက်လှည့်ပြီး ...

"မေမေ့သမီး သူ့ကို ခေါ်ထားချင်တယ်၊ အတူတူဆော့လို့ ရတာပေါ့"

အန်တီက ကောင်မလေးကို ပြုံးပြချော့မော့ပြီး ...



"အင်းပါ သမီးရယ်၊ မေမေ့သမီးက ခေါ်ထားချင်ရင် ခေါ်ထားရမှာပေါ့၊ ကြာဖြူ ကြားတယ်နော်၊ သက်က ခေါ်ထားချင်တယ်ဆိုလို့ ခေါ်ထားမှာ၊ သက်က ကြာဖြူရဲ့ကျေးဇူးရှင်ပဲ မှတ်ထား၊ ဟုတ်လား"

ကြာဖြူ သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားချင်။

ပြောသမျှကို ခေါင်းညိတ်ပြရုံသာ။

"ကဲ ... ကလေး၊ ကလေးကို လေးလေးနဲ့ အန်တီက မွေးစားလိုက်ပြီ၊ ဒါကြောင့် ကြာဖြူ အားမငယ်နဲ့ သိလား။ ကြာဖြူ့ကို ကျောင်းလည်း ဆက်ထားပေးမယ်၊ စာကို ကြိုးကြိုးစားစားနဲ့ လိမ်လိမ်မာမာ သင်ရမယ် ကြားလား"

"ဟုတ်ကဲ့ လေးလေး"

ကြာဖြူ လွယ်အိတ်လေးကို ကြမ်းပေါ်ချလိုက်ပြီး သားလေးနဲ့ အန်တီကို ထိုင်ကန်တော့လိုက်သည်။

အောင်လံမြို့ ရွာကလေးတစ်ရွာက ကြာဖြူအတွက် သားလေးတို့နေသော ရန်ကုန်မြို့တော်ကြီးသည် အစစအရာရာ သွားခြားလျက် ...။

♦♥♦

www.burmeseclassic.com

"ငါ့နာမည်က သက်နှင်းခန့် တဲ့၊ နင့်နာမည်က ချေကြာဖြူ နော်"

သက်နှင်းခန့်က ကြာဖြူကို အရုပ်လေးတစ်ရုပ် ရလိုက်သလို လိုက်ကြည့် လိုက်စကားပြောနေသည်။

"ဟုတ်တယ်၊ နင့်မှာ အစ်ကိုတွေ အစ်မတွေ ရှိသေးလား ဟင်"

ကြာဖြူ မရဲတရဲ မေးလိုက်မိသည်။

သက်နှင်းခန့်နဲ့ အဆင်ပြေပေမယ့် အခြားလူတွေနဲ့ အဆင်မပြေမှာ စိုးရိမ်သောကြောင့်ပင်။

"ဟင့်အင်း ... မရှိဘူး၊ မေမေက ငါ့တစ်ယောက်တည်း မွေးထားတာ၊ နင့်မှာရော"



ကြာဖြူမှာ ဘာဆိုဘာမှမရှိ၊ မိဘဆွေမျိုးဆိုတာ မရှိ။

အမျိုးလိုဖြစ်နေသော လူတွေကလည်း အောင်လံမှာ ကျန်ခဲ့ပြီဖြစ်သည်။

"ငါ့မှာ မိဘတွေလည်း မရှိတော့ဘူး၊ တခြားဆွေမျိုးလည်း မရှိတော့ဘူး"

ပြောရင်းနဲ့ ကြာဖြူက အသံတုန်လာရုံရှိသေးသည်။ သက်နှင်းခန့်က မျက်ရည်တွေ ကျလာသည်။

"ဟဲ့ ... သမီးလေး၊ ဘာဖြစ်လို့ ငိုတာလဲ၊ ကြာဖြူ ဘာလုပ်လို့လဲ"

အန်တီအသံက စူးခနဲ။

ကြာဖြူတို့အနား ရောက်လာပြီး မေးစဉ် ...

"ကြာဖြူ ဘာမှမလုပ်ပါဘူး မေမေရဲ့၊ သူ့ကို သမီးသနားလို့ပါ"

ဒီတော့မှ မျက်လုံးပြူးနေသည့် အန်တီ့မျက်နှာ ပြေလျော့သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ — ကြာဖြူ၊ စကာကြာရင် ကြာဖြူအတွက် အခန်းပြင်နေတာ ပြီးလိမ့်မယ်၊ အခု အန်တီ မှာစရာတွေရှိလို့ အန်တီ့ဆီ ခဏလိုက်ခဲ့ဦး"

ကြာဖြူ အန်တီ့နောက်မှ လိုက်သွားလိုက်သည်။

ကျယ်ဝန်းသော အိမ်ကြီးထဲမှာ အခန်းတွေက အများကြီး။

ကြာဖြူ့အတွက် ထမင်းစားခန်းနဲ့ ကပ်လျက်အခန်းမှာ အခန်းပြင်နိုင်းနေသံ ကြားထားသည်။

အန်တီက စာကြည့်ခန်းနဲ့တူသော အခန်းတစ်ခုထဲသို့ ကြာဖြူ့ကို ခေါ်သွားပြီး ...

"ထိုင် ကြာဖြူ"

ကြာဖြူ့ကို ခုံတစ်လုံးပေါ် ထိုင်နိုင်းပြီး အန်တီလည်း ထိုင်လိုက်တာ တွေ့ရသည်။

"ကြာဖြူ ဒီအိမ်မှာ နေရပြီဆိုတော့ ဒီအိမ်သား ဖြစ်သွားပြီ။ ဒီအိမ်မှာ အန်တီရယ်၊ အန်တီ့ယောကျ်ားရယ်၊ သမီးလေးသက်ရယ်၊ အိမ်ဖော်နှစ်ယောက်ရယ်၊ ခြံစောင့်ရယ်၊





ဒါပဲရှိတယ်၊ အိမ်ဖော်တွေနဲ့ ခြံစောင့်က ကားဂိုဒေါင်ထပ်ခိုးမှာ နေကြတယ်၊ ဒါကြောင့် ဒီအိမ်ပေါ်မှာ အန်တီတို့ မိသားစုနဲ့ ကြာဖြူပဲ ရှိတယ်၊ မှတ်မိလား"

ကြာဖြူက ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

လေးလေးကား ဝင်လာစဉ် ခြံတံခါးလာဖွင့်ပေးတဲ့သူက ခြံစောင့်။

အပြင်က ပြန်လာတဲ့ လေးလေးအတွက် သံပရာရည်လာချပေးတာ အိမ်ဖော်ပေါ့။

ကြာဖြူ စိတ်ထဲမှာ တိတ်တိတ်လေး မှတ်နေမိသည်။

"သက်နှင်းခန့်က ကြာဖြူနဲ့ လပိုင်းလောက် ငယ်လိမ့်မယ်။ ဒါကြောင့် သက်က ကြာဖြူရဲ့ညီမလေးပဲ။ ဘယ်ကိစ္စမဆို အစစအရာရာ ကြာဖြူက သက်ကို သည်းခံပေးရမယ်။ သက်က မဆိုးပါဘူး၊ လိမ္မာပါတယ်၊ တစ်ခါတလေ စွတ်တရွတ်နိုင်တတ်တာလေးပဲရှိတယ်၊ အဲဒါကို ကြာဖြူက သည်းခံရမယ်၊ ဦးစားပေးရမယ်၊ အနစ်နာခံရမယ်၊ ဒါမှ ကြာဖြူ ဒီအိမ်မှာ ကြာကြာနေလို့ရမယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ မှာ နေစရာနေရာ မရှိသည့်အတွက် အန်တီ ကအဆောင်ရင်တောင် သေပေးရမယ့် အနေအထားမျိုးဖြစ်သည်။

"ဟုတ်ကဲ့ ... နားလည်ပါတယ်"

"ပြီးတော့ သက်က ဒီအိမ်ရဲ့သမီးအရင်း၊ ကြာဖြူက မွေးစားသမီး၊ ဒါကြောင့် သက်နဲ့ အခွင့်အရေးတူ အနေအထားတူ ဘယ်တော့မှ မတောင်းဆိုရဘူး"

ကြာဖြူ ခေါင်းငုံ့လျက် ခေါင်းညိတ်ပြလိုက်သည်။

"ကျောင်းမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ်၊ အို ... ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြာဖြူက အမြဲတမ်း သက်ကို ဦးစားပေး စောင့်ရှောက်နေရမယ်"

ကြာဖြူ မေမေသာရှိရင်လည်း ကြာဖြူ ကို ခုလို ချစ်မှာပါ။

"ကဲ ... အန်တီ့စကားတွေကို နားလည်ရင် အမြဲနားထော ရမယ်နော်၊ သွား ... ရေမိုးချိုး၊ ပြီးရင် ကြာဖြူ အတွက် အဝတ်အစားတွေ သွားဝယ်ရမယ်၊ ကြာဖြူက ထွားတော့ သက်ရဲ့အကျႌတွေနဲ့ တော်မှာမဟုတ်ဘူး"



ကြာဖြူ ခေါင်းငုံ့လက်ပိုက်လျက် အန်တီ့ရှေ့က ထွက်လာခဲ့လိုက်သည်။

အိမ်ဖော်လို့ အန်တီပြောထားတဲ့ သဘောကောင်း ကောင်း ကြီးကြီးတစ်ယောက်က ကြာဖြူ ကို ရေချိုး၊ ခေါင်းလျှော် ပေးသည်။

"ဒီအိမ်မှာ ကြာကြာနေချင်ရင် အသက်ကလေးကို ဦးစား ပေးရမယ်နော်၊ အသက် မျက်ရည်တစ်စက်က ကြီးကြီးတို့ ကြာဖြူတို့ဘဝတစ်သက်နဲ့ ဆိုင်နေတယ်၊ သိလား"

ဘာဖြစ်လို့ အဲဒီကောင်မလေးကို အားလုံးကြောက် နေကြရတာလဲ။

ဒီလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးပဲဟာ။

ကြာဖြူ သူ့ကို အားလုံးခေါ်သလို "သက်"လို့ပဲ ခေါ်ဖို့စိတ်ကူးထားသည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ့အတွက် ကျောင်းအင်္ကျီလှလှလေးတွေ၊ ဂါဝန်လှလှလေးတွေကို လေးလေးနဲ့ အန်တီက စိတ်ရှည်လက်ရှည် ရွေးဝယ်ပေးကြ၍ ကြာဖြူ သိပ်ပျော်နေသည်။

ကျောင်းတက်ဖို့ ကျောပိုးအိတ်လေး နှစ်လုံးကို လေးလေးက ကြာဖြူနဲ့ သက်အတွက် ဆင်တူ ရွေးလိုက်ချေ အန်တီက ...

"ကိုမောင်ကလည်း သက်ကို ဘာဖြစ်လို့ ကြာဖြူနဲ့ဆင်တူ ဝယ်ပေးရမှာလဲ၊ ကြာဖြူနဲ့ သက်က အဆင့်အတူတူ မဟုတ်တာ၊ ခုကတည်းက တစ်တန်းတည်းထားရင် ကြာ ရင် ကြာဖြူက ဘဝမေ့ပြီး သက်ကို ခြေရာလိုက်တိုင်းနေ လိမ့်မယ်"



အန်တီပြောတာကို ကြာဖြူ သိပ်နားမလည်။

ကြာဖြူ့အတွက် မဝတ်ဘူး၊ မသုံးဘူးတဲ့ ပစ္စည်းသားတွေ ရနေသဖြင့် ဝမ်းသာနေတာပဲသိသည်။

"အေးပါ ... အေးပါ၊ ဒါဆို သက်က ပန်းရောင်ကြိုက်တော့ ပန်းရောင်လေးပဲ ယူတာပေါ့၊ ကြာဖြူရော ဘာရောင်ယူမလဲ"

တကယ်တော့ ကြာဖြူသည် ပန်းရောင်လေးကို ကြိုက်တာပဲ၊ ဘာဘီရုပ်ကလေးတွေနဲ့ ပန်းရောင်ကျောပိုးအိတ်သားက ချစ်စရာ။

ဒါပေမဲ့ ...

"အပြာရောင်လေး ယူမယ်"

ကြောင်ရုပ်လေးပုံပါသော အပြာရောင်ကျောပိုးအိတ်လေးကိုပဲ ယူဖို့ဆုံးဖြတ်လိုက်သည်။

ပစ္စည်းအားလုံးဝယ်ပြီး အပြန်တွင် အန်တီ့ကိုအိမ်ပို့ပေးပြီး လေးလေးက ကြာဖြူ့ကို ဟိုနားဒီနား လျှောက်ပြကိုက်ဦးမည်ဆိုပြီး အိမ်တစ်အိမ်ဆီသို့ ခေါ်လာသည်။ ထိုအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ဒေါ်လေးတစ်ယောက်နဲ့ မိတ်ဆက်ပေးပြီး ထိုဒေါ်လေးက ကြာဖြူ့မေမေရဲ့ သူငယ်ချင်းဟု ပြောခဲ့သည်။

ကြာဖြူ မသိပေမယ့် ကြာဖြူ့ကို သိနေသော ဒေါ်လေးတစ်ယောက်ဖြစ်သည်။

♦♥♦



"ဩ ညို့သမီး ကြာဖြူလေ ခင်မွန်"

ဒေါ်ခင်မွန် ဆိုတဲ့ ဒေါ်လေးက ကြာဖြူ့ကို နွေးထွေးပြုံးကြည့်နေပြီး ...

"သိပါတယ် မောင်မောင်ရယ်၊ ကြည့်လိုက်တာနဲ့ ညို့သမီးမှန်းသိအောင် ကြာဖြူက ညိုနဲ့သိပ်တူနေတာပဲ၊ ငါ ညို့ဆီရောက်တုန်းက သူ့ ငါးနှစ်သမီးလောက်ပဲ ရှိဦးမည်"

ကြာဖြူတို့ဆီ လာဖူးတယ်တဲ့။

ဩလေမဲ့ ကြာဖြူ မမှတ်မိ။

မေမေ့ဆီ လာဖူးတဲ့ ဧည့်သည်တွေက သိပ်မများ။

ဒေါ်လေးက မေမေ့သူငယ်ချင်းဆိုပေမယ့် ကြာဖြူ့မေမေ မပြောပြဘူးပေ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီ ညို စာထည့်တုန်းက ညို့မှာ ဒီလောက်ဆိုးဝါးပြင်းထန်တဲ့ ရောဂါရှိနေတယ်ဆိုတာ ယုံတောင်မယုံချင်ဘူး၊ ညိုက ငယ်ငယ်ကတည်းက အားနည်းလွန်းတတ်တာပါလေ"

လေးလေး မျက်လုံးတွေက အရောင်မှိုင်းပြီး မျက်ရည်တွေ ဝိုင်းလာသလိုပင်။

မေမေ့ရုပ်ကလာပ်ကို သင်္ဂြိုဟ်တုန်းကလည်း လေးလေး ဒီလိုမျက်ရည်တွေဝိုင်းခဲ့တာ ကြာဖြူ မှတ်မိနေသည်။

"နှင့်မိန်းမရော ဘာပြောသေးလဲ"

"ငြိမ်းက နင်သိတဲ့အတိုင်းပဲလေ၊ သက်ကို အရမ်းချစ်တော့ သက် အဖော်ရမယ့်ကိစ္စ ဘယ်ငြင်းပါ့မလဲ၊ သက်ကလည်း အခု ကြာဖြူ့ကို လိုလိုလားလားပါပဲ၊ အခြေအနေမှန်ကို မသိတာက အကောင်းဆုံးပါပဲလေ"

လေးလေးနဲ့ ဒေါ်လေး ပြောနေတာတွေ ကြာဖြူ သိပ်နားမလည်။

"အေး ... ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နင် ကြာဖြူ့ဘက်က မားမားမတ်မတ် ရပ်တည်ပေးရမယ်နော်၊ ကြာဖြူ့အတွက်



နင်က အရေးကြီးဆုံးနဲ့ တာဝန်အရှိဆုံးလူပဲဆိုတာ နင်သိမှာပါ မောင်မောင်"

လေးလေးက ခေါင်းညိတ်ပြီး ကြာဖြူ့ဆံပင်တွေကို နူးညံ့ညင်သာစွာ ပွတ်သပ်ပေးနေသည်။

"စိတ်ချပါ ခင်မွန်ရယ်၊ ငါ ညို့အပေါ် ပျက်ကွက်ခဲ့တဲ့ ကတိတွေအတွက် ငါ ကြာဖြူ့ အပေါ်မှာ ပေးဆပ်မှာပါ"

ထိုနေ့က လေးလေးနဲ့ ဒေါ်လေးတို့ စကားတွေ အများကြီး ပြောခဲ့ကြပြီး ပြောသမျှတွေက ကြာဖြူ နားမလည်တာတွေ များနေသည်။

အိမ်အပြန်လမ်းမှာတော့ လေးလေးက ...

"ကြာဖြူ ... သမီးကို လေးလေးမိန်းမ သမီး နဲ့တီက ဘယ်သွားလဲမေးရင် ပန်းခြံထဲသွားဆော့တယ်လို့ ဖြေနော်၊ ကြားလား၊ ဒေါ်လေးခင်မွန်ဆီ သွားတာ သမီးအန်တီ သိလို့မဖြစ်ဘူး"

ကြာဖြူ သွက်လက်စွာ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီရယ်၊ ဒေါ်လေးခင်မွန်ရယ်၊ လေးလေးရယ်၊ ကြာဖြူ့မေမေရယ် သူတို့တွေရဲ့ ပတ်သက်ဆက်နွယ်မှုတွေကို ကြာဖြူ ခေါင်းရှုပ်ခံပြီး မစဉ်းစားချင်။

ကြာဖြူ့အတွက် ရန်ကုန်ဆိုတဲ့ ပတ်ဝန်းကျင်အသစ် အစိမ်းမှာ နေသားကျ ပျော်ရွှင်ဖို့ အားတင်းထားရမယ်ဆိုတာ သိနေသည်။

♦♥♦



အိမ်ရောက်သည်နှင့် ကားပေါ်က ဝယ်လာခဲ့သော ပစ္စည်းတွေ ချနေစဉ် သက်က ကြာဖြူ့နားရပ်ပြီး …

"နင်နဲ့ ငါ ကျောင်းအတူတူ တက်ရမှာနော်"

ကြာဖြူ ခေါင်းညိတ်လိုက်သည်။

"ငါတို့အတွက် ကျောပိုးအိတ်တွေ ဝယ်လာတယ်ဆို"

အန်တီက ပြောပြီးသားဖြစ်၍ သက်ကပါလာတဲ့ ပစ္စည်းတွေကို ကြည့်ချင်နေပုံရသည်။

"ဟုတ်တယ်၊ သက်အတွက်က ပန်းရောင်လေး၊ ငါ့အတွက် အပြာရောင်လေး"

တကယ်တော့ ကြာဖြူလည်း ဒီပစ္စည်းအသစ်လေး တွေအတွက် ပျော်နေသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ပဲစွည်းထုပ်တွေ အောက်ရောက်သည်နှင့် သက်က အားလုံး ဆွဲထုတ်ယူကြည့်တော့သည်။

"သမီးလေးအတွက်က ပန်းရောင်လေးတွေချည်းပဲ မေမေ ဈေးဝယ်လာတယ်၊ သမီးက ပန်းရောင်ကြိုက်တယ် မဟုတ်လား"

သက်က အန်တီပြောတာ ဘာမှပြန်မဖြေသေးဘဲ ကြာဖြူ့အိတ် အပြာရောင်လေးကို ယူကြည့်နေသည်။

ပြီးမှ ...

"သမီး အပြာရောင်လေးပဲ ယူချင်တယ်၊ သမီး အပြာရောင် ယူမယ်၊ ကြာဖြူ့ကို ပန်းရောင်ပေးလိုက်"

ကျောပိုးအိတ်၊ ကွန်ပါဘူး၊ ဘောပင်၊ ခဲဖျက် ရေဘူးနဲ့ ထမင်းဘူး အားလုံးက ပန်းရောင်နဲ့ အပြာရောင်ချည်းပင်။

"ဟင် ... သမီးလေးက ပန်းရောင်ကြိုက်တယ် ဆိုလို့ မေမေက ပန်းရောင် တမင်ရွေးလာတာလေ"

သက်က ကြာဖြူ့အိတ်လေးကို မလွှတ်တမ်း ရင်ဘတ်နဲ့ ဖိကပ်ဖက်ထားပြီး ...



"အပြာရောင်ပဲ ယူမယ်၊ ကြာဖြူ ... နင် ပန်းရောင်ယူလိုက်နော်"

ကြာဖြူကတော့ ဘာလေးပဲဖြစ်ဖြစ် နှစ်ရောင်စလုံး ကြိုက်သည်ပင်။

"သမီးကလည်းကွာ၊ ကြာဖြူ့က အပြာရောင် ရွေးလာတာလေ"

လေးလေးက ခပ်မာမာလေး ပြောလိုက်စဉ် သက်မျက်နှာက မဲ့ခနဲ။ အန်တီက လေးလေးကို လှမ်းကြည့်ပြီး ...

"ကိုမောင်ကလည်းကွာ၊ ကလေးကို မအော်ပါနဲ့။ ကဲ ... သမီး၊ ပန်းရောင်က သမီးကြိုက်တဲ့ ဘာဘီရုပ်ကလေးနဲ့မို့လို့ ဈေးပိုပေးပြီး ဝယ်လာရတာ သမီးရဲ့၊ ကြာဖြူ့အတွက် ဝယ်လာတာတွေက သမီးအတွက် ဝယ်လာတာလောက် ဈေးမကြီးဘူး"

"ဟင့်အင်း ... ရတယ်၊ ဈေးကြီးကြီး မကြီးကြီး သမီး အပြာရောင်ပဲ ယူမယ်"

သက်က အိတ်လေးကို လက်ကမလွှတ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ဖန်းရောင်ပဲ ယူလိုက်မယ်လေ၊ သက်ကို အပြာရောင်လေး ပေးလိုက်ပါ”

ကြာဖြူ မဝံ့မရဲလေး တောင်းဆိုကြည့်လိုက်စဉ် လေးလေးက ကြာဖြူ့ကို ကရုဏာသက်စွာ ကြည့်နေတာ တွေ့ရပြီး အန်တီက ...

“ကဲ ... ကဲ ... ဒါဆိုလည်း သမီးကြိုက်တာယူ၊ သမီးလေးကလည်းလေ၊ မေမေက ပိုကောင်းတာ ဝယ်လာခဲ့တာကို မယူဘူး၊ အခု ကြာဖြူ ရသွားပြီ”

အန်တီ့အသံက အားမလို အားမရအသံ။

ကြာဖြူကတော့ ဈေးကြီးတာ ဈေးပေါတာတွေထက် သက်ကို ဦးစားပေးရမည်ဆိုသော စကားက နားထဲက ရင်ထဲအထိပါ စွဲနေပြီဖြစ်၍ သက် လိုချင်တာကို လျှော့ပေးလိုက်ခြင်းပင်။

သက် မလိုချင်သော ပန်းရောင်ပဝါလေးတွေက တောက်ပ ထင်လင်းစွာ။

ပန်းရောင်ကြိုက်သော ကြာဖြူအတွက် ကံကြမ္မာက ဖန်တီးပေးခြင်းလေလား။



မဟုတ်ပါဘူး၊ သက် ဖန်တီးပေးတာပါ။

ကြာဖြူ့ကို သက်က ကျေနပ်စွာ ပြုံးပြပြီး ...

“ငါ့မှာ ပန်းရောင်တွေ များနေပြီ။ မေမေက ပန်းရောင်ကြိုက်တယ်ဆိုပြီး ပဝါတိုင်းကို ပန်းရောင်တွေချည်းဝယ်ပေးထားတာ၊ အခု အဲဒါတွေ မျက်စိထဲမှာ ရိုးနေပြီ၊ နင်ရွေးလာတဲ့ အပြာရောင်လေးက လှလှလေးနော်”

“သက် ကြိုက်တာယူလေ၊ ကြာဖြူက ဘာပဲဖြစ်ဖြစ်ရတယ်”

အရင်က သူများပေးသော တစ်ပတ်နွမ်း လွယ်အိတ်လေးတွေ လွယ်ရတာထက်စာရင် အများကြီးသာတဲ့ အနေအထားဖြစ်၍ ကြာဖြူက ဘာပဲဖြစ်ဖြစ် ကျေနပ်နေမှာပင်။

လေးလေးရော အန်တီပါ ကြာဖြူ့ကို သဘောကျစွာ ကြည့်နေကြသဖြင့် ကြာဖြူ့စိတ်ထဲ စိုးရွံ့စိတ်နည်းနည်းလျော့သွားသည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ... ကလေးနှစ်ယောက်ရဲ့ အနေအထားလေးကို ကျွန်မ သိချင်တယ်"

အန်တီက ကြာဖြူတို့ စာသင်နေတဲ့ အခန်းလေးထဲ ဝင်လာပြီး ဆရာ့ကို တလေးတစား မေးတာတွေ့ရသည်။

မကြာခင် ကျောင်းမှာ နှစ်ဝက်စာမေးပွဲ ဖြေတော့မှာ ဖြစ်၍ ဆရာက သူတို့ကို ကျူရှင်မှာ အကျင့်ရအောင် အရင်ဖြေ ခိုင်းထားခဲ့သည်။

ဆရာက အန်တီ့မေးခွန်းကို ပြုံး၍ နားထောင်နေပြီး ကြာဖြူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။

အသင်အပြကောင်းသော ဆရာကြောင့် ကြာဖြူ တော့မှာ မလိုက်နိုင်ခဲ့သော စာများကိုပင် ကျေကျေညက်ညက် နားလည်နေပြီဖြစ်သည်။





"အင်း ... အခုလောလောဆယ်တော့ သက်နှင်းခန့်က သွက်တယ်၊ ကြာဖြူက အရင်က အခြေခံသိပ်မခိုင်ခဲ့တဲ့ အတွက် အခု အဲဒါတွေကို လိုက်နေရလို့ နှေးသယောင် ယောင် ရှိတယ်၊ ဒါပေမဲ့ ရေရှည်ဆိုရင် သက်နှင်းခန့်က သွက်ပေမယ့် လျှမ်းတယ်၊ သိပ်မတွေးဘူး၊ ဒါကြောင့် ကြာဖြူက ပိုသာသွားနိုင်တယ်၊ ကြာဖြူက စေ့စပ်တယ်၊ သေသေချာချာ တွေးတတ်တယ်"

အန်တီက ဆရာ့အဖြေကို သေသေချာချာ နားထောင် နေပေမယ့် အဖြေကို သဘောကျပုံမရ။

"ဆရာ ... သက်ကို ပိုတော်အောင် Train လုပ်ပေးလို့ မရဘူးလား"

ဆရာက အန်တီရဲ့စေတနာလောဘကို နားလည် စွာနဲ့ ခေါင်းညိတ်ပြီး ...

"ကျွန်တော်က သက်နှင်းခန့်မှ မဟုတ်ပါဘူး၊ ဘယ်တပည့် ကိုမဆို ပိုတော်အောင် လုပ်ပေးနေတာပါဘဲ၊ သက်နှင်းခန့် ရဲ့အားနည်းချက်ကို သက်နှင်းခန့် ကိုယ်တိုင် ဖြည့်ဆည်း ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်က လျှာကလေးထုတ်ပြပြီး ခေါင်းပုဝင်သွားတာ တွေ့ရသည်။

အန်တီက သက်ကို အားမရသလိုကြည့်ပြီး …

"ကြားလား သမီး၊ သမီးက ဉာဏ်ကောင်းရဲ့သားနဲ့ လျှမ်းတဲ့အတွက် သူများနောက် ရောက်သွားမယ်၊ ကြားလား"

သက်က ရယ်ကျဲကျဲနဲ့ ခေါင်းညိတ်ပြတာ တွေ့ရသည်။

"မေမေကလည်း သမီး ဘယ်မှာ သူများနောက်ရောက်လို့လဲ၊ အတန်းထဲမှာ အမြဲတမ်း အဆင့်တစ်ပဲ ရနေတာကို"

ဆရာက သက်ရဲ့ခေါင်းကို ဖွဖွပုတ်ပြီး …

"သမီးက တစ်ခုခုဆို အမြန်ပြီးချင်တော့ သိပ်မစဉ်းစားဘဲနဲ့ ဆုံးဖြတ်တတ်တော့ တစ်ချိန်မှာ အဲဒါက သမီးရဲ့ အားနည်းချက် ဖြစ်နိုင်တယ်"

"ဟင် … ဆရာကလည်း"

သက်က ဆရာ့စကားကို စောဒကတက်ချင်ပုံရသည်။



"ဒီနှစ်က ရှစ်တန်းသမီးရဲ့၊ အရင်နှစ်တွေလို ခပ်ပေါ့ပေါ့ လုပ်လို့မရဘူး"

ဆရာက သက်ကို ဆက်ပြီးရှင်းပြနေစဉ် သက်က …

"ဒါဆို သမီးနဲ့ ကြာဖြူကို ဆရာ တစ်ခုခုတွက်ခိုင်းလေ၊ ဘယ်သူမှန်ပြီး အရင်ပြီးလဲလို့"

သက်က ခပ်သွက်သွက် စိန်ခေါ်လိုက်သေမယ့် ကြာဖြူ အတော့ လန့်သွားသည်။

အခုပြဿနာက ကြာဖြူနဲ့ မသက်ဆိုင် သက်ရဲ့ အရည်အချင်းကိုသာ စစ်ဆေးဆုံးဖြတ်နေခြင်းလို့ ကြာဖြူ ထင်သည်။

"ဟုတ်တယ် ဆရာ၊ ကျွန်မလည်း သူတို့နှစ်ယောက်ရဲ့ အနေအထားကို ကွဲကွဲပြားပြား သိချင်တယ်"

ဆရာက သားအမိနှစ်ယောက်ရဲ့စိတ်အားထက်သန်ကို လိုက်လျှောဖြည့်ဆည်းပေးရန်အတွက် ကြာဖြူဘက်သို့လှည့် …

"ကဲ … ကြာဖြူ ဖြစ်မလား"

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ရာ အကြောင်းမရှိပေမယ့် အကျိုးမဲ့သော ယှဉ်ပြိုင်မှုကို ကြာဖြူ မလိုချင်။

ဒါပေမဲ့ ကြာဖြူမှာ ငြင်းနိုင်သောအင်အားမရှိ။

ကြာဖြူ ခေါင်းညိတ်လိုက်ရတော့သည်။

"ကဲ ... ဒါဆို ဆရာ သင်္ချာပုစ္ဆာတစ်ပုဒ် ရေးပေးမယ်၊ ဖြေကြည့်ကြပေါ့၊ အခုပြိုင်တာ အနိုင်အရှုံးအတွက် မဟုတ်ဘူးနော်၊ တစ်ယောက်စီရဲ့ အားနည်းချက်ကို သိချင်လို့ စစ်ဆေးတာလို့ သဘောထားရမယ်"

ကြာဖြူနဲ့ သက်ကို တစ်ခုံစီ ခွဲထိုင်ခိုင်းလိုက်ပြီး ဆရာက White Board မှာ ပုစ္ဆာတစ်ပုဒ် ရေးလိုက်တာ တွေ့ရသည်။

အန်တီက သက်ရဲ့ခပ်လှမ်းလှမ်းမှာထိုင်ပြီး နှစ်ယောက်လုံးကို စောင့်ကြည့်နေတာ တွေ့ရသည်။

ပုစ္ဆာရေးပြီးသည်နှင့် ဆရာက နှစ်ယောက်စလုံးကို ကြည့်ပြီး ...

"ကဲ ... စတွက်လို့ ရပြီ၊ မှန်လည်း မှန်ရမယ်၊ မြန်လည်း မြန်ရမယ်၊ တစ်ယောက်နဲ့တစ်ယောက် မမေးရဘူး"





နှစ်ယောက်စလုံး ခေါင်းညိတ်ပြီး ပုစ္ဆာကို စဖတ်လိုက်ကြသည်။

ပုစ္ဆာကိုဖတ်အပြီး ကြာဖြူ ပုစ္ဆာကို စမတွက်မီ အန်တီ့ကို လှမ်းကြည့်လိုက်သည်။

မရယ်မပြုံးတည်ကြည်သော မျက်လုံးများက ကြာဖြူကို စူးစူးစေ့စေ့။

ကြာဖြူ့ခေါင်းထဲမှာ သံမှိုလိုစွဲမြဲနေသော စကားတစ်ခွန်းက ကြာဖြူ့လက်တွေကို သတိပေး ဇက်ကိုင်ထားလျက်။

"သက်ကို ဘယ်ကိစ္စမဆို ဦးစားပေးရမယ်"

ကြာဖြူ လက်ချောင်းလေးတွေကို ကြာဖြူ့ဦးနှောက်က သစ္စာဖောက်ရပေတော့မည်။

◆♥◆



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြီးပြီ ဆရာ"

သက်ရဲ့အသံ ကြားလိုက်ရစဉ် ကြာဖြူ သက်မြင်းတစ်ခုကို နိုးချလိုက်ပြီး ပုစ္ဆာအတွက် လက်စကို ရပ်ထားလိုက်သည်။

"ဟဲ့ ... သမီး၊ ကြာဖြူ မပြီးသေးဘူးလေ၊ သေသေချာချာ ပြန်စစ်ကြည့်ပါဦး"

အန်တီရဲ့ စိတ်ပူစွာ လှမ်းသတိပေးသံကို ကြားလိုက်ရသည်။

သက်က ပြန်ပြီး ပုစ္ဆာတွက်ထားတာကို စောကြည့်လိုက်ပြီး ...

"ရပါပြီ ဆရာ၊ သမီး လုံးဝပြီးသွားပြီ"



ဆရာက သက်ရဲ့စကားအဆုံး ကြာဖြူဘက်ကို ကြည့်လိုက်ပြီး ...

"ကြာဖြူရော၊ ပြီးပြီလား"

ကြာဖြူ ဆရာ့ကို စိတ်ထဲက တောင်းပန်လိုက်မိပြီး ...

"ကြာဖြူ မတွက်တတ်ဘူး ဆရာ"

ဆရာရဲ့အံ့သြသွားတဲ့ မျက်နှာကို ကြာဖြူ ဘယ်တော့မှ မေ့လိမ့်မည် မဟုတ်ပေ။

ဆရာ့ရဲ့ယုံကြည်အားကိုးမှုအပေါ် ကြာဖြူ သစ္စာဖောက်လိုက်ရပြီ မဟုတ်လား။

"ဒီပုစ္ဆာ ဆရာ သင်ဖူးပါတယ်၊ ဘာဖြစ်လို့ မတွက်တတ်ရတာလဲ"

ဆရာက ကြာဖြူ့ရှေ့က တွက်လက်စ စာအုပ်ကို လှမ်းကြည့်လိုက်ပြီး ...

"တွက်ထားတာ မှန်နေတာပဲ၊ ဘာဖြစ်လို့ ပြီးအောင်ဆက် မတွက်ရတာလဲ"

ကြာဖြူ ဆရာ့ကို ခေါင်းခါပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သမီး မတွက်တတ်တော့လို့ပါ"

ဆရာက ကြာဖြူ့မျက်လုံးထဲကို အဓိပ္ပာယ်အမျိုးမျိုး
နဲ့ ရှာဖွေဖတ်ရှုနေသလို ခံစားရသည်။

"ကောင်းပြီ၊ သက်နှင်းခန့် တွက်ထားတာကို ပြပါဦး"

သက်ဆီက စာအုပ်ကို ဆရာက တောင်းကြည့်လိုက်ပြီး ...

"သက်နှင်းခန့် ဘာမှားနေလဲ၊ ပြန်ကြည့်ပါဦး"

အန်တီကပါ ဆရာ့နားရောက်လာပြီး သက်အမှား
ကို ဝိုင်းရှာနေတာ တွေ့ရသည်။

သက်က ပြူးပြူးပျာပျာနဲ့ ပုစ္ဆာတွက်ထားတာ
ပြန်ကြည့်နေပြီး ...

"မတွေ့ပါဘူး ဆရာ၊ ဘာမှားလို့လဲ"

ဆရာက သက်ရဲ့ခေါင်းကို ဖွဖွလေးပုတ်လိုက်ပြီး

"ဒီမှာလေ သက်နှင်းခန့်၊ မြှောက်ထားတာ မှားနေတယ်"

သက်က ဒီတော့မှ ထုံးစံအတိုင်း ဘောပင်လေး
ကိုက်၍ ရယ်ကျဲကျဲ လုပ်နေပြီး ...



"အဟဲ ... နည်းနည်းလေး မှားသွားတာပါ"

အန်တီက သက်ကို အားမလို အားမရ ကြည့်နေတာ
တွေ့ရပြီး ဆရာကတော့ သက်အမှားကို စိတ်ရှည်လက်ရှည်ရှင်း
နေသည်။

"ဒါပေမဲ့ ပုစ္ဆာရဲ့ ဒုတိယအဆင့်မှာ မှားတာဖြစ်တဲ့အတွက်
နောက်အဆင့်တွေပါ တောက်လျှောက်လိုက်မှားသွားပြီလေ၊
စာမေးပွဲမှာဆို သက် အမှတ်ရတော့မှာ မဟုတ်ဘူး"

သက်က ငြိမ်ပြီး နားထောင်နေသည်။

အားလုံး ပြီးသွားတော့မှ ပြိုင်ပွဲရဲ့အဆုံးအဖြတ်ကို
ကျေနပ်နပ်ကြီး အန်တီက ဆုံးဖြတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် သက်က ပုစ္ဆာကို နားလည်ပြီး နောက်ဆုံး
အဆင့်အထိ တွက်နိုင်တယ်ဆိုတော့ သက် နိုင်သွားတာ
ပေါ့၊ ဟုတ်လား ဆရာ"

ဆရာက ကြာဖြူ့ကိုကြည့်ပြီး မျက်နှာမကောင်း။

အန်တီ ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်တာတော့
တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဆရာပြန်ခါနီး ဆရာ့ကို ခြံရှေ့အထိ လိုက်ပို့စဉ် ဆရာက ကြာဖြူ့ပခုံးကို ခပ်ဖွဖွပုတ်ပြီး ...

"ကြာဖြူ တစ်ခါတလေ လူ့ဘဝဟာ သင်္ချာပုစ္ဆာထက် အဖြေရှာရခက်တတ်တယ်၊ ဒါပေမဲ့ ကြာဖြူကတော့ ကြာဖြူ ဘဝရဲ့အဖြေကို သင်္ချာပုစ္ဆာ ဖြေရှင်းသလို ဖြေရှင်းနိုင်တဲ့ အတွက် ဆရာ ဂုဏ်ယူပါတယ်၊ ဒီနေ့ ကြာဖြူ မရှုံးဘူး သိလား"

ကြာဖြူ ဆရာ့ကိုကြည့်ပြီး ဝမ်းနည်းလာသည်။

ဒါပေမဲ့ ကြာဖြူ့လုပ်ရပ်အတွက် ကျေနပ်နေတာ ကြာဖြူ ကြာရှည်ဝမ်းမနည်း။

♦♥♦





ရှစ်တန်းအောင်စာရင်း ထွက်သောအခါ သက်က ဘာသာစုံဂုဏ်ထူးထွက်ပြီး ကြာဖြူကတော့ သုံးဘာသာဂုဏ်ထူးသာ ထွက်ခဲ့သည်။

ကြာဖြူ အနှစ်သက်ဆုံးဘာသာဖြစ်သော မြန်မာစာ၊ သင်္ချာနှင့် သမိုင်းတို့ ဂုဏ်ထူးမထွက်။

အန်တီက သက် ဘာသာစုံဂုဏ်ထူးထွက်၍ ပျော်နေချိန်တွင် လေးလေးက ကြာဖြူ့ကို ပခုံးဖက်ပြီး ...

"ကြာဖြူက တော်တော် တော်တာပဲ၊ လေးလေး ဘာဆုချပေးရမလဲ"

ကြာဖြူ ဘာမှမပြောဘဲ ခေါင်းငုံ့နေစဉ် သက်က လေးလေးဆီ ပြေးလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ သက်ကိုလည်း ဆုချရမယ်နော်၊ သက်ကို ဘာဝယ် ပေးမလဲ ... ပြော"

လေးလေးက သက်ကိုတစ်ဖက်၊ ကြာဖြူကိုတစ်ဖက် သိုင်းဖက်လိုက်ပြီး ...

"အေးပါ ... စိတ်ချ၊ ဖေဖေ နှစ်ယောက်စလုံးကို ဆုချမယ် ဟုတ်လား"

ကြာဖြူလည်း ပျော်ပါသည်။ ဒါပေမဲ့ အပြည့်အဝ မပျော်။ တစ်ပုဒ်စီ လျှော့ဖြေလာခဲ့ရသည့် ဂုဏ်ထူးမထွက်သည့် ဘာသာရပ်သုံးခုအတွက် ကြာဖြူ လိပ်ပြာမလုံ။

ဒါပေမဲ့ သက်နဲ့ အန်တီရဲ့ အပျော်မျက်နှာကို မြင်ခွင့်ရသည့်အတွက်တော့ ကြာဖြူ အနစ်နာခံရကျိုး နပ်ပါသည်။

လေးလေးက နှစ်ယောက်စလုံးအတွက် ရွှေဆွဲကြိုး လေးနှစ်ကုံး ဝယ်လာပေးပြီး ဆုချစဉ် အန်တီက ...

"ကိုမောင်ကလည်း ဘာဖြစ်လို့ ဆင်တူဝယ်လာရတာလဲ၊ သက်နဲ့ ကြာဖြူကို တစ်တန်းတည်း မသတ်မှတ်ရပါဘူး ဆို"





အန်တီ ဒီစကားကို မကြာခဏ ကြားနေရသလို ကြားရတိုင်းလည်း ကြာဖြူ ဝမ်းနည်းမိစမြဲ။

ဒီကိစ္စကလွဲလျှင် အန်တီက ကြာဖြူ့အပေါ် ကောင်းသူဖြစ်၍ ကြာဖြူ အပြစ်မမြင်ပါ။

သမီးရင်းနဲ့ ကြာဖြူကို တစ်တန်းတည်း မမှတ်ထားနိုင်သူအဖြစ် ကြာဖြူ နားလည်ပေးမိသည်။

"ငြိမ်းကလည်းကွာ၊ နေရာတကာ ဒီစိတ်မျိုး မထားစမ်းပါနဲ့၊ ကလေးနှစ်ယောက်စလုံး အတူတူ ကြိုးစားခဲ့ကြတာ ငြိမ်းလည်း သိသားနဲ့"

အန်တီက သက်အတွက် ကျေနပ်ပုံ မရသော်လည်း ပျော်နေတဲ့စိတ်အခံလေး ရှိနေ၍ထင် ထပ်ပြီးမပြောတော့ဘဲ ဆွဲကြိုးလေးတွေကို ထုတ်ကြည့်နေသည်။

"တစ်ကုံးကို ငါးမူးသားစီရှိတယ်၊ မပျောက်စေနဲ့နော်၊ ဒီ ပစ္စည်းလေးက သမီးတို့နှစ်ယောက်ရဲ့ အရည်အချင်းအတွက် ဂုဏ်ပြုခံရတဲ့ပစ္စည်းဖြစ်လို့ ပိုပြီးတန်ဖိုးထား စောင့်ရှောက်ရမယ်၊ ဒီပစ္စည်းလေးကို ဆွဲထားတိုင်း ကြိုးစားနေရမယ်ဆို တဲ့ အသိစိတ်လေးကိုပါ နှလုံးသွင်းထားရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူရော သက်ပါ ခေါင်းညိတ်ပြလိုက်သည်။

အန်တီက သက်ရဲ့လည်ပင်းမှာ ဆွဲပေးပြီး လေးလေးက ကြာဖြူ့လည်ပင်းမှာ ဆွဲပေးသည်။

ဆွဲကြိုးဝင်းဝင်းလေးက နှစ်ယောက်စလုံးရဲ့ လည်တိုင်ဖြူဖြူလေးနဲ့ လိုက်ဖက်စွာ ...။

ကြာဖြူ မေမေ့ကို သတိရနေမိသည်။

♦♥♦



မေမေ့သူငယ်ချင်း အန်တီခင်မွန့်ဆီကို လေးလေးက မကြာခဏဆိုသလို ခေါ်သွားတတ်၍ အန်တီခင်မွန့်အပေါ် ကြာဖြူ ခင်တွယ်လှသည်။

ဒီကမ္ဘာပေါ်မှာ မေမေ့အကြောင်း ပြောပြနိုင်သည့် အတွက် အန်တီခင်မွန်ဆီ ရောက်ရင် မေမေနဲ့ပတ်သက်တာတွေ ကြားရသဖြင့် မေမေ့အပေါ်လွမ်းသည့် အလွမ်းလည်း ပြေလျော့ တတ်သည်။

ကြာဖြူ ရှစ်တန်းအောင်သည့်အတွက် အန်တီခင်မွန် က ကြာဖြူ့အတွက် ကျောင်းစိမ်းဝတ်စုံတစ်စုံနှင့် ခေါင်းစည်းလှလှ လေးတစ်ခု လက်ဆောင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ့ဆံပင်တွေက ညိုလိုပဲ သိပ်သန်တာ၊ ကြာဖြူက ညိုနဲ့ ရုပ်တင်မကဘူး၊ ဆံပင်တွေကအစ ချွတ်စွတ်တူတဲ့ ကလေးပဲနော် မောင်မောင်"

လေးလေးက ပြုံးပြီးခေါင်းညိတ်ပြသည်။

"အန်တီခင်မွန့်မှာ မေမေ ငယ်ငယ်က ဓာတ်ပုံမရှိဘူး လား"

ကြာဖြူ့စကားကြောင့် အန်တီခင်မွန်က သတိရသွားဟန်ဖြင့် ...

"ဟာ ... ဟုတ်သားပဲ၊ ငါတို့ ဆယ်တန်းအောင်တဲ့နေ့က စရိုက်ထားတဲ့ဓာတ်ပုံ ရှိတာပဲ၊ မောင်မောင် ... နင့်မှာရော ရှိသေးလား"

လေးလေးက ခေါင်းခါပြီး ...

"မရှိတော့ဘူး၊ မေမေ သိမ်းတဲ့အထဲ ပါသွားတယ်ထင် တယ်"

အန်တီခင်မွန်က ထိုင်ညှိခံနေရာက ထသွားသည်။ ခဏအကြာ အန်တီခင်မွန့်လက်ထဲ ဓာတ်ပုံတစ်ပုံ ပါလာသည်။



"ဒီမှာ ... သမီးအမေနဲ့ အန်တီတို့ တွဲရိုက်ထားတဲ့ပုံ၊ ကဲ ... ကြည့်၊ သမီးနဲ့ မတူဘူးလား"

ကြာဖြူ တစ်ခါမှ မမြင်ဘူးသော ဓာတ်ပုံလေးထဲတွင် မေမေက အလယ်မှာ၊ အန်တီခင်မွန်နဲ့ လေးလေးက မေမေ့ရဲ့ဘေးတစ်ဖက်စီမှာ ရပ်လျက် သုံးယောက်လုံး ပြုံးပျော်နေကြသည်။

"မေမေက ပိုချောတာပေါ့ အန်တီခင်မွန်"

အန်တီခင်မွန်က ကြာဖြူ့ပါးကို ချစ်စနိုးလိမ်ဆွဲပြီး ...

"ညို့အလှက အေးအေးလေးနဲ့ တစ်ဘက်လူဆီ ကူးစက်သွားတတ်တဲ့ အလှမျိုး ကြာဖြူရဲ့၊ ကြာဖြူက ညို့ထက်ပိုပြီး မာန်ပါတယ် ထင်တယ်၊ ကြာဖြူ့ မျက်လုံးက ပိုနက်ပြီး ဝိုင်းတယ်၊ ညို့မျက်လုံးတွေကျတော့ ညိုမျှောမျှောနဲ့ ဝမ်းနည်းအားငယ်နေတတ်တဲ့ မျက်လုံးမျိုး၊ ဟုတ်တယ် မဟုတ်လား မောင်မောင်"

လေးလေးက အန်တီခင်မွန့်ဆီ ရောက်တိုင်း စကားနည်းနေတတ်သဖြင့် အန်တီခင်မွန်က စကားဝိုင်းထဲ ဆွဲခေါ်နေတတ်တာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြာဖြူ့ကို ညို့လိုမျိုး အမြဲတမ်း အားငယ်နေ တတ်တာမျိုးတော့ မဖြစ်စေချင်ဘူးဟာ"

ကြာဖြူ့ကို အားမငယ်စေရန် လေးလေးက အမြဲ တမ်း အားပေးနေတတ်တာတော့ ကြာဖြူ ကောင်းကောင်းခံစား၍ ရသည်။

"ဒါပေမဲ့ ညိုက သဘ္ဘာရှိပါတယ်၊ ကြာဖြူ့ကို မရရအောင် မွေးခဲ့တာ ကြည့်ပါလား"

အန်တီခင်မွန်က ကြာဖြူ့ကျောကိုပွတ်ပြီး အေးအေး လေး ပြောသည်။

"သမီး ... ကြာဖြူ၊ စာကြိုးစားရမယ်နော်၊ ညိုလည်း ငယ် ငယ်က စာသိပ်တော်တာ"

ဒါပေမဲ့ မေမေက သူ့ပညာရေးနဲ့ ပတ်သက်ပြီး ကြာဖြူ့ကို ဘာမှမပြောပြခဲ့။ ကြာဖြူ နားမလည်တဲ့စာတွေကို ရှင်းပြတတ်တဲ့ မေမေ့ကို စာတော်ခဲ့မှာပဲဟု ကလေးအတွေးနဲ့တွေး ခဲ့မိသေးသည်။



"သမီးမေမေနဲ့ ကြိုက်နေတာကို ညို့ရဲ့ကျေးဇူးရှင်တွေ ညို့ ကို ကျောင်းထားပေးတဲ့သူတွေက သိပြီး ဒေါသဖြစ်လို့ ကျောင်းထုတ်ခဲ့ကြတာ"

ကြာဖြူ မမြင်ဘူးခဲ့ရတဲ့ မေမေ့အတွက် ရင်ထဲမှာ ...မ်းလွမ်းဆွေးဆွေး ဖြစ်သွားသည်။

"ကဲပါ ခင်မွန်ရယ်၊ ကလေးကို အတိတ်က ဝမ်းနည်းစရာ တွေ သိပ်မပြောပါနဲ့"

လေးလေးက ဝင်တားလိုက်သဖြင့် အန်တီခင်မွန် ...အက်မပြောတော့ဘဲ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒါနဲ့ စကားမစပ်၊ ကြာဖြူ့ကို မောင်မောင့်မိဘတွေ တွေ့ပြီးသွားပြီလား၊ ကြာဖြူက ညိုနဲ့သိပ်တူတော့ မြင်တာ နဲ့ သိမယ်ထင်တယ်"

"ဖေဖေကတော့ မျက်လုံးမကောင်းတော့ သိပ်မသိဘူး။ မေမေကတော့ ငါ့ကို မေးသေးတယ်"

လေးလေးအဖေနဲ့ အမေ လာလည်စဉ်က ကြာဖြူ့ ...ကြည့်တဲ့ ဘွားဘွားကြီး မျက်လုံးတွေကို ကြာဖြူ ကောင်းကောင်း ...တ်မိနေသည်။

www.burmeseclassic.com



"အဲဒီတော့ ..."

လေးလေး သက်ပြင်းချလိုက်သည်ကို တွေ့ရပြီး

"ညှို့သမီးလို့ ဖြေလိုက်တယ်"

အန်တီခင်မွန်ရော လေးလေးပါ ထူးခြားစွာ ...ဆိတ်သွားကြသည်။ အတန်ကြာမှ လေးလေးက ...

"မေမေက ဘာမှထပ်မမေးခဲ့ဘူး ခင်မွန်"

အန်တီခင်မွန်ရဲ့ ကြာဖြူကို ဖက်ထားတဲ့ လက်...က တင်းကျပ်နေသည်။

♦♥♦



ကိုးတန်းကစပြီး သက်နဲ့ ကြာဖြူ အခန်းကွဲသွား...သည်။

သက်က ဘာသာစုံ ဂုဏ်ထူးသမားတွေထားရာ ...အခန်းမှာ နေရပြီး ကြာဖြူကတော့ ဘီခန်းရောက်သွားသည်။

ဖြူဖြူသွယ်သွယ်လေးနဲ့ စူးရဲတောက်ပသောအလှ...ည့် အရွယ်နဲ့မလိုက်အောင် သက်ဆီမှာ စုပုံနေသည်။

ဘာမှမလိမ်းခြယ်ဘဲနဲ့ သာမန်အဖြူအစိမ်းဝတ်စုံ...သားနှင့်ပင် သက်အလှက တင်းခနဲ။

ကြာဖြူကတော့ မျက်ခုံး မျက်လုံး ကောင်းကောင်း...နဲ့ ကျစ်လစ်သော ကိုယ်ဟန်ရှိသူသာဖြစ်၍ သက်လိုမထင်ပေါ်။

အခန်းမတူသော်လည်း သက်သတင်းတွေကို ကြာဖြူ ...မြီကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကြီးတွေပေးသော ရည်းစားစာတွေကို သက်က ပျော်စရာတစ်ခုလို့ သဘောထားပြီး လက်ခံတတ်တဲ့အကြောင်း၊ သက်ရဲ့မပြတ်သားမှုကြောင့် ကျောင်းသားတချို့ အမြင်မှာရိုန်းပြီး ရန်ဖြစ်တတ်တဲ့အကြောင်း။

သက်က ကြာဖြူကို ဒီအကြောင်းတွေ ပြောပြတတ်သလို အိမ်ကို ပြန်မပြောရန်လည်း တောင်းဆိုထားသည်။

"ရယ်ရတယ်ဟ သိလား ကြာဖြူ၊ သူတို့ ရည်းစားစာတွေကို ယုံယုံကြည်ကြည် ဒီလက်ကြေးချထားနဲ့ ဖတ်ရတာ ရယ်စရာကောင်းလို့ ငါ လက်ခံတာပါဟာ၊ နင် မယုံရင် ညကျ ငါ့အခန်းထဲ လာဖတ်ကြည့်လေ၊ ငါ ရည်းစားစာတွေ စုထားတယ်"

ကြာဖြူ သက်ကို အံ့သြစွာ ငေးပြီး ...

"မဖတ်ချင်ပါဘူးဟာ၊ နင် ဘာဖြစ်လို့ အဲဒီစာတွေ သိမ်းထားရတာလဲ၊ မတော်လို့ အန်တီ တွေ့သွားရင် အရေးရှုပ်မှာနော်"

သက်က ပခုံးလေးတွန့်ပြပြီး ...





"ငါ လုံလုံခြုံခြုံ သိမ်းထားတာပါဟာ၊ သူတို့စာကိုလက်ခံတာ သူတို့အချစ်ကို လက်ခံတာမှ မဟုတ်တာ၊ အပြစ်ကြီးကြီး ကျူးလွန်တာ မဟုတ်ဘဲနဲ့ နင်ကလည်း ကြောက်နေလိုက်တာ"

ကြာဖြူကတော့ ကြောက်သည်။

သို့ရက်နဲ့ ဖုံးထားရတဲ့အတွက် ပိုတောင်ကြောက်သည်။

"ဒါနဲ့ နင့်ကို ဆယ်တန်းအောက ကျောင်းသားတစ်ယောက် ရည်းစားစာပေးတာ အတန်းပိုင်ကို တိုင်လိုက်တယ်ဆို"

ကြာဖြူ ဒီကိစ္စကို ဘယ်သူမှ မပြောဘဲနဲ့ သက်ယ်လိုလုပ် သိနေပါလိမ့်ဟု တွေးနေမိဆဲမှာပင် ...

"အဲဒီကျောင်းသားက ပြောနေတယ်တဲ့၊ သူများအိမ်မှာ ကပ်နေတဲ့သူက လူပါးဝနေတယ်လို့ ပြောတယ်၊ ငါမနက်ဖြန် အဲဒီကျောင်းသားဆီ သွားရှင်းမယ်၊ ကြာဖြူက ငါတို့အိမ်မှာ ကပ်နေတဲ့သူ မဟုတ်ဘူး၊ ငါနဲ့ ညီအစ်မတွေလို့ ပြောမယ်၊ ဒီကောင် လူပါးဝပြီး လျှောက်ပြောတာတော့ ငြိမ်ခံမနေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ့အတွက် ဒီလိုအပြောမျိုးတွေကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ကြားဖူးနေကျပင်။

ကြားရလွန်း၍ ထုံသွားသည်ဟူ၍မရှိ။

ကြားတိုင်း ဒေါသတွေက ဝမ်းနည်းခြင်းအဖြစ်ကို ပြောင်း၍ နာကျင်ခံစားရစမြဲ။

"မရှင်းပါနဲ့ သက်ရာ၊ သူပြောတာ မှန်နေတာပဲ၊ နင်သွားရှင်းရင် နင့်ကိုပါ ပြဿနာရှာနေဦးမယ်"

ကြာဖြူ သက်ကို သွားမရှင်းရန် တောင်းပန်လိုက်ပေမယ့် သက်က ကျေနပ်ပုံမပေါ်။

"ငါ နင့်ကို သူငယ်ချင်းလို့ရော၊ အစ်မလို့ရော ချစ်တယ်၊ ငါ့ဒဏ်ကို အမြဲသည်းညည်းခံပေးတဲ့ နင့်ကို လူတွေဒီလို ပြောတာ ငါမကြိုက်ဘူး၊ နင်လည်း နောက်တစ်ခါ ငြိမ်ခံမနေနဲ့ ကြာဖြူ"

ရန်ဖြစ်ရင် ကျောင်းထုတ်ခံရမယ်၊ အန်တီနဲ့လေးလေး ပြောဖူးတာကို သတိရလိုက်မိသလို မထီတရီ ကြည့်တတ်တဲ့အကြည့်တချို့ကိုလည်း သတိရလိုက်သည်။





"သည်းခံရမယ် သမီး၊ ကိုယ်လိုချင်တဲ့နေရာကို မရောက်သရွေ့ ပေါ်လာတဲ့ အခက်အခဲ၊ အတိုက်အခိုက်တွေကို သည်းခံရမယ်"

အန်တီခင်မွန် ပြောဖူးတဲ့ စကားတွေက တစ်ခုခု လုပ်တော့ပြန်လိုတိုင်း ပြန်ကြားယောင်မိစမြဲ။

"အေးပါဟာ၊ နင် ငါ့အတွက်နဲ့တော့ ရန်မဖြစ်ပါနဲ့၊ အန်တီနဲ့ လေးလေး သိရင် ငါ့ကို ဆူလိမ့်မယ်၊ ပြီးတော့ နင်လည်း ကျောင်းသားတွေပေးတဲ့ ရည်းစားစာတွေ လက်မခံပါနဲ့ဟာ၊ လူပြောသိပ်များရင် မကောင်းဘူး"

သက်က ဂရုမစိုက်ပေါင်ဆိုတဲ့ ထီမထင်မျက်နှာလေးနဲ့ ကြာဖြူ့ကို ခပ်ပြုံးပြုံး ကြည့်နေသည်။

သက် မစိုးရိမ်သော်လည်း ကြာဖြူ စိုးရိမ်ခဲ့သလို ဒီကိစ္စကြီးကို အန်တီ သိသွားသည်။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံး Breakfast စားသည့် အချိန်အထိ ဘာပြဿနာမှ မရှိသေး။

မရှိသေးတာ မဟုတ်၊ ပြဿနာကို မကြေညာသေးတာဖြစ်သည်။

သက် ပန်းကန်ထဲ ကော်ဖီငှဲ့ပေးစဉ် သက်က ကြာဖြူကို တစ်ခုခုပြောရန် ကြိုးစားနေသည်ကို တွေ့လိုက်သည်။

ဘာလဲ ... ဆိုသည့် အဓိပ္ပာယ်နှင့် မေးဆတ်ပြစဉ် သက်က မျောဖော့အားနာစွာ ပြုံးပြပြီး ဘာမှမပြောတော့။

လေးလေးကတော့ အားကစားဂျာနယ်တစ်စောင် ဖတ်ရင်း ကော်ဖီကို ခပ်မှုဉ်းမှုဉ်း ဆွဲသောက်နေသည်။

အားလုံး စားပြီးလောက်ချိန်မှ အန်တီက စားပွဲကို လက်ဝါးဖြင့်ရိုက်ပြီး ...





"ကိုမောင် ... ငြိမ်း ပြောစရာရှိတယ်"

လေးလေးက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ပြပြီး ...

"ပြောလေ၊ ဘာဖြစ်လို့လဲ ငြိမ်း"

အန်တီက နှုတ်ခမ်းရွဲ့ပြီး ပြုံးလိုက်တာ တွေ့ရသည်။

ပြုံးနေစဉ် ကြာဖြူကို လှမ်းကြည့်လိုက်တာမို့ ကြာဖြူ ရင်ထိတ်သွားသည်။

"ကြာဖြူ ... ဒါ ... ဘာလဲ"

အန်တီ့လက်ထဲမှာ ပန်းနုရောင်စာအိတ်လေးကိုတွေ့ ရပြီး ထိုစာအိတ်လေးသည် ကြာဖြူ တစ်ခါမှ မမြင်ဘူးသောစာ အိတ်လေး ဖြစ်သည်။

"သမီး မသိဘူး အန်တီ"

သက်က ကြာဖြူကို အဓိပ္ပာယ်တချို့ပါသော မျက်လုံးများဖြင့် ကြည့်နေတာ တွေ့ရသည်။

"ကြာဖြူ့ကိုပေးတဲ့ ရည်းစားစာဆို"

ကြာဖြူ သက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ကြာဖြူ စာ ဆိုပေမယ့် ကြာဖြူ မသိပါ ဘူးဆို၊ ကြာဖြူ ခုံပေါ်မှာတွေ့လို့ သမီး ဖတ်ချင်တာနဲ့ ယူလာတာ၊ ကြာဖြူတောင် မသိသေးပါဘူးဆို"

သက်က လီမွှာပါးနပ်စွာ ကြာဖြူကို ဆွဲထုတ်လိုက် သလို သက်ကိုယ်တိုင်လည်း ရုန်းထွက်နေတာ တွေ့ရသည်။

"ဟုတ်လား ... ကြာဖြူ"

လေးလေးကပါ အသံမာမာနဲ့ လှမ်းမေးသဖြင့် ကြာဖြူ ကြောက်လည်းကြောက်၊ ဝမ်းလည်းဝမ်းနည်းလာသည်

"ကြာ ... ကြာဖြူ တကယ်မသိတာပါ လေးလေး"

ကြာဖြူ့အသံက တုန်ယင်စွာ ...

သက်က ပျာပျာသလဲပင် ...

"ဟုတ်ပါတယ် ဖေဖေရဲ့၊ ကြာဖြူ့ကို ဘယ်သူပေးသွား မှန်းတောင် မသိပါဘူး၊ ကြာဖြူထိုင်တဲ့ ခုံပေါ်မှာတွေ့ လို့ သမီး ယူလာတာပါဆို"

သက်က ကြာဖြူ့ဘက်က ကာကွယ်ပေးနေပေမ ပြသံမှာကို ကြာဖြူ့ဘက် တွန်းပို့ထားနှင့်ပြီဖြစ်သည်။



"ဒါပေမဲ့ ဒီအရွယ်နဲ့ ဒီလို ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေ အန်တီ မကြိုက်ဘူး ကြာဖြူ"

သက်ရဲ့စာကို အန်တီ ဘယ်လိုရှာတွေ့သွားပြီး သက် ဘယ်လို စီစဉ်လိုက်သည်မသိ။

ကြာဖြူက ဘုမသိ ဘမသိ အဆူခံနေရသည်။

"ပြီးတော့ သက်၊ ဘယ်သူ့စာပဲဖြစ်ဖြစ် သမီး ဖတ်စရာ မလိုဘူး၊ ကြာဖြူကလည်း စာပေးခံရလောက်အောင် ဘာတွေဖြစ်နေတာလဲ"

သက်ကိုဆူရင်း ကြာဖြူ့ကိုပါ လှည့်ကြိမ်းလာပြန် သည်။

"ငြိမ်းကလည်းကွာ၊ ကလေးက မသိပါဘူးဆို ဘယ်တတ် နိုင်ပါ့မလဲ၊ သူတို့တွေလည်း အရွယ်ရောက်လာကြပြီဆို တော့ ဒီလိုကိစ္စတွေ ရှိလာတော့မပေါ့၊ ကိုမောင်တို့က လိုက်ပြီး ကြပ်မတ်ပေးနေရင် ပြီးတာပဲ"

လေးလေးက ကြာဖြူ့ကို ယုံကြည်စွာနဲ့ အန်တီကို ဖျောင်းဖျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စာပေးတယ်ဆိုတာ စာပေးရဲလောက်အောင် စာပေး[illegible]
လောက်အောင်နေလို့ ပေးတာပေါ့ ကိုမောင်ရဲ့၊ သက်[illegible]
ကြည့်ပါလား၊ ကြာဖြူနဲ့ သက်နဲ့ဆို ဘယ်သူပိုလှ[illegible]
ဒါပေမဲ့ သက်ကို ပေးရဲကြလား"

ကြာဖြူ အပေါ်ထားသည့် အမြင်က ကျဉ်းမြော[illegible]
လွန်းစွာ။

ကြာဖြူ ဗိုဝမ်းနည်းလာသည်။

"ကြာဖြူက ကျောင်းမှာ ခပ်အေးအေးပဲနေတာပါ မေ[illegible]
ကျောင်းသားကြီးတွေက အဲဒီလိုပဲ လျှောက်စနေကြတာ[illegible]
ကြာဖြူကို မဆူပါနဲ့တော့ မေမေရယ်၊ သက်လည်း နော[illegible]
တစ်ခါ မစပ်စုတော့ပါဘူး"

သက်က ပြဿနာကို ဧ့လာသူမို့ အဆုံးသတ်[illegible]
ကြိုးစားနေသည်။

"ပြောထားတယ်နော်၊ နောက်ထပ်လေး ဘာသိညာသိ[illegible]
ရင်တော့ ကျောင်းအထုတ်ပဲ"

အန်တီက စာအိတ်လေးကို တစ်စစီဖြစ်အောင်[illegible]
ဖြဲလိုက်ပြီး ထွက်သွားသည်။



လေးလေးက မုန့်ဆက်မစားဘဲ ဝမ်းနည်းနေတဲ့
ကြာဖြူကိုကြည့်ပြီး ...

"သမီး အန်တီက သမီးတို့အပေါ် တန်ဖိုးထားပြီး ပြောတာ
ကို စိတ်မဆိုးရဘူးနော်၊ ချစ်လို့ပြောတာပဲ၊ မချစ်ရင်ဘယ်
ပြောပါ့မလဲ၊ ဟုတ်လား၊ ပြဿနာမလေး သက်၊ သမီး
လည်း ကြာဖြူကို ပြဿနာဖြစ်အောင် မလုပ်ပါနဲ့ကွယ်"

လေးလေးက အေးအေးဆေးဆေး ဖျောင်းဖျပြီး
[illegible]နေသည်။

လေးလေး ထသွားတော့မှ သက်က အေးစက်နေတဲ့
ကြာဖြူ လက်တွေကို ဆုပ်ကိုင်ပြီး ...

"ငါ့ကို ခွင့်လွှတ်ပါ ကြာဖြူရယ်၊ ဒီလိုမှ မပြောရင် မေမေ
က ငါ့ကို တစ်ခုခု အပြစ်ပေးမှာ သေချာတယ်၊ ဒါကြောင့်
ငါ လိမ်ပြောလိုက်[illegible]ပါ၊ ငါ့ကို စိတ်ဆိုးလားဟင်
ကြာဖြူ"

သက်က ကြာဖြူကို စိတ်မကောင်းစွာဖြင့် လေးလေး
[illegible] တောင်းပန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါဘူးဟာ၊ ငါ့ကို စိတ်မဆိုးစေချင်ရင်
နောက်ထပ်စာတွေကို လက်မခံပါနဲ့တော့ သက်ရှယ်
နော်"

သက်က ကြာဖြူ စိတ်မဆိုးဘူးဆို၍ ဝမ်းသာ
မိရသည်။

အားတက်သရော အသံဖြင့် ...

"အေးပါ၊ ဒါလည်း မမေ ဒီတစ်ခေါက်မိသွားတာနဲ့
တော်တော်ကြောက်သွားပြီ၊ နောက် မလုပ်ရဲတော့ပါ
ဘူ"

ဘာပဲဖြစ်ဖြစ် သက်အတွက် ကောင်းသွားတ
ကြာဖြူ ဝမ်းနည်းရကျိုး နပ်သွားသည်ဟုပဲ ခြေတွေးလိုက်မိသ

◆♥◆



ဆယ်တန်းစာမေးပွဲ ဖြေခါနီးအချိန်တွင် လေးလေးက
...ဘိစင်မှုန့်ဆီ ခေါ်သွားပြန်သည်။

အန်တီစင်မှုန့်ဆီ မကြာခဏ ဗိုလ်ပေးနေကျဖြစ်၍
...အထူးအဆန်းသော်လည်း ဒီတစ်ခါတော့ လေးလေးက ထူးဆန်း
ကြာဖြူကို စကားပြောချင်၍ ခေါ်လာခြင်းဖြစ်ကြောင်းပြော
...ည်။

"ကြာဖြူ အခုဖြေမယ့် စာမေးပွဲကို ဘာကိုမှ မငဲ့ကွက်ဘဲ
အစွမ်းကုန် ကြိုးစားပြီး ဖြေစေချင်တယ်"

လေးလေးက တစ်ခုခု သိထားသည့်နှယ် ပြောလာ
ကြာဖြူ အံ့သြနေစဉ် ...

"ကြာဖြူ သက်ကိုငဲ့ပြီး စာမေးပွဲတွေမှာ လျှော့လျှော့ဖြေ
နေတာ လေးလေး သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ လေးလေး စကားတွေကြောင့် ဆက်အံ့ဩနေဆဲ ...

"ကြာဖြူ့ဆရာနဲ့ လေးလေး တွေ့ပြီးသွားပြီ၊ ကြာဖြူ့ အရည်အချင်းတွေကိုလည်း လေးလေး ရိပ်မိပါတယ်၊ ကြာဖြူနဲ့သက်ဟာ မြိုင်တက်တွေမဟုတ်တဲ့အတွက် ကြာဖြူ အလျှော့ပေးစရာ မလိုဘူး၊ သက်ကလည်း အစွမ်းကုန် ကြိုးစား ချွေသလို ကြာဖြူ့ကိုလည်း ကြိုးစားစေချင်တယ်"

လေးလေး စကားကို အန်တီခင်မွန်က ခေါင်းညိတ်ထောက်ခံပေးရင်း ...

"ဟုတ်တယ် ကြာဖြူ၊ ကြာဖြူ့ဘဝကို တယ်သူ့အတွက်ကြောင့်နဲ့မှ နောင့်နှေး နောက်ကျတာမျိုး ဦးလည်း လိုချင်မှာ မဟုတ်ဘူး"

ကြာဖြူ့ကို အမြဲတမ်း သွက်လက်ထော်မြူးကြစေချင်သည့် မမေကို ကြာဖြူ မမေ့ပါ။



"သက်က လေးလေး သမီးပဲ၊ လေးလေး သက်ကိုချစ်တာပေါ့၊ သက်ကို ချစ်သလို ကြာဖြူ့ကိုလည်း လေးလေး ချစ်တယ်။ ကြာဖြူနဲ့ သက် ဘယ်သူပဲ ပိုတော် ပိုတော် လေးလေး ကျေနပ်တယ်၊ အဲ ... ဘယ်သူမှ အကျိုးမရှိဘဲနဲ့ ကြာဖြူ သက်ကို အလျှော့ပေးနေတာ သက်သိရင်လည်း ကြိုက်မှာမဟုတ်ဘူး"

ဒါပေမဲ့ အန်တီကတော့ ကြိုက်မှာပါ။

သက် တစ်ခုခု အောင်မြင်တိုင်း ကျေနပ်နေတတ်အန်တီ့ကို ကြာဖြူ ဆက်ပြီးကျေနပ်နေစေချင်သည်။

"ဦး အန်တီခင်မွန်နဲ့ တွေ့တဲ့အချိန်တုန်းက ဦး ဘာပြောခဲ့တယ်မှတ်မိလဲ၊ သိလား ကြာဖြူ"

ကြာဖြူ အန်တီခင်မွန့်ကို ခေါင်းခါပြလိုက်သည်။

"ဦးက ကြာဖြူ့ကို ဆရာဝန်မကြီး ဖြစ်စေချင်တယ်တဲ့"

ကြာဖြူ မေမေ ဖြစ်စေချင်တာကို ကောင်းကောင်း သိနေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ဆရာဝန်မကြီးဖြစ်ပြီး မေမေ့ကို ဆေးကုပေးတာကို စံချင်လိုက်တာ"

မေမေ နေမကောင်းဖြစ်ခါစက ကြာဖြူကို ပြောခဲ့တဲ့စကားတွေကို ပြန်ကြားယောင်လာသည်။

"ဒါကြောင့် ကြာဖြူ ကြိုးစားပါ၊ ဒီအချိန်ဟာ ဘဝအတွက် အရေးကြီးတဲ့ ပန်းတိုင်တစ်ခုကိုသွားဖို့ ဆုံးဖြတ်ပေးရမယ့် အချိန်ပဲ ကြာဖြူ၊ ဒါကြောင့် ကြာဖြူဘာကိုမှ မစဉ်းစားဘဲ ညာဏ်စွမ်းရှိသလောက် ကြိုးစားဖြေရမယ်၊ လေးလေးတောင် ဆိုနေလို့မှ မရရင် လေးလေး အမိန့်ပေးလိုက်ရလိမ့်မယ် ကြာဖြူ"

လေးလေးကို လေးစားယုံကြည် ချစ်ခင်ရသူမို့ ကြာဖြူ မငြင်းရက်ပါ။

"ငြိမ်းကလည်း ကြာဖြူ ကြိုးစားတာကို နားလည်လက်ခံ ပေးမှာပါ"

လေးလေးက အနှိတ် သဘောထားကိုပါ ကိုယ်စား ဝင်ပြောပေးသည်။



အနိုင်မယူချင်သည့် စိတ်တွေက အသားကျနေခဲ့ပြီမို့ ကြာဖြူမှာ လောဘမရှိ။

ဒါပေမဲ့ ကြာဖြူ မေမေ့အတွက်၊ လေးလေးအတွက် ကြိုးစားကြည့်ရပေတော့မည်။

◆♥◆

www.burmeseclassic.com

www.burmeseclassic.com



•

ကြာဖြူ့ဘဝရဲ့ အောင်မြင်မှုအတွက် ကြာဖြူ့ထက် ပိုပျော်နေသူတွေက လေးလေးနဲ့ သက် ဖြစ်နေသည်။

အန်တီကတော့ အုံ့ညြလွန်း၍ ကြာဖြူ့ကို ချီးကျူး ဖို့ပင် မေ့နေသည်ထင့်။

"သမီးတို့နှစ်ယောက်စလုံး ဘာသာစုံဂုဏ်ထူးနဲ့ အောင် တယ်"

လေးလေးက အောင်စာရင်း သွားကြည့်ပေးပြီး လာပြောစဉ် ကြာဖြူ့ရင်ထဲ ပေါက်ကွဲလွင့်စဉ်မတတ် ဝမ်းသာ သွားသည်။

အရင်ဆုံး သတိရမိသူက မေမေ ဖြစ်သလို ရင်ထဲ မှာ အလေးနက်ဆုံး ကျေးဇူးတင်မိသူက လေးလေးဖြစ်သည်။





သက်က ကြာဖြူ့လက်ကို မယုံကြည်နိုင်လွန်းစွာ ... ပြီး ...

"ကြာဖြူ ... နင်လည်း ဘာသာစုံဂုဏ်ထူးတဲ့၊ ကြားရဲ့လား၊ နင် အရမ်းတော်တာပဲ ကြာဖြူရယ်"

သက်ရဲ့ဝမ်းသာစကားတွေက ရင်ထဲက အစစ်အမှန် ... ဖြစ် ကြာဖြူ ယုံကြည်နေသည်။

"အမယ် ... တို့ကြာဖြူက လျှို့ထားတာပါလား၊ နောက် ဆုံးပိတ်မှ အိတ်နဲ့လွယ်လိုက်တာ ထင်တယ်"

အန်တီကပါ ယုံရခက်ခက်နဲ့ လှမ်းပြောသံ ကြားရ ...

"သမီးနှစ်ယောက်လုံး ဆရာဝန်လုပ်ရမယ်၊ ဟုတ်လား"

သက်က နှာခေါင်းလေးရှုံ့ပြီး ...

"ဆရာဝန်လိုင်းကို ဝါသနာတော့ ပါပါတယ်၊ ဒါပေမဲ့ သွေးမြင်ရင် ကြောက်တယ်၊ ပြီးတော့ သူများအသားကို ခွဲရစိတ်ရမှာ ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက သွေးမြင်ရင် လက်ဖျားခြေဖျ
တွေပါအေးပြီး ကြောက်တတ်သည့် သက်အကြောင်းကို အား
သိထားပြီးဖြစ်သည်။

“နောက်တော့လည်း အကျင့်ဖြစ်သွားမှာပေါ့ သမီးရဲ့”

အန်တီက သက် ခေါင်းလေးကို ပွတ်ပြီး နှစ်သ
ဖျောင်းဖျနေသည်။

“လောလောဆယ်တော့ သမီး ဘာလိုင်းယူရမလဲ မသိသေး
ဘူး၊ ကြာဖြူ ... နင်ရော ဘာယူမလဲ”

ကြာဖြူ လေးလေးကို ဖျတ်ခနဲ လှမ်းကြည့်လိ
ပြီး ...

“ဆေးကျောင်းပဲ တက်မယ်၊ သက် ... သက်ကိုလ
ကြာဖြူနဲ့အတူ တက်စေချင်တယ်”

သက်က ပခုံးလေးတွန့်ပြီး ...

“စဉ်းစားဦးမယ်၊ ဆရာဝန်တစ်ယောက်လုပ်ဖို့ ငါ့ကိုယ
ယုံကြည်ချက်မျိုး ရှိပါ့မလား မသိဘူး”





သက်က တွေတွေဝေဝေနဲ့ ပြောခဲ့သော်လည်း ရက်
ည်းငယ် အတွင်းမှာပင် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်
ခဲ့ ချနိုင်ခဲ့သည်။

“သက် UFL မှာ ပြင်သစ်စာ အဓိကယူပြီး တက်မယ်”

အားလုံးက သက်ရဲ့ဆုံးဖြတ်ချက်ကြောင့် အံ့ဩနေ
သော်လည်း လေးလေးကမူ ...

“သမီးစိတ်ထဲ ဒါကို စိတ်အားထက်သန်မယ်၊ ဒါကိုပဲ
ဝါသနာပါတယ်ဆိုရင် ဖေဖေ ဆေးကျောင်းယူဖို့ မတိုက်
တွန်းတော့ဘူး၊ ဒါပေမဲ့ သမီး ရွေးချယ်ထားတဲ့ လမ်းမှာ
တော့ ထူးချွန်အောင် ကြိုးစားရမယ်နော်”

သက်က သွက်လက်စွာ ခေါင်းညိတ်ပြသည်။

ကြာဖြူကတော့ သက်နဲ့ ကျောင်းမတူ တော့မည့်
နေ့ကို ကြိုတွေးပြီး စိတ်မကောင်း ဖြစ်နေပြန်သည်။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

တစ်ကြိမ်တည်း မြင်ရုံနဲ့ သူ့မျက်စိထဲ တန်း[illegible]
သွားရမည့် ပုံစံမျိုးမဟုတ်။

ဒါပေမဲ့ သူ့မျက်စိထဲ အကြိမ်ကြိမ် အခါခါ ဝင်[illegible]
၍ ရည်ရွယ်ချက်မရှိဘဲ ကြည့်မိနေစဉ် သူ စိတ်ဝင်စားသွားသ[illegible]

ကောင်မလေးဟာ ရိုးရှင်းဖြူစင်သောအလှ ရှိ[illegible]
လင်းလက်ထင်ပေါ်သော ပုံစံမျိုးမဟုတ်။

ပန်းနုရောင်စပို့ရှပ်နှင့် ပန်းဆီရောင်ရှင့်ရှင့်ပေါ်[illegible]
ပန်းနုရောင်ပန်းပွင့်နုပ်နုပ် အဆင်ဖောက်ထားသည့် လုံချည်[illegible]
ဝတ်ထားသည်။





ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီးဖားဖားကြီး ကျစ်ထားသဖြင့် လမ်းလျှောက်တိုင်း သူမ ကျစ်ဆံမြီးက သူမကျောပေါ်မှာ လှုပ်ယမ်းနွဲ့ခါနေသည်။

ရပ်ထားတဲ့ သူ့ကားရှေ့မှာ ဘယ်နှကြိမ်မှန်းမသိ သူမ ဖြတ်လျှောက်နေသည်။

လျှောက်နေပုံကလည်း အေးအေးဆေးဆေး ပုံစံမျိုးမဟုတ်။

တစ်ခုခုကို ရှာနေသည့်ပုံစံဖြင့် စိုးရွံ့ထိတ်ပျာနေသည့်ပုံမျိုးဖြစ်သည်။

ကားထဲမှာ ထိုင်ခုံကိုလှဲပြီး သီချင်းနားထောင်နေသည့် သူ့ကို သူမက တွေ့ဟန်မတူ။

ခြေသံတဖျပ်ဖျပ်နဲ့ သူ့ကားဝန်းကျင်၌ ဖြတ်လျှောက်နေတာ တွေ့ရသည်။

ဆေးကျောင်းရှိ ဌာနမှူးတစ်ယောက်ဆီကို သွားလည်သော မေမေ့ကို လာစောင့်နေရခြင်းဖြစ်၍ သူ မရင်းနှီး၊ မကျွမ်းဝင်သော နေရာမှာ သူမကို တွေ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ပြီးတစ်ခေါက် ငိုမလိုမျက်နှာ ဖြစ်လာသော သူမပုံစံကို ထင်ထင်ရှားရှား မြင်ရစဉ် သူ တစ်ခုခု ကူညီချင်လာသည်။

ကားထဲကထွက်ပြီး သူမနား ရောက်သွားစဉ် သူမက အံ့သြစိတ်ရှုပ်စွာ သူ့ကို လှမ်းကြည့်လိုက်တာ တွေ့ရသည်။

"ဘာပျောက်လို့ ရှာနေတာလဲ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

အရိုးသားဆုံးစိတ်ဖြင့် ကူညီရန် မေးလိုက်စဉ် သူမ မျက်ဝန်းတွေက ယုံရခက်ခက် ဖြစ်နေတာ တွေ့ရသည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

သူမက ဒီလောက်သာပြောပြီး ပြန်ထွက်သွားကာ နောက်ထပ် ပေါ်မလာတော့။

သူမပုံစံက တစ်ခုခုပျောက်၍ ရှာနေတာ သေချာတာမို့ သူ အလုပ်တစ်ခု ရသွားသည်။

သူမ ဘာပျောက်နေသည် ဆိုတာကို သေသေချာချာ မသိဘဲ သူ ဆက်ရှာနေမိသည်။





လိုချင်သူက သည်းသည်းထန်ထန် ရှာနေချိန်တွင် မတွေ့ဘဲ သူ အပျင်းပြေ ရှာနေချိန်တွင်မှ သူ့မြင်ကွင်းထဲ ဆွဲကြိုးလေးတစ်ကုံး ဝင်လာသည်။

သူမ ဘယ်ရှာတွေ့ပါ့မလဲ၊ ဆွဲကြိုးတစ်ပိုင်းတစ်စက သူ့ကားဘီးအောက်မှာ ရွှေရောင်အစွန်းစလေး ပေါ်ရုံသာ လွတ်နေသော ဆွဲကြိုးလေးကို ကားရွှေ့ပြီး ကောက်ယူထားလိုက်သည်။

ပစ္စည်းပိုင်ရှင် သူမကိုတော့ အနီးအနားမှာ အရိပ်အယောင်မျှပင် မတွေ့ရတော့။

သူ ကားထဲက မထွက်လာခဲ့လျှင် သူမ ဆက်ရှာနေဦးမည်ထင်။

ကားထဲကထွက်ပြီး ကူညီချင်မိသည့် သူ့ကိုယ်သူ အပြစ်တင်ချင်မိသလိုလို ဖြစ်သွားသည်။

ဘာပဲဖြစ်ဖြစ် ပိုင်ရှင် ဘယ်သူဆိုတာ သိနေသည့် ပစ္စည်းကိုတော့ ပိုင်ရှင်လက်ထဲ ပြန်ထည့်ရဦးမည်မို့ ...။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com

သူ နောက်တစ်ခေါက် ဆေး(၁)ဝင်းထဲသို့ ပြန်ရောက်ခဲ့ရပြန်သည်။

အသိမရှိ လာရှာတဲ့သူ နာမည်မသိ၊ အတန်းမသိ၊ မသိဆိုသော စကားလုံးတစ်လုံးကိုပိုက်ပြီး သူမ ကျောင်းဝင်းထဲ ဝင်လာရတာ အတော်အူကြောင်ကြောင်နိုင်သော ကိစ္စပင်။

ကင်တင်းကိုမေးပြီး ကင်တင်းမှာ ဝင်ထိုင်လိုက်ချင် သူ လုပ်နေတာတွေ အဓိပ္ပာယ်ရှိရဲ့လားလို့ ပြန်စဉ်းစားမိလိုက်သေးသည်။

သူမ ဒီကျောင်းကလား ဆိုတာတောင် သေချာရဲ့လားမသိ။ ဘယ်သူ့ကို ဘယ်လိုမေးရမလဲမသိ ဖြစ်နေစဉ် ...

"ထိုင်လို့ရမလား"



အသံပြာပြာနဲ့ အမျိုးသားနှစ်ယောက် မျက်မှန်ထူထူကြီးနဲ့၊ ကြည့်ရတာ ရုပ်ရှင်ထဲက နှစ်ရှို့ကျောင်းသားကြီးတွေနဲ့ တူလှသည်။

"ရပါတယ် ခင်ဗျာ"

အခြားဝိုင်းတွေမှာ လူပြည့်နေပြီဖြစ်၍ သူ့နေရာမှာ လာဝင်ထိုင်ကြခြင်းဖြစ်သည်။

လက်ဖက်ရည်နှစ်ခွက်ကို မှာပြီးနောက် တစ်ယောက်နဲ့တစ်ယောက် မပြတ်သေးတဲ့ အငြင်းအခုန်ကို ဆက်ပြောနေကြတာ တွေ့ရသည်။

ဘာပဲဖြစ်ဖြစ် ကျောင်းသားကြီးတစ်ယောက်ရဲ့ လွယ်အိတ်ထဲ ထွက်နေတဲ့ စာအုပ်တစ်စွန်းတစ်စက ဆေးပညာနဲ့ပတ်သက်သော စာအုပ်ဖြစ်နေ၍ ဒီကျောင်းကဆိုတာတော့ သေချာနေသည်။

သူတို့နှစ်ယောက် စကားမပြတ်တာကို သည်းခံစောင့်နေလိုက်ပြီး အနည်းငယ် စကားစပြတ်သွားတော့ ...

"မိတ်ဆွေတို့က ဒီကျောင်းကပဲလား ခင်ဗျာ"

www.burmeseclassic.com

"ဟာ ... ဟုတ်တာပေါ့၊ ခင်ဗျားကိုတော့ ဒီမှာမမြင်ဖူးပါဘူး၊ ညှိသည်ထင်တယ်"

သေချာသည်။ ကျောင်းမှာနှံ့နှံ့စပ်စပ်ရှိသူများဖြစ်၍ သူ ညှိသည်ဆိုတာကို သိနေကြသည်။

"ဟုတ်တယ် ခင်ဗျာ၊ ဟို ... ကျွန်တော် အကူအညီတစ်ခုလောက် တောင်းချင်လို့"

တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး ...

"ဟာ ... ရပါတယ်၊ ဘာကိစ္စလဲ ... ပြော"

တက်တက်ကြွကြွ ကူညီချင်သူများဖြစ်၍ ခဏလေးနဲ့ ရင်းနှီးသွားသလို ခံစားလိုက်ရသည်။

"ကျွန်တော် အမျိုးသမီး တစ်ယောက်ကို လာရှာတာပါ"

"ဩော် ... ထင်တော့ ထင်သားပဲ၊ ကဲ ... ဘယ်သူလဲ၊ ဘယ်အတန်းကလဲ"

သူ ရယ်ကျဲကျဲ လုပ်လိုက်ရပြီး ...



"ကျွန်တော် အဲဒါတွေ မသိဘူးခင်ဗျာ၊ ဆံပင်ရှည်ရှည်နဲ့ ဆိုတာပဲ သိတယ်"

ရှစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြန်သည်။

တစ်ယောက်က မျက်မှန်ထူထူကြီးကိုချွတ်၍ မှန်သုတ်နေပြီး ...

"ရပါတယ်၊ ဆံပင်ရှည်ရှည်နဲ့က ဆယ့်နှစ်ယောက်ရှိတယ်၊ ဆံပင်ရှည်ရှည် ဘယ်လိုပုံစံလဲ"

ဆံပင်ရှည်သူစာရင်းပင် အတိအကျ မှတ်ထားသူများဖြစ်၍ ကျောင်းပြီးရင် ဆေးရုံမှာ လုပ်မှာလား၊ သန်းခေါင်စာရင်းဌာနမှာ လုပ်မှာလားဟု စ,လိုက်ချင်သည်။

"ဆံပင်ရှည်ရှည်နဲ့ မျက်နှာဝိုင်းစစလေးပဲ"

"ဟာ ... ဒါဆို လွယ်သွားပြီ၊ မျက်နှာဝိုင်းစစလေးနဲ့က ငါးယောက်ပဲရှိတယ်၊ ကျွန်တော်တို့ခုနစ်ယောက်က ယောကျ်ားတွေ"

မဆိုး ... တဖြည်းဖြည်း နီးလာပြီဖြစ်သည်။

www.burmeseclassic.com



"ခင်ဗျားတွေ့တုန်းက ဘယ်လိုပုံစံမျိုးလဲ၊ ဥပမာ အဝတ်အစား ပုံစံမျိုးပေါ့"

သူ့မျက်ဝန်းထဲ သိမ်းထားစရာမလိုဘဲ အလိုလို သူမအသွင်က ပေါ်လာသည်။

"ရှပ်ပန်းနုရောင်လေးနဲ့ ဆံပင်ကိုကျစ်ဆံမြီး ကျစ်ထားတယ်"

သူ့စကားအဆုံး နှစ်ယောက်စလုံး နှုတ်ကတစ်ပြိုင်နက် နာမည်တစ်ခု ထွက်လာသည်။

"ချွေကြာဖြူ"

တကယ့် ကြာပန်းဖြူဖြူလေးလို ဖြူစင်ငြိမ်းချမ်းသူလေးဖြစ်၍ နာမည်နဲ့ လိုက်ဖက်နေသည်။

"ဟုတ်တယ်၊ ချွေကြာဖြူက အဲဒီလို တီရှပ်ပွပွလေးတွေပဲ ဝတ်လေ့ရှိတယ်၊ ကျွန်တော့်ငါးယောက်က တခြားအလောက်စ်ပုံလေးတွေ ဝတ်သေးတယ်၊ ပြီးတော့ ချွေကြာဖြူက ဆံပင်ကို အမြဲတမ်းလိုလို ကျစ်ဆံမြီး ကျစ်လေ့ရှိတယ်လေ"





သူတို့က သူတို့ရဲ့သဲလွန်စလေးတွေကို စုစည်းပြီး အင်မြင်ချက်တစ်ခုကို တိတိကျကျ ပေးနိုင်တာ တွေ့ရသည်။

"အဲဒါဆိုရင်တော့ စိတ်မကောင်းစရာပဲဗျာ၊ ချွေကြာဖြူက အချိန်ပြည့် စာသင်ခန်းထဲမှာပဲနေတယ်၊ အတန်းပြီးတာနဲ့ အိမ်ပြန်တယ်၊ အပေါင်းအသင်း သိပ်များများမရှိဘူး၊ ပြီးတော့ ဘယ်ယောက်ျားလေးနဲ့မှ စကားပြောတာ အာညာ မရှိဘူး၊ မာနကြီးတာတော့ မဟုတ်ဘူး၊ အနေအထိုင် ကျစ်လစ်လွန်းတာလို့ ထင်တယ်"

ဆေးကျောင်းမပြီးသေးပေမယ့် လူမှုရေးမှာတော့ အဲ့လွန်ပင် ရပြီးလောက်အောင် ထူးချွန်သူများပင်။

"ကျွန်တော် သူ့ကို ပစ္စည်းတစ်ခု ပေးစရာရှိလို့ပါ၊ အခုထိ သူ့အပေါ်လည်း ဘာစိတ် ညာစိတ်နဲ့ ချဉ်းကပ်ချင်တာ မဟုတ်ပါဘူး"

အခုထိဆိုတဲ့ စကားလုံးကို လိုလိုပိုပို သူ ဘာကြောင့် သွင်းခဲ့မိရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



နောင် မသေချာတဲ့ သူ့စိတ်ကို သူ အာမ,မခံနိုင်လို့ထင်တယ်။

ထိုလူနှစ်ယောက်ဆီက ရွှေကြာဖြူရဲ့ အတန်းကို သိလိုက်ရပြီး သေသေချာချာ မှတ်ထားလိုက်သည်။

"လက်ဖက်ရည်ဖိုးလေးတော့ ကျွန်တော် မိတ်ဖြစ်ဆွေဖြစ် ရှင်းပေးပါရစေ"

"ဟာ ... မလုပ်ပါနဲ့ဗျာ၊ ကိုယ့်ကျောင်းက ကျောင်းသူတစ်ယောက်ရဲ့ အကြောင်းကို လက်ဖက်ရည်နဲ့ လဲသောက်တဲ့အဖြစ်တော့ မခံနိုင်ပါဘူး၊ ဆော်ဒါ တိုက်ချင်ရင် နောက်မှ အေးအေးဆေးဆေး သောက်တာပေါ့၊ ကျောင်းကို ခင်ဗျား နောက်ထပ်ရောက်လာဦးမှာပါ၊ ဒါနဲ့ ခင်ဗျား နာမည်က ..."

သူ ထိုလူနှစ်ယောက်ကို စိတ်ရင်းနဲ့ ခင်သွားတာမို့

"ဥဩညိုပါ"

"ကျွန်တော်တို့ နာမည်လည်း မှတ်ထားဦး၊ ခင်မောင်နဲ့ လမင်းတဲ့"

"ကျေးဇူးပဲဗျာ"

သူမနဲ့ မရင်းနှီးရသေးပေမယ့် သူမကို အကြောင်းပြီး ခင်စရာကောင်းသော လူနှစ်ယောက်နဲ့ ရင်းနှီးခဲ့ရသည်။

သူမအကြောင်း သိရှိပြီးဖြစ်၍ သူမ ရှိနိုင်သော အတန်းဆီသို့ သူ ထွက်လာခဲ့လိုက်သည်။

♦♥♦






www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲက ခပ်သုတ်သုတ် ထွက်လာသော ချွေကြာဖြူ နောက်က တိတ်ဆိတ်စွာ လိုက်သွားရင်း လူရှင်းတဲ့နေရာရောက်မှ ...

"ချွေကြာဖြူ ..."

သူမ ကျောလေးက လန့်ပြီး တွန့်ခနဲ ဖြစ်သွားတာ တွေ့ရသည်။ ဒါပေမဲ့ ခြေလှမ်းလည်းမရပ်။ လှည့်လည်းမကြည့်။ ခြေလှမ်းတွေပင် ပိုမြန်သွားသည်ဟု ထင်ရသည်။

"ခဏလေး နေပါဦး ချွေကြာဖြူ"

သူနဲ့ အေးချင်းယှဉ်လျက်ဖြစ်အောင် သူ ပိုသွက်လိုက်ရသည်။

"ချွေကြာဖြူ ဟိုတစ်နေ့က ဘာပျောက်သွားတာလဲ၊ အိပ် ပစ္စည်းလေး ကျွန်တော် တွေ့ထားတယ် ဆိုရင်ရော"



သူမ ခြေလှမ်းက တုံ့ခနဲ။

သူမ မျက်ဝန်းတွေက လက်ခနဲ။

"အဲဒီ ဆွဲကြိုးလေး ဘယ်မှာလဲ"

သူမ အသံကတော့ တည်ငြိမ်ပြတ်သားစွာ။

အပြစ်ရှိသူ တစ်ယောက်ကို မေးသည့်အသံမျိုးဖြစ်သည်။

"ဒီဆွဲကြိုးလေးလား"

ယွန်းဘူးလေးတစ်ခုနဲ့ သူ ထည့်ယူလာသော ဆွဲကြိုးလေးကို ထုတ်ပြလိုက်စဉ် သူမ မျက်နှာက ဝမ်းသာစွာ သွေးရောင်လွှမ်းသွားတာ တွေ့ရသည်။

"ဟုတ်တယ်၊ ဒီဆွဲကြိုးလေးပဲ၊ ကျွန်မ ပြန်မတွေ့ရတော့ဘူးဆိုပြီး ဝမ်းနည်းနေတာ"

သူမအသံက တကယ့်ကို ဝမ်းသာစွာ တုန်ယင်လှိုက်နေသည်။

"အဲဒီနေ့က ကျွန်တော့်ကားဘီးအောက် ရောက်နေလို့ ချွေကြာဖြူ မတွေ့သွားတာဖြစ်မယ်၊ ရော့ ... ချွေကြာဖြူ့ ဆွဲကြိုး ပြန်ယူလိုက်တော့"

www.burmeseclassic.com



သူ ကမ်းပေးသော ယွန်းဘူးလေးကို သူမက ကြည်နူးစွာ လှမ်းယူပြီး ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအတွက် ဒီဆွဲကြိုးလေးက အရေးပါတဲ့ပစ္စည်းလေးပါ"

သူမက ဆွဲကြိုးလေးကို ကြည့်မဝစွာ ငုံ့ကြည့်နေရင်း ပြောနေသည်။

"ကျေးဇူးတင်ပါတယ် ဆိုတာကလွဲပြီး ရွှေကြာဖြူ ဘာ မပြောတတ်တော့ဘူးလား"

သူ စ,လိုက်ခြင်း ဖြစ်သော်လည်း သူမမျက်နှာ ရှက်ရွံ့အံ့ဩစွာ မျက်ဝန်းနက်လေးက ဝိုဝိုင်းသွားသည်။

"ဟို ... ဟို ... ကျွန်မ ဘာပြန်ပေးရမလဲဟင်၊ လက်ဖက်ရည် ဖိုး ပြန်ပေးရမလား၊ ကျွန်မမှာ နှစ်ထောင်လောက်ပဲပါတယ်"

သူမ တကယ့်ကို လူကဲခတ် ညံ့တာလား။ ဒါ မဟုတ် တုံးလွန်းတာလား။ သူကပဲ လက်ဖက်ရည်ဖိုး တောင် တတ်တဲ့ပုံ ထွက်နေတာလား။

သူ့နဖူးကို သူ ရှက်ရှက်နဲ့ ခိုက်လိုက်ပြီး ...





"လက်ဖက်ရည်ဖိုး ပေးစရာမလိုပါဘူး၊ လက်ဖက်ရည်တိုက်ရင် ရပါပြီ"

သူမ စိတ်ရှုပ်စွာ စဉ်းစားနေပုံက သနားစရာကောင်းနေပြန်သည်။

"ကျွန်မ ကိုယ်တိုင် လိုက်မတိုက်ရင် ဖြစ်လား"

သူမ တကယ့်ကို တုံးလွန်းတာ သေချာသွားသည်။

"မဖြစ်ဘူး"

သူ ညစ်ကျယ်ကျယ်လုပ်မှ ရမည့်အခြေအနေမျိုး ဖြစ်သည်။

"ဒါဆို ကျွန်မ ဒီနေ့ အိမ်ပြန်တော့မှာမို့ နောက်နေ့မှ တိုက်လို့ရမလား"

ကိစ္စမရှိ။ သူမနဲ့ အဆက်အသွယ်လေး ရှိနေတာ ဝိုကောင်းတာမို့ ...

"ရပါတယ်၊ ဘယ်ရက်ဖြစ်ဖြစ်ပေါ့၊ ကျွန်တော် လာတဲ့တစ်ရက်ရက်မှာ ရွှေကြာဖြူ ရှောင်နေလို့ မရဘူးနော်"

သူမ ခေါင်းညိတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လောလောဆယ် ခွင့်ပြုပါဦးနော်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ကျေးဇူးတင်ပါတယ်လို့ပဲ ထပ်ပြောပါရစေ"

စပို့ရှပ်အပြာနုရောင်လေးနဲ့ သူမက ဖျတ်ခနဲ တိမ်တစ်စလို သူ့အနားက ဝေးလွင့်သွားသည်။

◆♥◆





ကားမောင်းရင်း သူမပုံစံကို ပြန်မြင်ယောင်ပြီး ပြုံးနေမိသည်။

ဒီအရွယ် ဒီကျောင်းမှာ တက်နေသူက ဒီလောက်ရိုးအအပုံစံ ရှိနေတာ အံ့သြစရာပင်။

သူ့ပုံစံက ချောင်ပိတ်ဖမ်းသည့်ပုံ ဖြစ်သွားမှာစိုး၍ နှုတ်မတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူမဆွဲကြိုးလေးအတွက် ကြည်နူးဖမ်းသာနေပုံလေးကိုတော့ သူ့ရင်ထဲ စွဲမြဲစွာ မြင်ယောင်နေမိသည်။

ကြည်နူးတွေးနဲ့တွေးပြီး ကားမောင်းနေစဉ် သူ့ကားကို ကွေ့ကားတစ်စီးက ပွတ်ဆွဲပြီး ကျော်တက်သွားတာမို့ သူ့ကို အာရုံထဲက ဖျောက်ဖယ်ထုတ်လိုက်ပြီး ထိုကားနောက်ကို အမီလိုက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ အချက်ပြပြီးမီးတောက်၍ လမ်းတောင်းပြီး ကားချင်းယှဉ်မိစဉ် ...

"ခင်ဗျား ကားကို ရှေ့မှာရပ်လိုက်"

ခပ်ကျယ်ကျယ် အော်ပြောလိုက်စဉ် တစ်ဖက်ကားက အမျိုးသမီးတစ်ယောက် ဖြစ်နေတာ တွေ့လိုက်ရသည်။

အမျိုးသမီးက ကားကို လမ်းဘေးမှာချရပ်လိုက်မှ သူလည်း ကားကို လိုက်ရပ်လိုက်သည်။

ကားထဲမှထွက်ပြီး သူ့ကားကို ကြည့်လိုက်စဉ် ကားဘေးဘော်ဒီမှာ ဆေးခြစ်ရာ အစင်းကြောင်းကြီးကို တွေ့လိုက်ရသည်။

"ကဲ ... ခင်ဗျား ဒီကိစ္စ ဘယ်လိုရှင်းမလဲ"

ကားပေါ်က အမျိုးသမီးက သူ့ကားဆီ ခပ်မှန်မှန် လျှောက်လာပြီး ...

"ဆေးမှုတ်ခ ဘယ်လောက်ယူမလဲ ... ပြော"

သူမအသံက ခပ်မာမာပင်။



"ခင်ဗျား ဝပ်ရှော့လိုက်ပြီး မေးကြည့်လေ၊ ကျသင့်သလောက် ရှင်းသွားပေါ့၊ ဒါပေမဲ့ ကားမပြီးခင်စပ်ကြား ကျွန်တော် အပြင်ကား ငှားသုံးရမယ့်စရိတ် ကျန်သေးတယ်"

သူ့ဘက်ကလည်း အမြင်ကတ်ကတ်နဲ့ ခွတ်တင်ထားလိုက်သည်။

"ကျွန်မ ပိုပိုလိုလို ငါးသောင်းပေးမယ်၊ ကျေနပ်လား"

ဆေးမှုတ်ခက အများဆုံးကျ တစ်သောင်းပင်။

ငါးသောင်းက သိပ်များနေသည်။

"ခင်ဗျား ပိုက်ဆံသိပ်ပေါနေရင် ပေးခဲ့လေ၊ ပိုတာကို ပြန်ပေးမယ်၊ ခင်ဗျားဖုန်းနံပါတ် ပေးထားခဲ့"

သူမက မခုံးလေးတွန့်ပြီး ...

"မလိုဘူး ... ရှာယ်၊ ဖုန်းနံပါတ်တွေ ဘာတွေနဲ့ စာတ်လမ်းရှုပ်တယ်၊ ရှင် ကျေနပ်ရင် ပြီးတာပဲ"

သူမက ကားဆီပြန်လျှောက်သွားပြီး ကားထဲမှ ငါးရာတန်တစ်ထုပ် ထုတ်လာပြီး သူ့ကို ကမ်းပေးသည်။

www.burmeseclassic.com



မျက်နှာနုနုလေးမှာ မျက်မှန်အနက် ခပ်ကြီးကြီးကို တပ်ထား၍ မျက်နှာပိုမာပြီး အသက်ကြီးနေသယောင် ထင်ရသည်။

ဂျင်းဘောင်းဘီနဲ့ ရှပ်အကျီအကျပ်လေးကြောင့် ဝိန်သွယ်သော ကိုယ်ဟန်ကထင်းပြီး ထက်မြက်တဲ့အသွင်ကို ပေါ်လွင်နေစေသည်။

"ပြီးတာပဲလေ"

စိတ်ထဲ ချဉ်သလိုရှိတာမို့ ပိုက်ဆံကို လက်ခံထားလိုက်သည်။

ဘာပဲဖြစ်ဖြစ် ပိုပိုလိုလို သူမ ကားနံပါတ်ကိုတော့ မှတ်ထားလိုက်သည်။

အပြန် ဝပ်ရှော့ဝင်ပြီး ကားအပ်လိုက်စဉ် မှန်းထားသလိုပင် ဆေးမှုတ်ခက တစ်သောင်းသာကျပြီး တစ်မနက်သာ အချိန်ပေးလိုက်ရသည်။

ခုတလော ကိုယ်ပိုင်မဟုတ်သည့် ပစ္စည်းတွေ အလကား လာဝင်နေမိတာလား မသိ။

ဆွဲကြိုးကိုတော့ ပြန်ပေးပြီးသွားပြီဖြစ်သည်။



ပိုတဲ့ပိုက်ဆံကိုလည်း ကြုံတဲ့တစ်နေ့နေ့တော့ သူ ပြန်ပေးလိုက်ချင်သေးသည်။

စူးရဲတောက်ပသော သူမကို သူ မှတ်မိနေတာတော့ သေချာသည်။

ဒါပေမဲ့ ရွှေကြာဖြူလို ငြိမ့်ငြိမ့်အေးအေးလေး မှတ်မိနေခြင်းမျိုးမဟုတ်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



“ငါ့ရင်ဘတ်ကို စမ်းကြည့်စမ်းပါဦး ကြာဖြူရယ်၊ ခုထိ ရင်ခုန်တာ မပျောက်သေးဘူး”

သက်က စာဖတ်နေတဲ့ ကြာဖြူ့ခုတင်ပေါ် ပစ်လှဲ ရင်း ပြောလိုက်သည်။

“ဖြစ်ရမယ်၊ ဘာဖြစ်လာလို့လဲ”

သက်က တစ်နေ့တစ်နေ့ တစ်ခုခု ထူးထူးခြားခြား ဖြစ်တိုင်း ကြာဖြူ့ကို လာပြောပြနေကျဖြစ်၍ ဒီနေ့လည်း တစ်ခုခု ဖြစ်လာတာ သေချာနေသည်။

ဒါပေမဲ့[illegible]နေသော သက် မျက်နှာပေါ်မှာ ပန်းနုရောင် ပြေးနေပြီး နှုတ်ခမ်းထွာနစ်ခုက ပြုံးငုံငုံ ဖြစ်နေတာကတော့ ထူး ခြားနေသည်။



“ငါ လူတစ်ယောက်နဲ့ ရင်းနှီးအောင် ကားပွတ်ချင်ဟန် ဆောင်ပြီး စာတ်လမ်းစခဲ့တယ်”

ကြာဖြူ ရင်ဘတ်ကို အလန့်တကြား မီလိုက်မိပြီး ...

“ဘုရားရေ ... သက်ရယ်၊ နင့်ဟာက အန္တရာယ်များလိုက် တာ၊ မတော်တဆ မပွတ်မိဘဲ တိုက်မိရင် ဘယ်လိုလုပ် မလဲ”

ကြာဖြူ့ကိုလည်း လေးလေးက ကားမောင်းသင်ပေး ထား၍ ကြာဖြူ ကားမောင်းတတ်ပေမယ့် ကားယူမသုံး။

ကားတွေ ရှုပ်ယှက်ခတ်နေသည့်လမ်းမှာ မောင်းရ တာ အန္တရာယ်များလှသဖြင့် အန်တီ အရေးပေါ်သွားချင်သည့် နေ့တွေလောက်သာ လိုက်မောင်းပို့ပေးဖြစ်ပြီး ကြာဖြူ ကိုယ်တိုင် တော့ လိုင်းကားသာ အသုံးများသည်။

“မတိုက်မိပါဘူးဟာ၊ ငါ မှန်းတတ်ပါတယ်၊ သီလား အဲဒီလူရှေ့မှာ ငါ မျက်နှာကိုတင်းပြီး ခပ်မာမာဟန်ဆောင် ထားရတယ်”

“ဘာလဲ ... သက်က သူနဲ့မသိဖူးလို့လား”

www.burmeseclassic.com

www.burmeseclassic.com



သက်က ကြာဖြူ အိပ်ရာပေါ်မှာ လှဲနေတာမို့ မျက်နှာကြက်ကို ပြုံးရီရီ ကြည့်နေပြီး ...

"သူက ငါ့ကို မသိပါဘူး၊ ငါက သူ့ကိုသိတာ၊ သူ ငါတို့ကျောင်းမှာ သူ့ညီရှိလို့ လာကြိုတတ်တာကို တွေ့ထားပြီး ကားနံပါတ် မှတ်ထားတာ"

သက်မှာ ချစ်သူရည်းစား မရှိပေမယ့် စိတ်နောက်ကို အလိုလိုက်ပြီး လိုက်လုပ်တတ်တဲ့ အကျင့်ရှိတာကို ကြာဖြူ စိုးရိမ်လှသည်။

"သူ့နာမည်ကို သိလို့လား"

သက်က ခေါင်းခါပြပြီး ...

"မသိဘူး၊ ဒါပေမဲ့ ငါ တိတ်တိတ်လေး ပေးထားတဲ့နာမည် ရှိတယ်၊ မာကျူရီ တဲ့"

"မာကျူရီ"

ကြာဖြူ ပါးစပ်မှ နာမည်ဆန်းဆန်းကို လိုက်ရွတ်ကြည့်လိုက်ပြီး ...

"ဘာအဓိပ္ပာယ်လဲ"



"ဪ ... မာကျူရီမီးလုံးကြီးတွေက သိပ်လင်းတယ် မဟုတ်လား၊ သူလည်း ငါ့အတွက် အတောက်ပဆုံးအလင်းရောင်နဲ့တူလို့ တင်စားထားတာ"

ကြာဖြူ သက်အတွေးကို သဘောကျစွာ လိုက်ရယ်လိုက်ပြီး ...

"အဲဒါ ကားချင်းမှတ်မိသွားတော့ ရင်နှီးသွားရောလား"

"ဟာ ... ငါ ဒီလောက်ပေါပါ့မလား ကြာဖြူရယ်၊ ဘယ်လောက်ပေးရမလဲဆိုပြီး စပ်တင်းတင်းပြောပြီး ပိုက်ဆံပေးခဲ့တာပေါ့။ ဒါမှ ဒီမိန်းမ မာနကြီးတယ်ဆိုပြီး ငါ့ကိုမှတ်မိနေမှာ"

သက်က သူ့ရည်ရွယ်ချက်နဲ့သူ ဟုတ်နေသည်။

လှလည်းလှ၊ ခေတ်မီတဲ့ အပြင်အဆင်တွေလည်း ဆက်နိုင်သူ၊ တောင့်တတိုင်း ပြည့်စုံသူအဖြစ် သက် ဘဝက အားကျမက်မောစရာ။

ဘယ်လောက်ပဲ မာနကြီးချင်ဟန်ဆောင် ဟန်ဆောင် သက်ရဲ့မှင်လင်းဖြူစင်မှုကြောင့် သက်ရဲ့မာကျူရီ သက်ကို ပျော်ဝင်သွားမှာ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နင့်ဆွဲကြိုးလေးရော ကြာဖြူ၊ နတလော ဝတ်တာ မတွေ့ပါလား"

ဆွဲကြိုးဆိုမှ သူမ ဆွဲကြိုးလေးကို သတိရလိုက်သည်။

"ရှိပါတယ် သက်ရယ်၊ သိမ်းထားလို့ပါ"

ကြာဖြူ ထပ်ပျောက်မှာစိုး၍ မဆွဲထားချင်တော့။

"နင်ကလည်း လည်ပင်းဟောင်းလောင်းကြီးနဲ့ ကြည့်မကောင်းပါဘူး၊ အဲဒါမဆွဲချင်ရင် ငါ့ဆီက တစ်ခုခုယူဆွဲလေ"

သက်ကတော့ ပေါ်သမျှ ဒီဇိုင်းစုံ ဆွဲကြိုးလေးတွေကို ထည့်လဲဆွဲတတ်သူဖြစ်၍ သက်မှာ ဆွဲကြိုးတွေများတာ ကြာဖြူ သိပါသည်။

ဒါပေမဲ့ ကြာဖြူ အတွက်တော့ ကြာဖြူ့ကိုယ်ပိုင် ပစ္စည်းလေးကိုသာ စုံမင်သည်မို့ ...

"ရပါတယ်ဟာ၊ လိုင်းကားစီးတာဆိုတော့ အဖြုတ်ခံရမှာ စိုးတယ်"

ယွန်းဘူးလေးထဲက ဆွဲကြိုးလေးကို ထုတ်ကြည့်လိုက်စဉ် ယွန်းဘူးပိုင်ရှင်ကို သတိရလိုက်သည်။



"ဟုတ်ပါတယ်၊ ကြာဖြူက ဘာမှဆင်မထားလည်း ရိုးရိုးရှင်းရှင်းနဲ့ လှနေတာပဲ"

သက်က စာဖတ်နေတဲ့ ကြာဖြူ့နောက်ကျောဆီမှ သိုင်းဖက်လိုက်ပြီး ...

"ယွန်းဘူးလေးက လှလိုက်တာ"

ကြာဖြူ သက်ကို မော့ကြည့်လိုက်ပြီး ...

"သက် လိုချင်လို့လား၊ ယူလေ"

သက်က ယွန်းဘူးလေးကို ကိုင်ကြည့်ပြီး ...

"ဂျပန်ယွန်းလေးဟ၊ ဈေးကြီးမယ်၊ ဒီမှာရှိမှာမဟုတ်ဘူး၊ ကြာဖြူ လက်ဆောင်ရထားတာလား"

ကြာဖြူ တန်ဖိုးကို နားမလည်ပါ။

ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ်၊ ဒါပေမဲ့ သက်ကြိုက်ရင် ယူလေ"

စိတ်ထဲ နမြောသလိုလို ရှိပေမယ့် သက်ကိုလည်း [illegible]တနာ ရှိသည်မို့ ...။

www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူး ကြာဖြူရယ်၊ လှလို့မေးတာပါ၊ ကဲ ... စာ ဆက်ဖတ်ချည်၊ သက်တော့ အခန်းထဲဝင်ပြီး စိတ်ကူးယဉ် လိုက်ဦးမယ်"

ရယ်ကျဲကျဲနဲ့ သက် ပြန်ထွက်သွားတော့မှ ကြာဖြူ စာဆက်ဖတ်လိုက်သည်။

ဒါပေမဲ့ စာအုပ်ပေါ်မှာ ပြုံးစစ မျက်နှာတစ်ခု ထင် ဟပ်နေသည်။

♦♥♦





စာဖတ်နေသည့် သူမစာအုပ်ပေါ်သို့ အရိပ်တစ်ခု [illegible]လာပြီး အနံ့သင်းရှရှ တစ်ခုကိုပါ ရလိုက်သည်။

အံ့ဩစွာ မော့ကြည့်လိုက်စဉ် သူမ ခုံဘေးတွင်ရပ် [illegible] သူ့ကို တွေ့လိုက်ရသည်။

"မှတ်မိလား ခွေကြာဖြူ"

သူမ ကောင်းကောင်းမှတ်မိပါသည်။

အထူးသဖြင့် နှုတ်ခမ်းတွေ ဘယ်လိုပဲ တင်းစေထား [illegible]ထား၊ မျက်လုံးတွေက ရယ်နေတတ်သည့် သူ့ကို သူမ [illegible]စွဲမြဲမှတ်မိနေသည်။

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ ဆွဲကြိုးလေးကို တကူးတက ပြန်လာပေး[...] အဖြစ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိသလို၊ ထိုကျေးဇူးကြေး[...] လည်း လိုလိုချင်ချင် ဆပ်ချင်နေမိသည်။

"ကျွန်တော် အကြွေးလာတောင်းတာလေ"

သူ့အသံက ရင်းနှီးစွာ၊ သူမအတွက်တော့ ထိုရင်း[...] မှုကို လက်ခံရန် မဝံ့ရဲသေး။

"ကျွန်မ အတန်းရှိသေးတယ်"

သူက လက်ကနာရီကို မြှောက်ကြည့်လိုက်ပြီး[...]

"ကျွန်တော် သိပါတယ်၊ နောက်တစ်ချိန်ပြီးရင် အတ[...] အားလုံး ပြီးပြီမဟုတ်လား၊ ကျွန်တော် စောင့်နေမယ်[...]

သူက ဆုံးဖြတ်ချက် ချပြီးမှ လာခဲ့ပုံပင်။

"ကျွန်မ အားနာလို့ပါ"

"ရပါတယ်၊ ကျွန်တော် ကိစ္စတစ်ခု သွားလုပ်စရာ ရှိ[...] တယ်၊ ရွှေကြာဖြူ အတန်းပြီးချိန်အမီ ပြန်လာခဲ့[...] ဆွဲကြိုးပျောက်သွားတဲ့ နေရာမှာ ကျွန်တော်စောင့်နေ[...] လေ"



ထပ်ငြင်း၍ မကောင်းတော့ပြီမို့ သူမ ခေါင်းညိတ်လိုက်သည်။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုဦးနော်၊ ဘယ်မှတော့ ပုန်းမနေနဲ့ဦး၊ ကျွန်တော်က အရှာတော်တယ်"

သူမ သူ့စကားကို ပြုံးမိသွားစဉ် သူက ထွက်သွားသည်။

အရပ်မြင့်မြင့်မားမားနှင့် ခပ်မတ်မတ် လမ်းလျှောက်သွားတတ်သော သူ့ကို နောက်ကျောမှ ငေးကြည့်နေမိသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့်ရှိသော မျက်ဝန်းများကို သူမ ရင်ဆိုင်မကြည့်ဝံ့သေး။

သူ့ရှေ့မှာ သေးငယ်ကျုံ့ဝင်သွားရတော့မလောက် သူမ နေရခက်နေမှာ သေချာသည်။

ဒါပေမယ့် သူမ ပုန်းမရှောင်ချင်တော့။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



သူ့ကား ပြန်ဝင်လာစဉ် သူမက ကားရပ်ရာ

အနီးရှိ သစ်ပင်တစ်ပင်အောက်တွင် စာအုပ်ထိုင်ဖတ်လျက် 

နေတာ တွေ့ရသည်။

ကားကို ခပ်ဖြည်းဖြည်း လှိမ့်ဝင်လာပြီး သူ

မလှမ်းမကမ်းမှာ ရပ်လိုက်တဲ့ အချိန်အထိ သူမ သူရောက်နေ

မသိသေး။

ကားစက်သတ်လိုက်ပြီး စာဖတ်နေတဲ့ သူ

ကားထဲကနေ တစိမ့်စိမ့် ကြည့်နေမိသည်။

နေ့လယ် သုံးနာရီကျော်ပြီဖြစ်သဖြင့် နေက ခပ်ကျဲ

သာ ရှိတော့သည်။





သစ်ပင်ရိပ်အောက်မှာ ထိုင်နေခြင်း ဖြစ်သော်လည်း သစ်ရွက်တွေကြားမှ နေရောင်တချို့က တိုးဝှေ့လုယက်ပြီး သူမ ကိုယ်ပေါ်မှာ ဖြာမိုးနေကြသည်။

နေရောင်တချို့က သူမကုပ်ပိုးပေါ်မှာ၊ တချို့က သူမနဖူးပေါ်မှာ၊ အချို့က သူမ လက်ဖျံပေါ်မှာ ...

အနက်ရောင် T.Shirt ကို ဝတ်ထားသဖြင့် သူမ အသားကို ဖိုပြီးဝင်းအိဖြူစင်နေသည်။

အနက်ပေါ်မှာ အဖြူရောင် အပွင့်ကျဲကျဲကြီးကြီး အဆင် ဖောက်ထားသော လုံချည်က သူမကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်။ ပေါင်ပေါ်တင်ထားတဲ့ ကျစ်ဆံမြီးရှည်ရှည်ကြီးက ငြိမ်သက်လျက်။

သူမကို ကြည့်ရတာ, သက်ရှိ ပန်းပုရုပ်ကလေး အလား။

စာအုပ်ထဲ စိတ်ဝင်စားနေတဲ့ သူမကို ခေါ်လိုက်ရမှာ အားနာတာလား၊ သူ ကြည့်ရတာ မဝလို့ ခေါ်ရမှာ နှမြောတာလား။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဒီအတိုင်းလေးပဲ ငြိမ်ဆိတ်စွာ ကြည့်နေချင်တော့သည်။

သူ ကြည့်နေစဉ်မှာပင် သူ့ရဲ့အရုပ်လေးက လူးလွန့်လှုပ်ရှားလာပြီး ဘေးဘီကို တစ်ချက်ဝေ့ကြည့်တာ တွေ့လိုက်ရသည်။

သူ့ကားဆီမှာ အကြည့်လေး တန့်သွားသည်မို့ သူ ရောက်နေတာ သူမ သိသွားပြီး ဖတ်လက်စစာအုပ်လေးကို ပိတ်လိုက်တာ တွေ့ရသည်။

ကားထဲမှထွက်ပြီး သူမရှိရာကို လျှောက်သွားစဉ် သူမက ရပ်ပြီး သူ့ကို စောင့်နေတာ တွေ့ရသည်။

"ဆောရီး ခွေကြာဖြူ၊ ကျွန်တော် နောက်ကျသွားတယ် ထင်တယ်"

သူမက လက်ကနာရီကို ငုံ့ကြည့်ပြီး ...

"ဟင့်အင်း ... ကျွန်မ အတန်းက စောစောပြီးသွားလို့ပါ"

"ကျွန်တော့်ကို တစ်ခုခု လိုက်ကျွေးဖို့ အဆင်ပြေရဲ့လား"

သူမပုံစံက စိတ်ကျဉ်းကျပ်နေပုံပေါ်၍ အားနာစွာ မေးလိုက်မိသည်။





"အမှန်အတိုင်း ပြောရရင်တော့ အဆင်မပြေဘူး၊ ဒါပေမဲ့ ကျွန်မအနေနဲ့ တစ်ခုခုပြန်ပြီး ကျွေးရမှလည်း စိတ်ထဲ နည်းနည်းပေါ့သွားမယ်ထင်တယ်၊ ရှင်က ကျွန်မအပေါ် ကျေးဇူးရှိတယ်လေ"

သူမ သဘောကို ရိုးသားပွင့်လင်းစွာ ပြောပုံလေးက အသည်းယားစရာ ကောင်းနေသလိုပင်။

"ဘယ်သွားမလဲ"

သူမက ကြိုတင်စဉ်းစားထားပုံဖြင့် ချက်ချင်းပင် ...

"ကျွန်မ သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ခေါ်ပြီး ယူကျီးရိုးယားမှာ ကြေးအိုးသောက်ကြတာပေါ့၊ လောလောဆယ် အဲဒီနားက မြန်မာဘွတ်ခ်စင်တာမှာ ကျွန်မ စာအုပ်ဝယ်စရာရှိတယ်၊ စာအုပ်ဝယ်ရင်း သူ့ကိုစောင့်တာပေါ့"

သူမ စီစဉ်ထားပုံက စနစ်တကျ။

သူမအပြင် တခြားတစ်ယောက် ပါရှိနေခြင်းကို သဘောမကျသော်လည်း သူမ ရွေးချယ်ထားသည်ဖြစ်၍ သူလည်း ခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ သွားကြတာပေါ့"

သူမ ကားပေါ်တက်ရန် သူ ရှေ့ခန်းတံခါးဖွင့်ပေ

စဉ် သူမက နောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်တာ တွေ့

ရသဖြင့် စိတ်ထဲ ပြုံးချင်သွားသည်။

သူမ သွားလိုသည့်နေရာကို သိပြီးသားဖြစ်၍ မြန်

ဘွတ်စ်စင်တာကို မောင်းနေစဉ် သူမက ကားဘေးမှ အပြင်ဘက်

သို့ ငေးကြည့်ရင်း ပါလာသည်။

သူမ ကံဆိုးတာလား၊ သူ ကံကောင်းတာလားမသိ

သူမက သူငယ်ချင်းဆိုသူဆီကို ဖုန်းဆက်ခေါ်

ထိုသူငယ်ချင်းက မအားသဖြင့် မလာနိုင်ကြောင်း အကြောင်းပြ

လိုက်သည်။

ဒါပေမဲ့ သူမက မူလအစီအစဉ်အတိုင်းပင် သူ့ကို

ကြေးအိုးဝယ်တိုက်ပြီး သူမကိုယ်တိုင်ကတော့ ကော်ဖီတစ်ခွက်

မှာသောက်တာကို တွေ့ရသည်။

♦♥♦



"ရွှေကြာဖြူ ရှာတဲ့စာအုပ် တွေ့လား"

သူမက ခေါင်းခါပြပြီး ...

"မတွေ့ပါဘူး၊ မှာပေးမယ်လို့တော့ ပြောတယ်၊ ဒါပေမဲ့ ကျွန်မက အခုလိုချင်တာလေ၊ ရပါတယ်၊ ရှိတဲ့သူငယ်ချင်း တစ်ယောက်ဆီက ငှားကြည့်လိုက်ပါ့မယ်"

သူမက ပေါ့ပေါ့ပါးပါး ပုံစံနဲ့ ပြောနေပေမယ့် ဒီ စာအုပ်မရှိသည့်အတွက် ပျက်သွားတဲ့ မျက်နှာလေးကိုကြည့်ပြီး သူမ ဒီစာအုပ်ကို ဘယ်လောက်လိုချင်မှန်း သူ ရိပ်မိလိုက်သည်။

"ဘာ့စာအုပ်လဲ ရွှေကြာဖြူ"

သူမက ပြောရင်ရော သိမှာလားဆိုတဲ့ ပုံစံမျိုးနဲ့ မဟုတ်ပေမယ့် မပြောချင် ပြောချင် ပုံစံနဲ့ သူ့ကိုကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပညာနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ပါ"

သူ့အတွက် ကြေးအိုး ရောက်လာသဖြင့် စကားစ ပြတ်သွားပြန်သည်။

အငွေ့တထောင်းထောင်းနဲ့ ကြေးအိုးကို သူ သိပ် နှစ်သက်ပေမယ့် သူမရှေ့မှာ အားရပါးရ စားရမှာကိုတော့ ရှက် လှသား။

"မိန်းကလေးတစ်ယောက်ရှေ့မှာ ဒီလိုစားရလိမ့်မယ်လို့ မထင်မိဘူး၊ ပြီးတော့ ကျွန်တော်က Heavy စားပြီး ချေ ကြာဖြူက ကော်ဖီလောက် သောက်တာဆိုတော့ မတရား သလိုပဲ"

သူမက ကော်ဖီကို နှစ်သက်စွာ မြှုံသောက်နေပြီး ...

"အခုအချိန်မှာ Heavyစားရင် ညနေ ကျွန်မ ထမင်းစားနိုင် တော့မှာ မဟုတ်ဘူး"

အမြဲတမ်း ဒီလိုစည်းတွေ စနစ်တွေနဲ့ပဲ ရှင်သန်နေ တော့မှာလားလို့ မေးလိုက်ချင်သည်။

"ဒါနဲ့ ဆွဲကြိုးလေး မဆွဲတော့ဘူးလား"





သူမ လည်တိုင်ဝင်းဝင်းလေးက ရှင်းလင်းစွာ ဘာ ကြိုးမှ ဆွဲမထား။

"ဟင့်အင်း ... နောက်ထပ် ကျပျောက်ရင် ပြန်ရတော့မှာ မဟုတ်ဘူး၊ အခုတောင် ကံကောင်းလို့ ကို ..."

သူမက သူ့ကို တစ်ခုခု ညွှန်းခေါ်ရန် ပြင်လိုက်ပြီး မှ အမည်မသိ၍ စကားတန့်သွားသည်။

"ဥညြသိုပါ ချေကြာဖြူ"

သူမက ခေါင်းညိတ်ပြီး ...

"ကိုဥညြသိုကြောင့် ဒီဆွဲကြိုးလေး ပြန်ရတာ၊ နောက်ထပ် ပျောက်မှာစိုးရိမ်လို့ပါ"

သူမအတွက် ဒီဆွဲကြိုးလေးမှာ ဘယ်လိုသတိမှတ် ထားတဲ့ တန်ဖိုးတွေ ရှိနေသည် မသိ။

ချစ်သူတစ်ယောက်ရဲ့ ချစ်သက်လက်ဆောင် မဖြစ် ပါစေနဲ့လို့ စိုးရိမ်စွာ ဆုတောင်းမိစဉ် ခံစားချက် စိတ်စောနေတဲ့ သူ့ကိုယ်သူ အံ့ဩသွားသည်။

"ကျွန်တော် နောက်ထပ် လာလည်ရင် ရမလား ချေကြာဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်လောက်တဲ့အထိ လာမလည်ရင် ရပါတယ်၊ ပြီးတော့ ကျွန်မ သိပ်ဩ့ဝတ်ကျေမှာ မဟုတ်ဘူး"

သူ အောင့်သက်သက်နဲ့ အရှက်ပြေ ရယ်လိုက်မိသည်။

"ကျွန်တော် အရိပ်အခြည် ကြည့်တတ်ပါတယ် ရွှေကြာဖြူရဲ့၊ ကျွန်တော့်အတွက် ရွှေကြာဖြူ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

ရင်ထဲ ဟာသလိုလို ခံစားချက်က ဘာဖြစ်လို့ ဝင်လာမိတာပါလိမ့်။

သူမဆီက ဝမ်းပန်းတသာ ကြိုဆိုမှုကို မရတော့မှာ စိုးရိမ်လို့လား။

သူ့အတွက် အရသာအရှိဆုံး ကြေးအိုးအဖြစ် သူမ ဝယ်တိုက်ခဲ့သော ကြေးအိုးလေးကို ကြည်နူးစွာ စားခဲ့ရသော နေ့လယ်ခင်းသည် အလှပဆုံး နေ့လယ်ခင်းတစ်ခု ဖြစ်ခဲ့သည်။

◆♥◆



"ဆောရီး ကြာဖြူရယ်၊ ကြာဖြူ ဖုန်းဆက်တဲ့အချိန်တုန်းက ငါ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းပြီးသား ဖြစ်နေလို့ပါ။ အဲဒီသူငယ်ချင်းနဲ့လည်း မတွေ့ရတာ ကြာပြီဆိုတော့ တကူးတက ချိန်းထားရတာ"

သက်က ကြာဖြူ စိတ်ဆိုးမည်ထင်၍ လာရှင်းပြ ာ်လည်း ကြာဖြူ စိတ်မဆိုးပါ။

အဖော်တစ်ယောက် ခေါ်သင့်၊ မခေါ်သင့်အတွက် ဖြူ စိတ်ထဲလွှန်ဆွဲခဲ့ရပြီး စိတ်လုံခြုံမှုရှိစေရန် သက်ကို ခေါ် းသာဖြစ်သည်။

သက် မပါတဲ့အတွက် နည်းနည်း စိတ်ကျဉ်းကျပ် ဖြစ်ပေမယ့် စိုးထိတ်စွာ ကြည်နူးနေမိတဲ့ ခံစားချက်ကို သတိထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သက်ရယ်၊ ကြာဖြူကလည်း စာအုပ်သွားကြည့်ရင်း ယူကျိုးရီးယားဘက်ရောက်မှာမို့ သက်ကြိုက်တဲ့ ကြေးအိုးကို သတိရပြီး ဖုန်းဆက်ခေါ်လိုက်တာ"

ဥသြညို အကြောင်းတော့ လိုအပ်မည်မထင်၍ မပြောပြတော့။

"ဒါနဲ့ သက်ရဲ့မာကျူရီနဲ့ရော တွေ့သေးလား"

သက်က နှာခေါင်းရှုံ့ပြီး ...

"မတွေ့ပါဘူး၊ ခုတလော သူ့ညီကို လာမကြိုဘူးထင်တယ် ကားမတွေ့ဘူး၊ ငါ့နည်းစနစ်ကြီးက မှားသွားပြီထင်တယ် တကယ်ဆို တစ်ယောက်နဲ့တစ်ယောက် တောင်းပန်အပျော့ပေးပြီး ဖုန်းနံပါတ်တွေ ဘာတွေ လဲထားရင်တော့ အဆက်အသွယ် ရနေဦးမယ်"

သက်က ညည်းညူသလိုပြောပြီး ကြာဖြူ့စားပွဲပေါ်က စာအုပ်တွေကို လှန်လှောကြည့်နေသည်။

"ပျင်းစရာကြီး၊ ဒီနေ့ကျောင်းပိတ်တာပဲ၊ ငါတို့ တစ်နေရာ သွားလည်ကြမလား"



"ကြာဖြူ စာကျက်ရဦးမယ် သက်ရဲ့"

"အမယ် ... ကြာဖြူ တစ်ယောက်တည်း စာကျက်စရာရှိတာ မဟုတ်ဘူး၊ သက်လည်း ရှိတာပဲ၊ လာပါဟာ တစ်ခါတလေ အပျင်းပြေ Window shopping ထွက်ရအောင်"

သက် အတင်းခေါ်နေလွန်း၍ သူမ သက်နဲ့အတူ ပြင်ထွက်ရန် ပြင်ဆင်လိုက်သည်။

"ဆံပင်တွေကို တစ်ခါတလေ ဖားလျားလေး ချထားပါလား ကြာဖြူရယ်၊ အမြဲတမ်း ကျစ်ဆံမြီးကြီးနဲ့ ရုပ်ရင့်ပါတယ်"

သက် မြှောက်ပေးတာနဲ့ ကြာဖြူ့ဆံပင်တွေကို ဖားဖားဝေအောင် ဖြန့်ချထားလိုက်သည်။

"ဟာ ... ဟ၊ ဆံပင်ရှည်ရှည် အရုပ်မြင့်မြင့် ကိုယ့်ချစ်သူလေးဆိုပြီး အစခံရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ဘယ်လောက်ပဲ လှနေဦးတော့ သက်နဲ့ယှဉ်ရင် သက်ရဲ့အလင်းရောင်ကြောင့် ပိုမှိန်သွားသလို ခံစားရတာတော့ အမှန်ပင်။

နီစွေးစွေး နှုတ်ခမ်းနီလေး ဆိုးထားတဲ့ သက်က အစေးက ကြည်ရှုနှင့်ပင် ထင်းခနဲ လှနေသူလေးဖြစ်သည်။

♦♥♦



သက်စိတ်တိုင်းကျ Shopping Centre နှစ်ခုလောက်ထိ ခြေတိုအောင်ပတ်ပြီးမှ သက်က ...

"ဘွားဘွားတို့ဆိုင် ဝင်ရအောင်၊ မတွေ့တာလည်း ကြာပြီမဟုတ်လား"

သက်တို့အဘွားက အသက်ကြီးပေမယ့် ခုချိန်ထိဖွင့်ထားသော ပိုးထည်တိုက်မှာ ဆိုင်ထိုင်ဆဲပင်။

မျက်မှန်ပေါ်က ကျော်မကြည့်ဘဲ မျက်မှန်ကို ခေါင်းပေါ်တင်ပြီး လှမ်းကြည့်တတ်သော ဘွားဘွားကို ဘာရယ်မဟုတ် ကြာဖြူ နည်းနည်းကြောက်မိသည်။

တစ်ခါတလေ ကြာဖြူ့ကို စူးစူးစိုက်စိုက် အကဲခတ်တတ်သေးသဖြင့် ဘွားဘွားရှေ့ရောက်ရင် အနေခက်လှတာတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနီကုန်းရှိ ဘွားဘွားရဲ့ ပိုးထည်တိုက်ကိုရောက်စဉ် ဘွားဘွားက ခုမှ လာပို့ဟန်တူသော ပိုးထည်လုံချည်အသစ်တွေနဲ့ အလုပ်ရှုပ်နေတာ တွေ့ရသည်။

သားတစ်ယောက်တည်းရှိပြီး လေးလေးက ပိုးထည်လုပ်ငန်းကို စိတ်မဝင်စားသဖြင့် ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်အဖြစ်သာ ဘဝလမ်းကြောင်း ရွေးချယ်ခဲ့သည်။

ဘွားဘွားက မိဘဘိုးဘွားပိုင် လုပ်ငန်းလည်းဖြစ်၊ အမရပူရမှာ ကိုယ်ပိုင်ရက်ကန်းရုံလည်းရှိ၍ ဒီလုပ်ငန်းတွေကို လေးလေးအား ဦးစီးစေချင်သည်။

လေးလေး ဝါသနာမပါသဖြင့် ဘွားဘွားနဲ့ ဘွားဘွားရဲ့ညီမဝမ်းကွဲတို့က ဦးစီးလုပ်ကိုင်နေရခြင်း ဖြစ်သည်။

တစ်ခါတလေ ဘွားဘွားက သက်ဇာပင် ဆက်လုပ်စေချင်သလိုလို ပြောတတ်သဖြင့် သက်က ငြင်းဆန်နေတာ ကြားရတတ်သည်။

"ဟော … မပြောမဆိုနဲ့ ဘယ်ကလှည့်လာကြတာလဲ"

ဘွားဘွားက အထည်ပုံကြီးဘေးက ထလာပြီး သူမတို့နား လျှောက်လာသည်။





မျက်နှာထန်သည်ကလွဲလျှင် ဘွားဘွားက ခန့်ညားသော အသွင်ရှိသူ ဖြစ်သည်။

"Dagon centre ကအပြန် လှည့်ဝင်တာ ဘွားဘွားရဲ့၊ ဘွားဘွားရော နေကောင်းရဲ့လား"

သက်က ဘွားဘွားနားကပ်ပြီး ပခုံးလေးဖက်၍ မေးနေပေမယ့် ကြာဖြူကတော့ မတ်ရပ်အနေအထားနှင့်ပင် သက်တို့မြေးအဘွားကို ပြုံးကြည့်နေမိသည်။

"ကောင်းပါတော်၊ ထိုင်ကြဦး၊ ဘာစားမလဲ၊ ဖာလူဒါ သောက်ကြမလား"

သက်က ခပ်သွက်သွက် ခေါင်းညိတ်စဉ် ဘွားဘွားက ဆိုင်က ကောင်မလေးတစ်ယောက်ကို ဖုန်းဆက်မှာခိုင်းနေတာ တွေ့ရသည်။

ဘွားဘွားတို့ဆိုင်နားကဲ ဖာလူဒါကို သက် အရမ်းကြိုက်တတ်သဖြင့် လေးလေးက ဘွားဘွားဆီကပြန်ရင် ဝယ်လာလေ့ရှိတာ မှတ်မိနေသည်။

"စာလိုက်နိုင်ကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးကိုကြည့်ပြီး မေးခြင်းဖြစ်၍ ကြာဖြူ ပါ ခေါင်းညိတ်ပြလိုက်ရသည်။

"ကြာဖြူရော သက်ရော ဘွဲ့ယူရင် ဘယ်လိုဒီဇိုင်းကြိုက်လဲ ကြိုပြောထားကြနော်၊ ကြိုပြီးမှာရက်ရမှာ ဆိုတော့ ဘွားလေးကို ကြိုပြောထားမှ တန်ကာကျမှာ"

အထည်ပုံတွေထဲ အလုပ်ရှုပ်နေဆဲ ဘွားလေးက လှမ်းပြောစဉ် သက်က ...

"ဘွဲ့ယူစရာရှိမှလား၊ ပွဲလမ်းသွားစရာရှိရင်ရော လာယူလို့ မရဘူးလား"

ဘွားဘွားက အပြောကြီးနေတဲ့ သက်ကို မျက်စောင်းလှမ်းထိုးပြီး ...

"ညည်းကိုယ်မှာ ထဘီကပ်လို့လား၊ တစ်ချိန်လုံး ဘောင်းဘီတွေ၊ ဂါဝန်တွေချည်း ဝတ်နေပြီးတော့"

ကြာဖြူက မြေးအဘွားနှစ်ယောက်ကို အားကျကြည်နူးစွာ ကြည့်နေစဉ် ဘွားဘွားက ကြာဖြူကို သေသေချာချာ ကြည့်ပြီး ...



"ကြာဖြူက ကြီးလာလေ သူ့အမေနဲ့ တူလေပဲနော်"

ဘွားလေးကို လှမ်းပြောလိုက်ခြင်းဖြစ်၍ ဘွားလေး အပေါ် ခပ်သွက်သွက် ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ဆံပင်သန်တာကအစ တူတယ်"

ကြာဖြူ့မေမေကို ဘွားဘွားတို့ကပါ သိနေကြ၍ ကြာဖြူ အံ့သြသော်လည်း ဘယ်လိုသိတာလဲလို့ မမေးရဲ၍ မမေးမိ။

ကြာဖြူတို့ ပြန်ခါနီးတွင် ဘွားဘွားက နှစ်ယောက်စလုံးကို မုန့်ဖိုးဆိုပြီး ပိုက်ဆံတစ်သိန်းစီပေးစဉ် ကြာဖြူ ပိုအံ့သြသွားသည်။

သက်ကို မြေးအရင်းဖြစ်၍ မုန့်ဖိုးပေးနေကြ ဖြစ်သော်လည်း ကြာဖြူ့ကို မပေးဘူး။

ကြာဖြူ့ကို အမြဲတမ်း စူးစမ်းအကဲခတ်တတ်သလို ကြည့်တတ်သော ဘွားဘွားကိုကြောက်၍ ကြာဖြူကလည်း ဘွားဘွား လာရင် အခန်းအောင်းပြီး စာကြည့်နေတတ်သဖြင့် သိပ်မရင်းနှီး။

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူတင်မက သက်ကပါ အံ့သြစွာ ဘွားဘွားကို ကြည့်နေသဖြင့် ...

"အံမယ် ... ဘာကြည့်နေကြတာလဲ၊ ညည်းတို့ အတန်းတွေလည်း ကြီးလာပြီဆိုတော့ ပိုပြီး အကုန်အကျများမယ် ဆိုတာသိလို့ပေးတာ၊ ဘာလဲ ... မယူချင်ဘူးလား"

ဘွားဘွားက နေရခက်သလို ထန်ထန်လေးပြောလိုက်စဉ် ...

"ဟာ ... မလုပ်ပါနဲ့ ယူမှာပေါ့၊ ဘွားဘွားကလည်း စိတ်ချည်းပဲ"

သက်က ခပ်သွက်သွက်ပင် ပိုက်ဆံနှစ်ထုပ်လုံးကို လှမ်းယူပြီး ကြာဖြူလက်ထဲ တစ်ထုပ်ထည့်ပေးသည်။

"အို ... ရပါတယ် ဘွားဘွားရဲ့၊ ကြာဖြူ မုန့်ဖိုးနဲ့သုံးရတာ အဆင်ပြေပါတယ်"

ဘွားဘွားက ကြာဖြူကို အရင်က ကြည့်သလိုမျိုး ခပ်မာမာကြည့်ပြီး ...



"အဆင်ပြေလည်း ယူထား၊ လိုချင်တာရှိရင် ဝယ်လို့ရတာပေါ့၊ ညည်း ဆရာဝန်ဖြစ်ရင်တော့ ငါ့ကို အလကားကုပေးရမှာနော်"

ဘွားဘွားက ကြာဖြူ စိတ်ပေါ့ပေါ့ပါးပါးဖြစ်သွားအောင် ပြောလိုက်ပြီး အထည်ပုံနား ပြန်ရောက်သွားသည်။

ဘွားဘွားကိုရော ဘွားလေးကိုပါ နှုတ်ဆက်ပြီး ထွက်လာစဉ် သက်က ရလာသော မုန့်ဖိုးကို ဝယ်ချင်တာ ထပ်ဝယ်ရန် Dagon Centre ထဲ ပြန်ဝင်လိုက်ကြပြန်သည်။

သူမကတော့ တအံ့တသြနဲ့ ရလာသော မုန့်ဖိုးကို ဘာမှမဝယ်ရက်ဘဲ သိမ်းထားခဲ့သည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းထဲ ထိုင်ရုံရှိသေးသည်။ အတန်းကြီး ဘက်က မြင်ဖူးနေသော ကျောင်းသားတစ်ယောက်က သူမဆီ လျှောက်လာပြီး ...

"ရှဲကြာဖြူကို လူတစ်ယောက် ပေးခိုင်းလိုက်လို့ပါ"

ပြောပြီးသည်နှင့် Shopping အိတ်တစ်ခုကို သူမရှေ့က စာသင်ခုံပေါ်တင်ပြီး ထွက်သွားသည်။

"ဟိုလူကြီး ... ဟိုလူကြီး"

နာမည်လည်းမသိ၍ သူမ လှမ်းခေါ်ပေမယ့် လှည့်မကြည့်တော့။

အတန်းထဲမှာ တခြားလူတွေ မရှိသေး၍သာ တော်တော့သည်။



အိတ်လေးကို မယူရသေးပေမယ့် အိတ်ထဲက တစ်ခွန်းတစ်စ ထွက်နေသော စာအုပ်လေးကိုတော့ သူမ ယူကြည့်ချင်လာသည်။

အို ... စာအုပ်ပဲဟာ ထုတ်ကြည့်ပြီး ပြန်ထည့်ထား လို့ ရတာပဲ။

သူမ ဘေးဘီကို မလုံမလဲ လှည့်ပတ်ကြည့်ပြီး စာအုပ်လေးကို ဆွဲထုတ်ကြည့်လိုက်စဉ် ...

"ဟင်"

ဝမ်းသာစိတ်ကြောင့် ရင်ထဲမှာ လှိုက်ခနဲပင်ဖြစ်သွားသည်။

သူမလိုချင်လွန်း၍ မြန်မာဘွဲ့တိခ်စင်တာမှာပင် သွားမှာထားရသော စာအုပ်လေးဖြစ်သည်။

ဒီစာအုပ် သူမလိုချင်တာ ဘယ်သူ့ကိုမှ မပြောပြ မိသေးဘဲ စာအုပ်လေးက ဘာဖြစ်လို့ သူမဆီ ဆိုက်ဆိုက်မြိုက် မြိုက် ရောက်လာရတာလဲ။

စာအုပ်လေးက အသစ်ကျပ်ချွတ်လေးဖြစ်ပြီး ပလတ်စတစ်အိတ်လေးပင် မခွာရသေး။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်လေးကို မက်မောစိတ်ဖြင့် သူမ ပလက်တစ်အိတ်လေးထဲက စာအုပ်လေးကို ဆွဲထုတ်လိုက်မိသည်။

စာအုပ်လေးကို လှန်ကြည့်လိုက်စဉ် စာအုပ်ရဲ့ပထမဆုံး စာမျက်နှာမှာ စာရွက်အဝါရောင်လေးဖြင့် ကပ်ထားသော စာတိုလေးတစ်စောင်ကို တွေ့လိုက်ရသည်။

"ချစ်ကြာဖြူ ...

ကျွန်တော် နားစွန်နားဖျား ကြားလိုက်ရတဲ့

စာအုပ်အမည်လေးဖြစ်လို့ ... မှားရင်ခွင့်လွှတ်နော် ...

ဥဩညို"

သူမ စဉ်းစားမရသည့် အဖြေက ခုမှပေါ်လာသည်။ ဥဩညိုနဲ့အတူ မြန်မာဘွတ်ခ်စင်တာမှာ စာအုပ်သွားရှာဖူးတာ သတိရသလိုက်သလို သူမကို ယူကျုံးနိုးယားမှာ စာအုပ်အမည်မေးတာကိုပါ သတိရလိုက်သည်။

စာအုပ်လေးကို ရိုရိုသေသေ ပြန်သိမ်းလိုက်စဉ် သူမရင်ထဲ ကြည်နူးမှုကြောင့်လား၊ အံ့ဩဝမ်းသာမှုကြောင့်လား မသိ။ သူမ ရင်တွေ အခုန်မြန်နေတာ သတိထားမိလိုက်သည်။



ဖျတ်ခနဲ သူ့ကို တွေ့ရှိသည့်စိတ်က ပေါ်လာစဉ် သူမ ရင်ခုန်သံတွေက ပိုမြန်လာသည်။

ဘုရားရေ ... သူမ ဒီရင်ခုန်သံတွေ ဘယ်လိုထိန်းရပါ့။

သူမအတွက် ပထမဆုံး ရင်ခုန်ဖော်ကို စစ်မှန်စွာ ရှာဖွေတွေ့ရှိသွားလေပြီလား။

သူမ စာအုပ်လေးကို မြတ်နိုးတွယ်တာစွာ သိမ်းထားမိလေပြီဖြစ်သည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



ကားကို UFL ရှေ့မှာ ရပ်ထားပြီး ကင်တင်းမှာထိုင်၍ ညီကို စောင့်နေစဉ် သူ့မျက်စိရှေ့သို့ ဖြူလွှင်လွှင် အရိပ်တစ်ခု ရောက်လာသည်။

အဖြူပေါ်မှာ ငွေရောင်နနလေးတွေ ခပ်ရိပ်ရိပ်ဖော်ထားသော ဝတ်စုံကို ဝတ်ထားပြီး နှုတ်ခမ်းနီပန်းနုရောင်ဖျော့ဖျော့ကို ဆိုးထားသော အမျိုးသမီးတစ်ယောက်။

သူ ကောင်းစွာမှတ်မိနေသော ကားပိုင်ရှင်ဖြစ်၍...

"ဟိတ် ... ဟိတ်"

သူ လှမ်းခေါ်လိုက်တာကို ကြားသွားပြီး လှည့်ကြည့်တာ တွေ့ရသည်။ သူမ နှုတ်ခမ်းကလည်း သူ့ကို မြင်သည်နှင့် ဝိုင်းဟဟလေး ဖြစ်သွားပြီး အံ့သြသွားတာ တွေ့ရသည်။



"ခဏ ... ခဏ"

သူ လှမ်းခေါ်လိုက်သဖြင့် သူမက ပါလာတဲ့သူငယ်ချင်းများကို တစ်ခုခုပြောပြီး သူ့ဆီလျှောက်လာတာ တွေ့ရသည်။

"ဘာကိစ္စလဲ၊ ကားပြင်တာ ပြီးသွားပြီလား"

ထိမထင် မျက်နှာပေးနဲ့ သူမရဲ့အလှက သိပ်မလိုက်ဖက်ပေ။

"ပြီးသွားပြီ၊ အဲဒါ ခင်ဗျားပိုက်ဆံပိုတာ ပြန်ပေးမလို့၊ ဘယ်လိုဆက်သွယ်ရမှန်း မသိတာနဲ့"

သူ ပိုက်ဆံအိတ်ထဲက ပိုက်ဆံထုတ်ပြီး သူမကိုပေးရန် ရေနေစဉ် ...

"ရပါတယ်၊ ရှင့်အတွက်လည်း ပြင်ရဆင်ရ စိတ်ပင်ပန်းရတာပဲ၊ ပြန်မပေးပါနဲ့"

သူမကို သူ မျက်လွှာလှန်ကြည့်လိုက်ပြီး ...

"သူများပိုက်ဆံ အလကား မယူချင်ပါဘူးဗျာ၊ အထူးသဖြင့် မိန်းမတစ်ယောက်ရဲ့ပိုက်ဆံနဲ့တော့ သံသရာကြွေးမပါသွားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ ပခုံးတွန့်ပြီး နှုတ်ခမ်းကို လှုပ်ရွဲ့လိုက်တာ တွေ့ရသည်။

ဒီအမျိုးသမီး လှအောင် နှုတ်ခမ်းရွဲ့ဖို့များ မှန်ကြည့် ကျင့်ထားလား မသိ။

သူ ပိုက်ဆံကမ်းပေးလိုက်စဉ် သူမက ပိုက်ဆံကိုယူပြီး ...

"ကျေးဇူးပဲ၊ ဒါနဲ့ ရှင် ဒီကျောင်းကလား"

သူ ခေါင်းခါပြလိုက်သည်။

သူမကတော့ ဒီကျောင်းကပဲ ဖြစ်မည်ထင်၏။ သူမ လက်ထဲကစာအုပ်က ဘာသာစကားတစ်ခု၏ သင်ရိုးညွှန်းတန်း စာအုပ် ဖြစ်နေတာ တွေ့ရသည်။

"ကျွန်မ ဒီကျောင်းကပါ၊ ကျွန်မနာမည် သက်နှင်းခင့်ပါ၊ ရှင့်နာမည်ကရော"

ဪ ... မိတ်ဖွဲ့စရာ မလိုအောင် သူမကစပြီး မိတ်ဆက်နေသည်။





"ကျွန်တော့်နာမည် ဥဩညိုပါ၊ ဒီကျောင်းက မဟုတ်ပေမယ့် ဒီကျောင်းမှာတက်နေတဲ့ ကျွန်တော့်ညီကို လာကြိုနေကျပါ"

သူမက ပွင့်လင်းစွာပြုံးပြီး ခေါင်းညိတ်ပြသည်။

စတွေ့စဉ်တုန်းက မာနခပ်ကြီးကြီးနဲ့ မျက်နှာခပ်ထန်ထန်လေးက ခုတော့ ချိုအီနူးညံ့စွာ။

"တစ်ခုခု စားပါလား၊ ကျွန်မကျောင်းမှာဆိုတော့ ကျွန်မ ကျွေးမယ်လေ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

မိန်းကလေးတစ်ယောက်ရဲ့ ခင်မင်ရင်းနှီးလိုမှုကို ငြင်းရလောက်အောင် သူ မရိုင်းတတ်သူမို့ ...

"ရပါတယ်၊ လက်ဖက်ရည်လောက်ဆိုရင် ဖြစ်ပါတယ်"

သူမက သူနဲ့အတူ ထိုင်နေဆဲ ဆိုင်မှာပင် ဝင်ထိုင်လိုက်တာ တွေ့ရသည်။

နုးညံ့ဝင်းမွတ်သော အသားက အနီးကပ်ကြည့်စဉ် အကြောစိမ်းလေးများယှက်၍ ဝင်းဖန့်နေတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါစိမ့်စိမ့် ရွှေကြာဖြူ အသားအရေနှင့် မတူသလို တစ်မျိုးစီ အသားအရေ လှသူများအဖြစ် စိတ်ထဲ သတ်မှတ်ထား လိုက်မိသည်။

"ဟိုတစ်နေ့က ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်စရာ ကိစ္စတစ်ခု ရှိနေလို့ ကိုဥဩညိုကို ပြေပြေလည်လည် မဆက်ဆံမိသလို ဖြစ်သွားတာ ခွင့်လွှတ်နော်"

အပြောင်းအလဲ မြန်လိုက်တာလို့ စိတ်ထဲက သဘော လိုပေမယ့် အားနာစွာပင် ထိုအတွေးကို ဖျောက်ပစ်လိုက်သည်။

"ခင်ဗျား ကားမောင်းနည်းနည်းကြမ်းတာတော့ ဖြင်သင့် တယ်၊ ပြီးတော့ သိပ်စိတ်လှုပ်ရှားနေရင် ကားကိုယ်တိုင် မမောင်းတာ ပိုကောင်းတယ်"

စေတနာနဲ့ အကြံပေးလိုက်စဉ် သူမက အားတက် သရော ခေါင်းညိတ်ပြီး ...

"ဟုတ်တယ်၊ ကျွန်မ ဆင်ခြင်စရာတွေ ရှိသေးတယ်၊ လောလောဆယ်တော့ ဒရိုင်ဘာတွေကို စိတ်တိုင်းမကျတာ လို့ ကျွန်မဘာသာပဲ မောင်းမိနေဦးမယ်ထင်တယ်"





အခု စကားပြောခွင့်ရနေတာ သက်နှင်းခန့် မဟုတ် ဘဲ ရွှေကြာဖြူဆို ဘယ်လောက်ကောင်းလိုက်မလဲလို့ တရားမမျှ စွာ တွေးမိလိုက်သည်။

"ကဲ ... ဟိုမှာ ညီ လာနေပြီ၊ ကျွန်တော့်ကို ခွင့်ပြုဦးနော်"

သူ ကမန်းကတန်း ထလိုက်စဉ် သူမက တစ်စုံတစ်ခု ကို သတိရသွားဟန်ဖြင့် ...

"ဟိုတစ်ခါတောင်းခဲ့တဲ့ ဖုန်းနံပါတ် အခုပေးလို့ရသေး လား"

သူ မျက်မှောင်ကုတ်လိုက်ပြီး သူမကို နားမလည် သလို ကြည့်လိုက်မိသည်။

"ကိုဥဩညို ကျွန်မဆီက ဖုန်းနံပါတ်တောင်းခဲ့တာကို ကျွန်မ မပေးဖြစ်ခဲ့ဘူးလေ"

ဟာ ... သူမ ဒီလောက်မှတ်ဉာဏ်ကောင်းတတ်သူ လား။

သူ့အတွက်တော့ သူမ ဖုန်းနံပါတ်ရှိခြင်း၊ မရှိခြင်း က ဘာမှ အရေးပါမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမ ကမ်းပေးတဲ့ ဖုန်းနံပါတ်ကို လှမ်းယူလိုက်ပြီး သူမကိုလည်း သူ့ဖုန်းနံပါတ်ပါတဲ့ ကတ်လေးတစ်ခု လိုက်ပေးလိုက်ရသည်။

သေချာသည်။ သူမဆီ ဖုန်းဆက်ဖြစ်မှာ မဟုတ်သလို၊ သူမဆီက ဖုန်းကိုလည်း မျှော်လင့်မိမည်မဟုတ်။

♦♥♦





ခြေလှမ်း လှမ်းရင်း တရားမှတ်နေသလားဟု စချင်ရလောက်အောင် ရွှေကြာဖြူက ခြေလှမ်းမှန်မှန်နှင့် ဘေးဘီကိုမကြည့်ဘဲ လမ်းလျှောက်ခဲ့နေသည်။

ခပ်လှမ်းလှမ်းက စောင့်ကြည့်နေသည့် သူ့ကိုမြင်လျှင် အံ့ဩစိုးထိတ်သွားလေမလား။

မကြာခဏ အံ့ဩတတ်တတ်သည့် ရွှေကြာဖြူ့ မျက်ဝန်းဝိုင်းဝိုင်းလေးကို သူ နှစ်သက်လွန်းလှသည်။

ပန်းဆီရောင် T.Shirt နှင့် အနက်ပြောင်လုံချည်လေးဆို ဝတ်ထား၍ ရွှေကြာဖြူ့အသွင်က ထင်လင်းတောက်ပနေသည်။

တဖြည်းဖြည်း ရွှေကြာဖြူ အရိပ်လေး နီးလာစဉ်မှာ ဆက်ပြီး မပုန်းချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာဖြူ မြင်ကွင်းရှေ့မှာ သူ သွားရပ်လိုက်သည်။

"ဟင် ... ကိုဥသြညို"

ရွှေကြာဖြူဆီက သူ့နာမည်ကို ကြားလိုက်ရ၍ သူ ပိုပြီးအံ့သြရင်ခုန်သွားသည်။

ရွှေကြာဖြူ မျက်ဝန်းဝိုင်းဝိုင်းလေးကို သူ ခုံမင်မြတ်နိုးစွာ ကြည့်လိုက်မိပြီး ...

"အတန်းပြီးပြီ မဟုတ်လား"

ကိုလမင်းတို့ဆီက ရွှေကြာဖြူ အတန်းအချိန်စာရင်းကို သူ ရထားပြီးဖြစ်သည်။

"ဟုတ်ကဲ့"

နာခံတတ်တဲ့ သူမလေး ဖြစ်နေပါလား။

"ဒါဆို တစ်ခုခုသောက်ရင်း စကားလေး ဘာလေး ပြောလို့ရမလား"

ရွှေကြာဖြူက ဘေးဘီကို စိုးရွံ့စွာ အကဲခတ်သလို ကြည့်လိုက်ပြီး ...

"ရပါတယ်၊ သိပ်ကြာလို့တော့ မဖြစ်ဘူး"



ရွှေကြာဖြူရဲ့ ဒီစကားက သူ့အတွက် ထီပေါက်သလို ဝမ်းသာစရာ ကောင်းလှသည်။

"ဒါဆို ကျွန်တော်တို့ ကျောင်းဝင်းအပြင်က အအေးဆိုင်တစ်ဆိုင်ကို သွားကြမယ်နော်"

အနူးညွတ်ဆုံး၊ အညင်သာဆုံးနဲ့ ရွှေကြာဖြူ လိုက်လျောခေါင်းညိတ်ဖို့ ကြိုးစားနေရသည်။

"အင်"

ရွှေကြာဖြူရဲ့ အင်းသံရှည်ရှည်ကြီးက ရင်မောနေဟန်။

သူ့အတွက် ရွှေကြာဖြူ စိတ်ရှုပ်ကောင်း ရှုပ်နေနိုင်လေမယ့် သူ အားနာစွာပင် အခွင့်အရေးတွေ တောင်းဆိုနေမိသည်။

သူ့ကားလေးဆီ လျှောက်လာစဉ် ရွှေကြာဖြူရဲ့ ဆံပင်ဆီက အနံ့သင်းသင်းလေးတစ်ခုကို ရှိန်းမြစွာ ရနေသည်။

သေသေချာချာ အာရုံစိုက်ပြီး ရှူမိ စဉ် ခရေပန်းနဲ့ ဖြစ်နေတာ သတိထားလိုက်မိသည်။

ရွှေကြာဖြူ ခေါင်းမှာ ခရေပန်းတစ်ခွေကို ခွေဝိုက်တွဲချိတ်ထားတာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာဖြူ့အတွက် ဆရာမင်းသုဝဏ် ကဗျာထဲကလို "ပန်းချင်တယ် ခရေဖူးဆိုလို့ မောင်ခူးကာပေး" ဆိုသလို သူ ခရေတွေ ခူးပေးပန်ဆင်လိုလှသည်။

အတွေးနှသွားသည့် သူ့ဘာသာသူ ပြုံးလိုက်မိသည်။

ကားပေါ်မှာ ထုံးစံအတိုင်း ရွှေကြာဖြူက နောက်ခန်းမှာပဲ ထိုင်လိုက်သည်။

အနီးဆုံး အအေးဆိုင်ကို မောင်းလိုက်ပြီး၊ ဆိုင်လေးက ခြံကျယ်ကြီးထဲတွင် ခမ်းနားစွာ ဖွင့်ထားသောဆိုင်လေးဖြစ်နေသည်။

ရွှေကြာဖြူက ဆိုင်ထဲကို မျက်လုံးလေးဝေ့ကြည့်ပြီး သက်ပြင်းခိုးချတာ တွေ့လိုက်ရသည်။

"လူရှင်းရှင်း ဆိုင်လေးကိုပဲ ခေါ်လာတာ"

လူရှင်းသည့် ဆိုသော်လည်း ဆိုင်ထဲမှာက စုံတွဲလေးတွေ များနေသည်။

"အင်း ... ရပါတယ်"



ရွှေကြာဖြူ စိတ်အိုက်နေဆဲဆိုတာကို ရွှေကြာဖြူ့အသံထဲမှာ တွေ့နေရသည်။

"ဘာသောက်မလဲ"

"ဘာပဲဖြစ်ဖြစ် ရပါတယ်"

ရွှေကြာဖြူက ဆိုင်လေးရဲ့အပြင်အဆင်ကို အထူးအဆန်းတစ်ခုလို လိုက်ကြည့်နေစဉ် သူက သခွားမွှေးဖျော်ရည်နှစ်ခွက်ကို မှာလိုက်သည်။

"ကျွန်တော်နဲ့ လိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် ရွှေကြာဖြူ"

သူ ကြည်နူးမှုအတွက် ဒီထက်ပိုပြီး ကျေးဇူးတင်စကား ပြောချင်နေသေးသည်။

"ကျွန်မလည်း ကိုဥာဏ်သြည်ကို ပြောစရာရှိလို့ လိုက်လာတာပါ"

ရွှေကြာဖြူ မျက်နှာပေါ်မှာ ဘာအရိပ်မှ ရှိမနေ၍ ရွှေကြာဖြူ ဘာပြောမယ်ဆိုတာ ခန့်မှန်းရ ခက်လှသည်။

"ကျွန်မ စာအုပ်ဖိုး ပေးပါရစေ ကိုဥာဏ်သြည်"

www.burmeseclassic.com



မခေင်မှတ်သော စကားကို ကြားလိုက်ရသလို ထို စကားအတွက်လည်း သူ အံ့ဩဝမ်းနည်းသွားသလို ခံစားလိုက်ရသည်။

"ဘာဖြစ်လို့လဲ ရွှေကြာဖြူရယ်၊ ကျွန်တော် ရွှေကြာဖြူ လိုချင်လွန်းတာကိုသိလို့ တကူးတက ရှာထားရတာပါ"

သူ့အသံက တကယ်ကို စိတ်မကောင်းနေတယ်ဆိုတာ ရွှေကြာဖြူ ခန့်မှန်းနိုင်မှာပါ။

"ဟုတ်ပါတယ်၊ ကျွန်မကလည်း ဒီစာအုပ် အသုံးပြုတိုင်း ကိုဥဩညိုကို သတိရနေမှာပါ၊ ဒါကြောင့် လိပ်ပြာလုံလုံ နဲ့ သတိရချင်လို့ စာအုပ်ဖိုး ပေးချင်တာပါ"

ရွှေကြာဖြူ အကြောင်းပြချက်က လှပသောသစ္စာ။

"ကျွန်မ စာအုပ်ဖိုးပေးတာက ကိုဥဩညိုရဲ့စေတနာကို စော်ကားတာ မဟုတ်ပါဘူး၊ ကျွန်မ ဒီစာအုပ်ကို လိုချင်နေတဲ့အချိန်မှာ ရအောင်ရှာပေးနိုင်တဲ့အတွက် အမြဲတမ်း ကျေးဇူးတင်နေမှာပါ"



သူ ဒီစာအုပ်ကို စင်ကာပူမှာ စာအုပ်ဆိုင်ဖွင့်ထားသော သူ့အဒေါ်ဆီကို အကြောင်းကြားပြီး ရှာခိုင်းထားခြင်းဖြစ်သလို၊ စာအုပ်လေး သူ့လက်ထဲ ရောက်ရောက်ချင်း ရွှေကြာဖြူ အတွက် သူ ရင်ခုန်လှိုက်မောစွာ ပျော်ခဲ့ရသူဖြစ်သည်။

"ကျွန်တော် စာအုပ်ဖိုး လက်မခံရင်ရော"

ရွှေကြာဖြူက သူဒီစကားပြောနိုင်သည်ကို တွက်ဆထားပုံရသည်။ ဘာမှပင် မစဉ်းစားလိုက်ပဲ ...

"ကျွန်မ ဒီစာအုပ်ကို လက်မခံရဲပဲပေါ့ ကိုဥဩညို"

ဟာ ... ဒီမိန်းကလေး၊ ဒီစာအုပ်ကို ဒီလောက်လိုချင်နေရက်နဲ့ မာနတွေကြောင့် စွန့်လွှတ်ရန် ကြိုးစားနေသေးသည်။

"ကျွန်တော် စာအုပ်ဖိုး လက်ခံပေးမယ်၊ ဒါပေမဲ့ ရွှေကြာဖြူ တစ်ခုတော့ လိုက်လျောပေးရမယ်"

သူ အတင်းအစွင့်အရေးယူဖို့ ဆုံးဖြတ်လိုက်သည်။

ရွှေကြာဖြူက သူ ဘာတောင်းဆိုမလဲ ဆိုတာကို တည်ငြိမ်စွာ စောင့်မျှော်နေရှာသည်။

"ကျွန်တော် ရွှေကြာဖြူနဲ့ ခင်ချင်တယ်၊ မိတ်ဆွေ ဖြစ်ချင်တယ်၊ မိတ်ဆွေဖြစ်ခွင့် ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာဖြူက ငွေ့ငွေ့လေး ပြုံးသည်။

နေရစက်နေတာကို အပြုံးတစ်ခုဖြင့် ခပ်ပါးပါး လွှမ်းခြုံလိုက်ပုံရသည်။ ပြီးမှ ...

"ကိုဥဩညိုက ကျွန်မနဲ့ နှစ်ကြိမ်ဆုံဖူးပြီး ဆုံခဲ့တဲ့အကြိမ်တိုင်းကလည်း ကျွန်မ အလိုချင်ဆုံး အရာတွေကို ဖန်တီးပေးခဲ့တာချည်းပဲလေ၊ တစ်နည်းပြောရရင် ကျွန်မရဲ့ ကျေးဇူးရှင်ပဲ မဟုတ်လား"

"ဟာ ... ကျေးဇူးရှင်ဆိုတဲ့ အကြောင်းပြချက်ကြီးနဲ့တော့ ကျွန်တော် မခံချင်ဘူး ရွှေကြာဖြူ"

ရွှေကြာဖြူက သူ့စိတ်ကျေနပ်အောင် လှည့်ပတ်ပြောဖို့ ကြိုးစားနေတာလား။

"ကျွန်မ သဘောပြောပြတာပါ ကိုဥဩညို၊ ကျွန်မအတွက် ကိုဥဩညိုက မကောင်းတာတွေ သယ်လာတတ်တဲ့သူမှ မဟုတ်တာ၊ ကျွန်မ ခင်ချင်ပါတယ်၊ ခင်ခွင့်လည်းပေးပါတယ်"

ကြည့်စမ်း၊ ဒီစကားတွေပြောဖို့အတွက် နိဒါန်းတွေ ရှိနေလိုက်တာ။



သူ့ကို အတော်စိတ်လှုပ်ရှားအောင်လုပ်တဲ့ မိန်းကလေး။

ရွှေကြာဖြူကို သူ မချင့်မရဲနဲ့ ကြည့်နူးစွာ ကြည့်နေမိလိုက်သည်။

♦♥♦



www.burmeseclassic.com

စာအုပ်လေးထဲက သူ့စာလေးကိုဖြုတ်ပြီး သူ ဆွဲကြိုး ထည့်ပေးခဲ့တဲ့ ယွန်းဘူးလေးထဲ ထည့်သိမ်းထားလိုက်သည်။

သူပေးခဲ့တဲ့ ဖုန်းနံပါတ်လေးကို စာအုပ်ထဲမှာ ရေး မှတ်ထားစရာမလိုဘဲ အလွတ်ရနေသည်။

ကြာဖြူ ဖုန်းနံပါတ်ကိုတောင်းစဉ် ကြာဖြူ မပေးရဲ ခဲ့။

အိမ်ကသိသွားရင် ကြာဖြူ့အနာဂတ်အတွက် မမျှော် မှန်းထားတာတွေ ဖြစ်လာနိုင်သည့်အတွက် စိတ်မကောင်းစွာနဲ့ ဖုန်းနံပါတ် မပေးဖြစ်ခဲ့။

ကြာဖြူ့မှာ အမျိုးသားမိတ်ဆွေ ရှိနေခြင်းကိုပင် လေးလေးနဲ့ အန်တီ ခွင့်လွှတ်ပေးနိုင်ကြပါ့မလား။



ကြာဖြူရဲ့ လွှတ်လပ်စွာ ရင်မခုန်ရဲရသည့် ဘဝထဲ ဆို သူက ရဲရဲဝံ့ဝံ့ ဝင်လာပေမယ့် ကြာဖြူ စိုးထိတ်လှသည်။

သက်ပြင်းရှည်ကြီးချပြီး မျက်လုံးများကို ရင်မောစွာ မှေးထားလိုက်စဉ် ...

"ကြာဖြူရေ ဘာတွေ တွေးနေတာလဲ"

ကြာဖြူ ပခုံးကို ဖျတ်ခနဲပုတ်ပြီး အခန်းထဲရောက် လာတဲ့ သက် အသံကို ကြားလိုက်ရသည်။

"ဟင့်အင်း ... ဘာမှမတွေးပါဘူး၊ စာဖတ်ရင်း မျက်လုံး ညောင်းလို့ မှေးနေတာပါ"

လိမ်လိုက်ခြင်း ဖြစ်ပေမယ့် ကြာဖြူ့ရှေ့မှာဖွင့်ထား တဲ့စာအုပ်က အဆင်သင့်ဖြစ်နေ၍ ခက်ခက်ခဲခဲ လိမ်စရာပင်မလို။

"ငါ ပြောစရာရှိလို့ ကြာဖြူရဲ့"

သက်က ထုံးစံအတိုင်း ကြာဖြူ့အိပ်ရာပေါ်မှာပစ် ထိုင်ရင်း မျက်နှာကြက်ကို ပြူးစိစိနှင့် ကြည့်နေသည်။

သက်မျက်လုံးထဲ မျက်နှာကြက် မြင်နေမှာ မဟုတ် တာ သေချာသည်။

www.burmeseclassic.com



"ဘာလဲ ... သက်ရဲ့မာကျူရီအကြောင်းလား"

"ဟုတ်တယ်၊ ဒီနေ့ သူနဲ့ကျောင်းမှာတွေ့တယ်၊ ဟာ ... ဟာ၊ ငါ့ကို သူက စခေါ်တာ သိလား၊ ငါလေ ရင်ခုန်လွန်းလို့ ထက,မိမတတ်ဘဲ၊ သူကတော့ အေးဆေးပဲဟ၊ ငါ့ကိုကားပြင်ပြီး ပိုတဲ့ပိုက်ဆံ ပြန်ပေးချင်လို့တဲ့"

သက်ရဲ့မာကျူရီစိတ်ဓာတ်က မဆိုးဟု စိတ်ထဲက ကျိတ်သတ်မှတ်လိုက်သည်။

"ဒီတစ်ခါတော့ ငါ အိုက်တင်ခံလို့ မဖြစ်တော့ဘူးလေ။ သူ့ပုံစံက အတည်ကြီးဟ၊ ငါ နည်းနည်းလျှော့မှ ဖြစ်မှာမို့ သူနဲ့အတူ ဆိုင်ထိုင်ဖို့ အခွင့်အရေး ပေးလိုက်တယ်၊ သိလား"

သက်က ငယ်ငယ်ကတည်းက ဗိုင်းစိတ်ဝင်စားခဲ့ရတာကို သာယာတတ်သူ ဖြစ်သော်လည်း ဒီလိုမျိုး မာနနဲ့သိက္ခာကျရလောက်အောင် ရေလာမြောင်းပေးကိစ္စမျိုးကို မလုပ်ဖူး။

သက် မာကျူရီကို တော်တော်ငြိတွယ်နေပြီဆိုတာ ကြာဖြူ သတိထားလိုက်မိသည်။



"ပြီးတော့ ငါတို့ ဖုန်းနံပါတ်တွေ အပြန်အလှန် ပေးမဲ့ကြတယ်၊ ကြည့်နေ၊ ငါ့ဆီ မာကျူရီ ဖုန်းဆက်လိမ့်မယ်"

အင်းလေ ... သက်ရဲ့အလှကို ဘယ်ယောက်ျားသားက စိတ်မလှုပ်ရှားဘဲ နေပါ့မလဲ။

အလှတင်မကပါဘူး၊ မိဘအသိုင်းအဝိုင်း၊ ပညာ၊ ဥစ္စာ လိုလေသေးမရှိ ပြည့်စုံနေသည့် သက်ကို ဘယ်လိုအကြောင်းပြချက်နဲ့မှ မာကျူရီ လျစ်လျူရှုနိုင်မှာ မဟုတ်ဟု တွေးလိုက်မိသည်။

♦♥♦

www.burmeseclassic.com



စာအုပ်ဖိုး ပိုက်ဆံပေးရန် ရှိသဖြင့် ကြာဖြူ ဉသြည်ကို တွေ့ကိုတွေ့ရဦးမည် ဖြစ်သည်။

ခက်တာက ကြာဖြူကို ခင်ချင်ပါတယ်လို့ ပြောပြီးနောက်ပိုင်းရက်တွေမှာ သူ့ကို မတွေ့ရတော့။

အရင်က မတွေ့ရတာ ဘယ်လိုမှမဖြစ်။

အခုတော့ တစ်ခုခု လိုနေသလို ဟာနေသည်။

မမျှော်မိအောင် ထိန်းထားပေမယ့် တိတ်တခိုးမျှော်နေမိသည့် ကြာဖြူ့စိတ်တွေက စာထဲမှာလည်း စိတ်မဝင်စား။ လက်တွေ့တွေမှာလည်း အမှားမှား အယွင်းယွင်းတွေနဲ့ ကြာဖြူသူမကိုယ်သူမ အံ့သြစွာ၊ ရှက်ရွံ့နေမိသည်။

သက်လို ရင်မဖွင့်တတ်သဖြင့် ကြာဖြူအတွက် စိတ်ထွက်ပေါက်က စာတွေ နင်းကန်ဖိဖတ်နေရုံသာ။





စာမျက်နှာတွေပေါ် ပေါ်နေသည့် သူ့အပြုံးနွေးနွေးတွေကို မျက်လုံးထဲက ဖွတ်အတင်း မဖောက်ဖျက်ချင်တော့။

ပေးစရာ အကြွေးရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် ဖုန်းဆက်၍ ကြာဖြူ အကြိမ်ကြိမ် ကြိုးစားခဲ့ပြီး အကြိမ်တိုင်းနံပါတ်တွေကို ပြောနိုင်းခဲ့ရသည်ချည်းပင်။

အခုလည်း ကျောင်းအဆောင် ဘတ်စ်ကားဂိတ်နားကသော ဖုန်းဆိုင်လေးမှာ ဖုန်းဆက်ချင်သည့်စိတ် ပေါ်လာပြန်သည်။

ဖုန်းအနီးမှာ ချီတုံချတုံ ဖြစ်နေသည့် ကြာဖြူ့ကိုဆိုင်းမှာ ထိုင်နေသည့် ကောင်မလေးက အံ့သြစွာ မော့ကြည့်နေသည်။

နောက်ဆုံးတော့ တုန်ယင်နေတဲ့ လက်တွေနဲ့ ဖုံးနံပါတ်လေးတွေကို နှိပ်လိုက်မိသည်။

တစ်ဘက်က ဖုန်းခေါ်သံကို ကြားရစဉ် သူမစိတ်စွာ ရင်ခုန်လာသည်။

ဖုန်းခွက်ကိုင်ထားသည့် လက်ထဲမှာ ချွေးစေးတွေစေးလေးနဲ့ စိုစွတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းကိုင်ရင် ကြာဖြူ ဘာများပြောရမှာပါလိမ့်။ စကားကြိုတင်မတွေးထားဘဲ ဖုန်းခေါ်မိလိုက်သည့်အတွက် ကြာဖြူ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်ပြီး ဖုန်းပြန်ချရန်အလုပ် ...

"ဟဲလို"

သူ့အသံမှ သူ့အသံအစစ်။

သူ ကြာဖြူ ဖုန်းဆက်တာကို သိသေးတာမှမဟုတ်တာ။ ကြာဖြူ ဖုန်းချရန် အချိန်မီသေးသော်လည်း ...

"ဟဲလို ... ကိုဥသြညိုလား"

ကြာဖြူ တိတ်တခိုး မျှော်လင့်ခဲ့ရသည့် သူ့အသံကို ဆက်ကြားချင်သေးတာမို့ ဖုန်းပြန်ဖြေလိုက်စဉ် ...

"ကြာဖြူ ... ရွှေကြာဖြူ ဟုတ်ပါတယ်နော်"

သူ့အသံက လိုက်လှဲဝမ်းသာစွာ ...

လှလည်ကြီး၊ ကြာဖြူ့အသံကို ချက်ချင်း မှတ်မိနိုင်သည်ပဲ။



"ဟုတ်ကဲ့ ... ဟို ... ကိုဥသြညိုကို ပိုက်ဆံဘယ်နေ့ပေးရမလဲလို့"

"ဟား ... ကျွန်တော့်ကို ဒီကိစ္စအတွက် ဖုန်းဆက်တာလား၊ စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော့်ကို လိမ်ပြီး သတိရလို့ ဖုန်းဆက်တာပါလို့ ပြောပေးပါလား"

ဘုရားရေ ... သူက ကြာဖြူဆီက ရင်းနှီးကြင်နာသော စကားတွေကို ကြားချင်နေတာ၊ ပွင့်လင်းစွာ ထုတ်ပြောနေသည်။

"ဟို ... ဘာဖြစ်လို့ ကိုဥသြညို ကျောင်းကို မရောက်တာလဲဟင်"

"ဘာလဲ ... ဒါ ကျွန်တော့်ကို သတိရနေတာပါလို့ သွယ်ဝိုက်ပြောလိုက်တာလား"

ဟာ ... ကြာဖြူ့နားမှာ သူ ဒီစကားတွေပြောနေ၍ ကြာဖြူ ရှက်ပြီးအငွေ့ပြန်သွားမလားဘဲ။

"အလကားစတာပါ ကြာဖြူရယ်၊ ကျွန်တော် အခု မန္တလေးမှာ၊ အလုပ်ကိစ္စတွေ မပြတ်သေးလို့ ပြန်လို့မရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာဖြူကို သတိရတယ်ဗျာ၊ အခုလေးတင် ကျွန်တော် ဆီ ဖုန်းဆက်ရင် ဘယ်လောက်ကောင်းမလဲလို့ တွေး တာ”

သူနဲ့ ကြာဖြူက မိုင်ပေါင်းရာချီဝေးတဲ့နေရာမှာ နေကြတာပဲ။

“ဘယ်လိုလဲ၊ တိုက်ဆိုင်တယ်နော်၊ ကျွန်တော် ကြာဖြူကို သတိရနေတဲ့ အချိန်မှာ ကြာဖြူလည်း ကျွန်တော့်ကို သတိရနေတယ် ထင်တယ်”

ကြာဖြူ ဘာပြောရမှန်း မသိတော့ဘဲ နှုတ်ဆိတ် နေစဉ် သူက ဆက်ပြီး ...

“ကျွန်တော် သန်ဘက်ခါလောက် ပြန်လာမယ်လေ၊ အဲ လောက်ဆို အလုပ်တွေ ပြီးလောက်ပါပြီ”

“အင်း ... ဒါဆို ပြန်လာမှပဲ တွေ့တော့မယ်လေ”

“ဟာ ... ဖုန်းမချလိုက်နဲ့ဦး ကြာဖြူ”

သူက ကမန်းကတန်း တားလိုက်သဖြင့် ကြာ ဖုန်းမချဖြစ်သေးဘဲ ဆက်နားစွင့်နေစဉ် ...





“ကျွန်တော် ကြာဖြူ့ကို လွမ်းတယ်ဗျာ”

သူမ ကြောင်တက်တက်နှင့် အံ့ဩမှင်သက်နေစဉ် သူ ဖုန်းချသွားလေပြီဖြစ်သည်။

ကြာဖြူ ရှက်ပြီး မြေကြီးထဲပဲ ဝင်သွားတော့မလား၊ အငွေ့ပြန်ပြီး မိုးပေါ်ပဲ လွင့်သွားတော့မလား။

ကြာဖြူ ရှက်ရွံ့အံ့ဩ ရင်ခုန်ကြည်နူးစွာ ငြိမ်သက် မိနေဆဲ။

ဖုန်းသံ တူ ... တူကို နားအူတဲ့အထိ နားမှာကပ် အားမိနေဆဲ။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်က ဘာဖြစ်လို့ ဒီလောက် သွက်လက်လျင်မြန်သွားသည်မသိ။

သေချာတာကတော့ သိပ်သတိရနေတဲ့ အချိန်မှာ ကြာဖြူ့ရဲ့အသံကို မထင်မှတ်ဘဲ ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူသာ ကြာဖြူ့ရှေ့မှာ ဒီစကားပြောမိမည်ဆိုလျှင် ကြာဖြူ့ရဲ့ လုံးဝိုင်းကြည်လင်သော မျက်လုံးပြူးလေးကို မြင်ရဦးမည်ထင်။

အရင်က သူ့အဖေ သွားနေကျ ဖြစ်သော်လည်း ဒီတစ်ခေါက်ကစပြီး ဖေဖေ့ ကျန်းမာရေး အခြေအနေကြောင့် သူ ဖေဖေ့တာဝန်တွေကို လုံးဝလွှဲယူလိုက်ရပြီဖြစ်သည်။



မန္တလေးမှာ ပင်မအလုပ်ရုံ ရှိနေသည့် သူတို့မိသားစုရဲ့လုပ်ငန်းက ရန်ကုန်မှာ ပိုပြီးအဆင်ပြေ၍ ရန်ကုန်မှာပဲ အခြေချနေကြခြင်းဖြစ်သည်။

ကျောက်စိပန်းချီကားလုပ်ငန်း၊ ချွေခြည်ထိုးပန်းချီကားလုပ်ငန်းနှင့် ရက်ကန်းချည်ထည် ပိုးထည်လုပ်ငန်းတွေကို အဘိုးဘွားပိုင် အလုပ်အဖြစ် လုပ်ကိုင်နေခြင်းဖြစ်ပြီး ထိုလုပ်ငန်းတွေမှာလည်း သူတို့ကုမ္ပဏီက အောင်မြင်မှု ပိုနေ၍ ပိုကြိုးစားနေရသည်။

ကိုယ်ပိုင်လုပ်ငန်းဖြစ်၍ အချိန်သတ်မှတ်ထားခြင်း မရှိသော်လည်း ခုတလော သူ အပြင်မှာ ခြေရှုပ်နေခြင်းကို ဖေဖေက သဘောတွေ့ဟန်မတူ။

ဒါကြောင့်လည်း သူ့ကို စောစောစီးစီး အလုပ်တွေကို ဦးဆောင်ဖို့ လွှဲပေးလိုက်ခြင်းဖြစ်သည်ဟု သူ ထင်သည်။

လွမ်းလိုက်တာ ကြာဖြူရယ်။

ကားကို တောင်သမန်နားမှာရပ်ပြီး လွမ်းရောကောင်းသည့် တောင်သမန်တံတားကြီးကို ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မနက်ဖြန်ဆို မှာထားသည့်ပစ္စည်းများ ပြည့်ပြီမို့ သူ ပြန်လို့ရပြီဖြစ်ပြီး၊ ရန်ကုန် ရောက်ရောက်ချင်း ကြာဖြူ့ဆီသွားဖို့ ဆုံးဖြတ်ထားသည်။

အလုပ်ရုံသွားဖို့ ကားကို ပြန်လှည့်လိုက်စဉ် ဖုန်းတစ်ခု ဝင်လာသည်။ သူ မသိသော ဖုန်းနံပါတ်ဖြစ်နေ၍ ကြာဖြူ့ ထပ်ဆက်တာလားလို့ မဖြစ်နိုင်စွာ တွေးလိုက်မိသေးသည်။

ဒါပေမဲ့ ...

"ကိုဥဩည်သိုလား၊ ကျွန်မ သက်နှင်းခန့်ပါ"

သူမ ဘယ်သူလဲဆိုတာ ပြန်မမေးမိခင်မှာပင် ကံကောင်းစွာ သူ့ဦးနှောက်က သူမကို မှတ်မိသွားသည်။

"ဩော် ... မသက်နှင်းခန့်လား၊ ပြောပါ"

"ဒါနဲ့ ကိုဥဩည်သို အခု ဘယ်မှာလဲ"

သူမက သူ့ကို ချက်ချင်းခေါ်တွေ့ဖို့များ ရည်ရွယ်လေသလား မသိ။

"ကျွန်တော် အခု မန္တလေးမှာပါ၊ ဘာဖြစ်လို့လဲ"

သူမ ရယ်သံ တိုးညင်းညင်းကို ကြားရပြီး ...



"ဩော် ... ထင်သားပဲ၊ ခုတလော ကိုဥဩည်သို ကျောင်းလာတာ မတွေ့ဘူးလေ"

ညီကို ဖေဖေတစ်လှည့် ကြိုနေမှာပေါ့။

ခြေများသူမို့ ဖေဖေက ညီကို ကားပေးမသုံး။

"ဩော် ... ပြောရမယ့် ကိစ္စတောင် မေ့တောမယ်၊ ဒီလိုပါ ကိုဥဩည်သိုရဲ့၊ ကျွန်မ စာအုပ်တစ်အုပ် လိုချင်လို့ပါ"

ဒီတစ်ခါတော့ သူ ရယ်ရမည့်အလှည့် ဖြစ်သည်။

"မသက်နှင်းခန့် မှားနေပြီ ထင်တယ်၊ ကျွန်တော်က စာအုပ်ရောင်းတဲ့လူ မဟုတ်ဘူး"

သူမရယ်သံက သဘောကျသွားဟန်ဖြင့် လွင်ချို့နေသည်။

"ဟုတ်သားပဲ၊ ကျွန်မ စကားပြောတာ သိပ်လေသွားတယ်၊ ဒီလိုပါ ကိုဥဩည်သိုရဲ့အခေါ် စင်ကာပူမှာ စာအုပ်ဆိုင်ဖွင့်ထားတယ်လို့ ပြောသံကြားလို့ပါ"

ဟ ... သံတင်းက တီကျုလှချည်လား။

သူမ ဘယ်သူ့ဆီကများ သိတာပါလိမ့်။

သူ တွေးနေဆဲမှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘယ်လိုသိလဲလို့ တွေးနေတာလား၊ သိပ်တွေးမနေပါနဲ့ ဆံပင်တွေ ဖြူကုန်ဦးမယ်၊ ကိုဥသြသိုည် ဒီနေ့ကင်တင်းမှာ သူ့သူငယ်ချင်းတွေကို ပြောနေတာ ကြားလို့ပါ"

ဟာ ... ဒီကောင်။

"အဲဒီတော့ ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

"အားတော့ နာတယ်၊ ဒါပေမဲ့ အကူအညီတောင်းရဦးမယ်၊ အဲဒါ ကျွန်မအတွက် စာအုပ်တစ်အုပ်လောက် ရှာပေးပါလား၊ ကုန်ကျသမျှကို ကျွန်မ ပေးပါ့မယ်"

သူ့အတွက် ဘာမှအပန်းကြီးတဲ့ကိစ္စ မဟုတ်။

ဖုန်းဆက်ပြီး မှာပေးရုံပင်။

ဒါပေမဲ့ သူမ သူ့ကို ရင်းရင်းနှီးနှီး အကူအညီတောင်းတာတော့ ထူးဆန်းနေသည်။

"အဲဒါတွေ ကျွန်တော် ရန်ကုန်ရောက်မှ သေသေချာချာ ပြောကြတာပေါ့၊ လောလောဆယ် ကျွန်တော် ကားမောင်းနေလို့ပါ"





"ဟာ ... ဆောရီး ... ဆောရီး၊ ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်၊ ရန်ကုန်ရောက်မှ တွေ့ကြတာပေါ့"

သူမ ဖုန်းချသွားတော့မှ သူမအကြောင်း အုံခြွှာခေါင်းထဲဝင်လာသည်။

ကြည့်လိုက်တာနဲ့ တန်ဖိုးကြီးကြီး စူးစူးရဲရဲ လှပနေသော ပန်းတစ်ပွင့်နဲ့တူတဲ့ သူမ။

သူမအလှက သူ့ကို စိတ်မလှုပ်ရှားစေတာတော့ ထူးဆန်းနေသည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



သူ့ကားရပ်နေကျ နေရာလေးကို ခြေလှမ်းလေး တုံ့ပြီး လှမ်းကြည့်လိုက်တာ တွေ့ရသည်။

သူ့ကားကို မတွေ့၍ သက်ပြင်းလေးကို ခိုးချပြီး လေးလံစွာ ခြေလှမ်းတွေကို ဆက်သယ်နေတာ တွေ့ရသည်။

"ဟိတ် ... ကျွန်တော့်ကို ရှာနေတာလား"

ကြာဖြူ့ကျောဘက်ကနေပြီး ပြောလိုက်စဉ် ကြာဖြူ ကျောလေးက အံ့ဩစွာ တွန့်ခနဲဖြစ်သွားပြီး သူ့ဘက်ကို ကမန်းကတန်း လှည့်ကြည့်လိုက်တာ တွေ့ရသည်။

"ဒီမှာ ကားရပ်စရာနေရာ မရှိလို့ အပြင်မှာ ရပ်ခဲ့ရတယ်"

ကြာဖြူက အဖြူဆွတ်ဆွတ် T.Shirt နှင့် အဖြူပေါ်မှာ ပုလဲလုံးအနက်လေးတွေ ဖောက်ထားသော လုံချည်ကိုဝတ်ထားသဖြင့် ဖြူသန့်နူးညံ့စွာ။



"ဘယ်တုန်းက ရောက်လဲ"

ဝတ်ကျေတန်းကျေပဲမေးမေး၊ သူ ဖြေချင်လွန်းသော မေးခွန်းပင်။

"အခုပဲရောက်တာ၊ ရောက်ရောက်ချင်း လန်းသွားအောင် ရေမိုးချိုး အဝတ်အစား လဲပြီး ချက်ချင်းထွက်လာခဲ့တာ"

ကြာဖြူက သိမ်မွေ့စွာ ပြုံးပြီး ...

"ခရီးပန်းလာမှာပေါ့၊ နားပြီး နောက်နေ့မှ လာတာမဟုတ်ဘူး"

ဒီအသံလေး ကြားရဖို့ ဘယ်လောက် ပင်ပန်း ပင်ပန်း သူ ပင်ပန်းချင်ပါသည်။

"ကျွန်တော့်အတွက် ကြာဖြူ့ကို မြင်လိုက်ရရင် အနားယူလိုက်သလိုပဲ ရင်အေးပြီး အမောပြေသွားရော"

ကြာဖြူ ရှက်သွားပုံလေးက ချစ်စရာ။

သူ့နှုတ်တွေ သိပ်အတင့်ရဲတာ မှန်ပေမယ့် သူ့စိတ်ထဲကအတိုင်း ပြောချင်တာကိုပြောရမည့် စကားတွေအဖြစ် သူ ထိန်းမထားနိုင်။

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ကျွန်တော် ဗိုက်သိပ်ဆာတယ်၊ တစ်ခုခု စားချင်တယ်၊ ပြီးတော့ လောလောလောလောနဲ့ ထွက်လာခဲ့လို့ ပိုက်ဆံအိတ် မယူလာခဲ့မိဘူး၊ ဖြစ်နိုင်ရင် ကြာဖြူ တစ်ခုခု လိုက်ကျွေးပါလား"

ကလေးတစ်ယောက်လို ပူဆာနေသည့် သူ့အဖြစ်က သနားစရာ ကောင်းနေမလား မသိ။

သူကတော့ ဒီအမျိုးသမီးဆီမှာ ဒီလို အသနားခံရတာကို ကြည်နူးစွာ ကျေနပ်နေသည်။

"ဘာစားချင်လို့လဲ"

ကြာဖြူ့ပုံစံက ကလေးတစ်ယောက်ကို ယုယုကြင်နာစွာ မေးနေသည့်ပုံလေးနှင့် တူသည်။

"အင်း ... မုန့်ဟင်းခါး ပူပူစပ်စပ်လေး စားချင်တယ်"

နာလန်ထကာစ လူမမာတစ်ယောက်လို ပူဆာလိုက်မိသည်။

"သွားစားကြမယ်လေ"



ကြာဖြူကလည်း အလိုလိုက်တတ်သော မိခင်တစ်ယောက်လို နွေးထွေးမှုအပြည့်။

ဆက်ကာကြီးမုန့်ဟင်းခါး သွားစားကြစဉ် ကြာဖြူက သူ့ကို ရောက်ရည်များများနှင့် ရေတ်သီးများများထည့်၍ ချဉ်စပ်အရသာလေးဖြစ်အောင် ပြုပြင်ပေးသည်။

ယောက်ျားတန်မဲ့ အစပ်ကြိုက်သော သူ့အတွက် ကြာဖြူ ပြင်ပေးသော မုန့်ဟင်းခါးသည် အရသာရှိလွန်းလှသည်။

နှပ်ရည်တွေထွက် ချွေးတွေထွက်နေသော သူ့ကို ကြာဖြူက သဘောကျစွာကြည့်ပြီး ရယ်နေတာ တွေ့ရသည်။

ကြာဖြူ ပွင့်လင်းလွတ်လပ်စွာ ရယ်သည်ကို တစ်ခါမှ မမြင်ဘူးသော သူ့အတွက် ကြာဖြူရဲ့ရယ်နေပုံလေးက သက်တံတစ်ခုလို ရောင်စဉ်များနဲ့ လှပလွန်းနေသည်။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲမှာ Export တင်ရမည့် ပစ္စည်းစာရင်းတွေကို လုပ်နေစဉ် ဖုန်းဝင်သဖြင့် ဖုန်းနံပါတ်ကို ကြည့်လိုက်စဉ် သက်နှင်းခန့်ဆီက ဖြစ်နေတာ တွေ့ရသည်။

"ဟဲလို"

"ကိုဥဩညို ပြန်ရောက်နေတာ ကျွန်မဆီ ဖုန်းဆက်ဖို့ ကောင်းတယ်"

သူမအသံက အပြစ်တင်သံဘက် ကဲနေတာမို့ ဒေါသထွက်ချင်စရာ။

"ဆောရီး ... မသက်နှင်းခန့်၊ ကျွန်တော် အလုပ်တွေများနေလို့ မေ့သွားတယ်၊ ခု မသက်နှင်းခန့် ဆက်ပြီပဲ၊ အတူတူပဲပေါ့"





"ထားပါတော့လေ၊ ကျွန်မအတွက် စာအုပ်မှာပေးနိုင်တယ် မဟုတ်လား"

ငြင်းလိုက်ရင် ကောင်းမလား စဉ်းစားမိလိုက်သေးသည်။ ဒါပေမဲ့ သူမအတွက် ဒီစာအုပ်က ဘယ်လောက်အရေးကြီးနေတယ်ဆိုတာ သူ မသိ။ သိပ်အရေးကြီးနေရင် သူ့ရဲ့ငြင်းဆိုမှုကြောင့် သူမ နစ်နာသွားနိုင်သည်မို့ ...

"မှာပေးနိုင်ပါတယ်၊ ဘာစာအုပ်လဲ ပြောလေ"

သူမက ခဏစဉ်းစားဟန်ပြုပြီး ...

"ပြင်သစ်စာအုပ်ဆိုတော့ စာလုံးပေါင်းတွေက အင်္ဂလိပ်နဲ့ ရောနေတယ်၊ ဒီလို လုပ်ပါလား၊ မနက်ဖြန် ကျောင်းမှာ တွေ့ရင် မှတ်ထားတဲ့စာရွက် ပေးလိုက်မယ်လေ"

နောက်ဆုံးတော့ လူချင်းတွေ့မှ ပြီးမည့်ကိစ္စ ဖြစ်နေတာမို့ ...

"ကောင်းပြီလေ၊ မနက်ဖြန် ညီကို ကျွန်တော် လာကြိုလိုက်မယ်၊ တွေ့ကြတာပေါ့"

သူမ ကျေနပ်သွားပြီမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုဥသြညို၊ See you Tomorrow "

ပြောပြီး ဖုန်းချသွားတော့မှ သူ စာရင်းတွေ ဆက်လုပ်နေလိုက်သည်။

စာရင်းတွေနဲ့ ခေါင်းရှုပ်နေတဲ့အချိန်မှာ ကြာဖြူနဲ့ စကားပြောလိုက်ရရင် ပေါ့ပါးငြိမ်းချမ်းသွားမှ သေချာသည်ဟု တွေးနေမိသည်။

ဒါပေမဲ့ ကြာဖြူဆီကို ဆက်သွယ်ရန် ဘာဖုန်းနံပါတ်မှမရှိ၍ ကြာဖြူဆီက ဖုန်းခေါ်သံကို စောင့်နေရုံသာရှိသည်။

ရင်မောစွာနဲ့ သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။

♦♥♦





သူ့ကားရပ်လိုက်သည်နှင့် ကားဟွန်းတီးသံတစ်ခုကို ကြားရပြီး သူ့ကားနောက်မှ ကားတစ်စီးထဲက သူမ ခေါင်းလေး ထွက်လာသည်။

"ကိုဥသြညို တစ်နေ့ရာရာမှာ တစ်ခုခုစားရင်း စကားပြောရအောင်"

သူမက ကားစက်မသတ်ဘဲ လှမ်းအော်ပြောတာ တွေ့ရသည်။

"ညီကို ကြိုရဦးမယ်လေ"

သူမက ပါးနပ်စွာပြုံးပြီး ...

"ကိုဥသြညိုရဲ့ညီ စောစောကတင် သူ့သူငယ်ချင်းကားနဲ့ ပါသွားတာ တွေ့လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် သူ လာကြိုမယ်ဆိုတာ ပြောထားရက်နဲ့

ဒေါသနဲ့ တွေးမိရုံရှိသေး ညီဆီက ဖုန်းဝင်လာပြီး သူ့ကို လာမကြိုတော့ရန် ပြောတာ ကြားလိုက်ရသည်။

ဘာပဲဖြစ်ဖြစ် သူမအတွက် အဆင်ပြေသွားသည်။

"ဒါဆိုလည်း မသက်နှင်းခန့် ရှေ့ကသွားချည်၊ ကျွန်တော် နောက်က လိုက်ခဲ့မယ်"

ကားကို ပါကင်ထဲမှ ပြန်ဆွဲထုတ်လိုက်စဉ် သူမကား က သူ့ကားရှေ့မှာ ဦးဆောင်ပြီးသား ဖြစ်နေသည်။

သူမကားက သူ့ကားရှေ့မှ တရိပ်ရိပ် ပြေးနေပြီး တံတားဖြူ မှတ်တိုင်နားတွင်ရှိသော Moon ဆိုင်ရှေ့တွင် ရပ်သွား သည်။

"ဘယ်လိုလဲ၊ ဖြစ်တယ် မဟုတ်လား"

သူမက ကားထဲက ထွက်လာသည်နှင့် သူ့ဆီလှမ်း မေးသည်။

"ရပါတယ်"

သူမက လာနေကျ နေရာတစ်ခုကို လာသည် သွက်လက်ရင်းနှီးစွာဖြင့် အပေါ်ထပ်သို့ တက်သွားသည်။





သပ်ရပ် တိတ်ဆိတ်သော ဆိုင်လေးဖြစ်၍ ထိုင်ရ တာ စိတ်သက်သာသက်သောင့် ရှိသည်ဟု သူ ထင်သည်။

"ဘာစားမလဲ ကိုဉာဏ်ညို"

"ကော်ဖီဆိုရင် ဖြစ်ပါတယ်"

သူမကပင် ဦးဆောင်ပြီး ကော်ဖီနှစ်ခွက် မှာလိုက် တာ တွေ့ရသည်။

"ကဲ ... မသက်နှင်းခန့် စာအုပ်နာမည်ပြောလို့ ရပြီလား"

လိုရင်းကို သူကပဲ ခပ်မြန်မြန် မေးလိုက်ရသည်။

"ရပါတယ်၊ ဖြည်းဖြည်းပေါ့၊ ကော်ဖီသောက်ရင်း ပြောလို့ ရပါတယ်"

သူကသာ လောနေပေမယ့် သူမက ခပ်အေးအေး ပင်။ သူ ဒီကကီစွပြတ်ရင် ကြာဖြူဆီ သွားချင်သေးသည်။

"ကျွန်တော် သိပ်အချိန်မရလို့ပါ"

သူမ မျက်နှာ ကွက်ခနဲ ပျက်သွားပေမယ့် အပြုံး သူလှကတော့ ပျက်မသွား။ အိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး သူ့ဆီ ကမ်းပေးတာ တွေ့ရသဖြင့် သူ လှမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ် အင်္ဂလိပ်စာလုံးများနှင့် ရေးထားသော စာအုပ်အမည်၊ စာရေးသူ၊ စာအုပ်ထုတ်ဝေသော ခုနှစ်နှင့် ထုတ်ဝေသည့် ပုံနှိပ်တိုက်များကိုပါ သေချာကျနစွာ ရေးမှတ်ထားတာ တွေ့ရသည်။

"ကော်ဖီတော့ သောက်သွားပါဦးနော်"

သူမ တောင်းဆိုပုံက သိပ်အားနာစရာ ကောင်းသည့် အသံမျိုးဖြစ်၍ သူ တောင်းပန်လိုက်မိပြီး ...

"ကော်ဖီတော့ သောက်သွားမှာပါ၊ တစ်မျိုးမထင်ပါနဲ့နော်၊ ကျွန်တော့်မှာ အလုပ်ကိစ္စလေး ရှိလို့ပါ"

ဘာဖြစ်လို့ ကိုယ်မြတ်နိုးနေမိတဲ့ မိန်းကလေးဆီ သွားချင်လို့ပါလို့ ပြောမထွက်ရတာလဲ။

သူ့ကိုယ်သူ မရိုးသားသလို လိပ်ပြာမလုံစွာ ခံစားလိုက်မိသည်။

"ရပါတယ်၊ ကျွန်မ အတင်းအကျပ် အကူအညီ တောင်းသလိုများ ဖြစ်သွားလား"

သူမရဲ့နဂိုမာနတွေက တစ်စွန်းတစ်စ ထွက်လာသည်။



"ဟာ ... မဖြစ်ပါဘူး၊ ကျွန်တော့်အဒေါ်ဆီကို ကျွန်တော် on line ကနေ မှာလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုဥသြညို၊ ဒီနေ့ ရှင့်ရဲ့အချိန်တချို့ ယူလိုက်မိတဲ့အတွက်ပေါ့"

သူ အားနာနေသည့်ကြားထဲ သူမစကားတွေက သူ့ကို ထပ်ခါတလဲလဲ အားနာမှု ပိုစေသလိုပင်။

"ကျွန်တော် စာအုပ်ရရင် ဖုန်းဆက်လိုက်ပါ့မယ်"

"စာအုပ်မရသေးလည်း ဖုန်းဆက်လို့ ရပါတယ်"

သူမ ပုံမှန်အခြေအနေ ဖြစ်သွားသည်ထင် ပြန်သွက်လာသဖြင့် သူ နေရာကျသွားသည်။

ကော်ဖီ ရောက်လာသဖြင့် သူမအတွက် ကော်ဖီကို လှမ့်ရေးအရ သူ ဖျော်ပေးလိုက်သည်။

ကော်ဖီဖျော်ပေးနေစဉ် သူ မုန့်ဟင်းခါးပန်းကန်ထဲကို ငရုတ်သီးမှုန့်၊ နံနံပင်တို့နဲ့ ပြင်ဆင်ပေးသော ကြာဖြူကို သတိရလိုက်မိသည်။

ကော်ဖီကို ခပ်မြန်မြန် သောက်လိုက်ပြီး သူမကို နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"အိုကေ ... နောက်တစ်ကြိမ် ဆုံဖြစ်ရင်တော့ ရှင် ဒီလို လောနေရင် ကျွန်မ စိတ်ဆိုးမိလိမ့်မယ်"

ဒီအမျိုးသမီးက သူ့ကို လှပစွာ ချည်နှောင်ဖို့ သိမ်မွေ့စွာ ကြိုးစားနေသလို ခံစားလိုက်ရသည်။

"ဆုံဖြစ်ရင်ပေါ့"

သူ ပြောလိုက်မိပေမယ့် သေချာပေါက် ဆုံဖြစ်ကြဦးမှာမို့ သူမ စိတ်ဆိုးအောင် သူ လုပ်မိလေဦးမည်လား။

♦♥♦





သူ ရောက်သွားတာ နောက်ကျ၍ထင် ကြာဖြူကို မတွေ့ရတော့။

သက်နှင်းခန်းနဲ့ ကော်ဖီ လိုက်မသောက်ဖြစ်ရင် ကောင်းသားဟု အားနာစွာ တွေးလိုက်မိသည်။

စိတ်ပျက်လက်ပျက် ပြန်ထွက်လာစဉ် သူ့ပခုံးကို တစ်စုံတစ်ယောက်က လှမ်းပုတ်လိုက်သဖြင့် လှမ်းကြည့်လိုက်စဉ် ...

"ဟာ ... ကိုခင်မောင်နဲ့ ကိုလမင်း"

သူ့ကို အကြိမ်ကြိမ် ကူညီဖူးသော ခင်စရာကောင်းသည့် လူနှစ်ယောက်။

"ဘယ်လိုလဲ၊ ခွေကြာဖြူ ပြန်သွားလို့ စိတ်ပျက်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ နောက်ကျသွားတယ်"

ကိုလမင်းက သူ့ကို ရင်းနှီးစွာ ပခုံးဖက်ပြီး ...

"ခင်ဗျား နောက်ကျသွားတာ မဟုတ်ဘူး၊ သူတို့က စောသွားတာ၊ ခင်ဗျားနဲ့ ခင်မောင်က ဘဝတူတွေလေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ခင်မောင်က ကြာဖြူသူငယ်ချင်း တစ်ယောက်ကို ပိုးနေတာလေ"

ကိုခင်မောင်က ခေါင်းညိတ်ပြီး ...

"ဟုတ်တယ်၊ ကျွန်တော်တို့ အတန်းပြီးသွားလို့ ဒီဘက်လည်းလာရော မရှိကြတော့ဘူးလေ"

ကြာဖြူနဲ့ မတွေ့ရတော့မယ့်အတူတူ သူတို့နဲ့ကင်တင်းထိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် ခင်ဗျားတို့ကို တစ်ခုခု ကျွေးမယ်ဗျာ၊ ဖြစ်မလား"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ...



"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ တစ်ချိန် ကျွန်တော့်တို့ကျောင်းကို ချောင်းပေါက်မယ့်လူပဲဟာ"

ပေါ့ပါးစွာ ရယ်လိုက်မိကြပြီး လူသိပ်မရှိတော့ပြီဖြစ်သော ကင်တင်းဆီသို့ ထွက်လာခဲ့လိုက်ကြသည်။

ဆိုင်မှာထိုင်မိကြသည်နှင့် စာအုပ်သွားပေးဖူးသော ကိုလမင်းက ...

"ဘယ်လိုလဲ၊ အခြေအနေတွေ တိုးတက်နေပြီလား"

သူ ခေါင်းအသာညိတ်လိုက်ပြီး ...

"မဆိုးပါဘူး၊ ဒါပေမဲ့ ကြာဖြူက တစ်ခါတလေ သိပ်လျှို့ဝှက်လွန်းသလိုပဲ"

ကိုလမင်းနဲ့ ကိုခင်မောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြန်သည်။

ကြာဖြူနဲ့ ပတ်သက်ပြီး တစ်ခုခု ပြောသင့်မပြောသင့် တိုင်ပင်နေကြသလိုပင်။

"ကျွန်တော့်ကို ကူညီလက်စနဲ့ ဆက်ကူညီပေးပါဦးလား"

"ဟာ ... ခင်ဗျားတိုက်တဲ့ လက်ဖက်ရည်တောင် မသောက်ရသေးဘူး၊ နင်အောင်လုပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အံစအနောက်သန်သူ ကိုလမင်းက ပြောလိုက်ပေမယ့် ကူညီဦးမှာ သေချာနေသည်။

သူ အတွေးပင် မဆုံးသေး။

"ကဲ ... ပြော၊ ဘာထပ်ကူညီရဦးမလဲ"

"ကျွန်တော် ကြာဖြူဖုန်းနံပါတ်နဲ့ လိပ်စာသိချင်တယ်"

"အေးဗျာ၊ သိပ်တော့ မခက်ခဲပေမယ့် လွယ်လည်းမလွယ်ဘူးဗျ၊ ရွှေကြာဖြူက သူငယ်ချင်းတွေနဲ့ အရမ်းအရောတဝင် ခင်ခင်မင်မင်ကြီးနေတဲ့သူမျိုး မဟုတ်ဘူးဗျ၊ သူ့ဘာသာသူ သီးသန့်လေးပဲ နေတတ်တာ"

ကိုခင်မောင်က တွေးတွေးဆဆလေး ဝင်ပြောသည်။

"ဒါပေမဲ့ အနည်းဆုံး နေတဲ့အိမ်တော့ ရှိမှာပဲလေ၊ လိပ်စာတော့ ရှိမှာပေါ့"

နှစ်ယောက်စလုံး သူ့ကို သနားသလို ခပ်ငေါ့ငေါ့ ကြည့်ပြီး ...

"သူ့အိမ်ကို ဘယ်သူငယ်ချင်းမှ မရောက်ဖူးသလို၊ သူက လည်း ဘယ်သူငယ်ချင်းအိမ်မှ လိုက်မလည်ဖူးဘူးတဲ့၊ ပြီးတော့ ..."



ဆက်ပြောမည့်စကားကို ဘာရိုတ်အုပ်လိုက်ကြသဖြင့် သူ မချင့်မရဲ ဖြစ်သွားပြီး ...

"ပြီးတော့ ဘာဖြစ်လဲ"

ကိုလမင်းက လည်ချောင်းကို ဟန့်ပါပါ ရှင်းသလို ချောင်းဟန့်လိုက်ပြီး ...

"ရွှေကြာဖြူက မိဘမဲ့တဲ့၊ အခုမွေးစားမိဘတွေနဲ့ နေတာ၊ မွေးစားတယ် ဆိုတာကလည်း အမွေစား အမွေခံမဟုတ်ဘူးတဲ့၊ အားကိုးစရာမရှိလို့ ကူညီပေးထားတဲ့ သဘောပါတဲ့"

ကြားရုံနဲ့ သူ့ရင်ထဲ ဆို့နင့်သွားသည်။

"ဒါကြောင့် ကြာဖြူကို ကြည့်လိုက်ရင် အမြဲတမ်း သိမ်ငယ်စိုးထိတ်နေတဲ့ ပုံမျိုးလေး ဖြစ်နေတာကိုး"

သူ ရင်ထဲက ကရုဏာသက်စွာ ပြောလိုက်မိသည်။

"ခင်ဗျား သိသင့်တယ်ထင်လို့ ပြောပြတာပါ၊ ဒါကြောင့် ခင်ဗျား ရှေ့မဆက်ချင်တော့ရင်လည်း အချိန်မီပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှေ့ဆက်မယ် ဆိုရင်တော့ ခင်ဗျား ရွေးချယ်မှု အတွက် ခင်ဗျား နောက်ဆုတ်လို့ မဖြစ်တော့ဘူး၊ ရှေ့ကြာဖြူ ဝိုပြီး နာကြင်ကြေကွဲရလိမ့်မယ်"

သူ ဘာမှမပြောနိုင်တော့ဘဲ ငြိမ်နေစဉ် ...

"ဘယ်လိုလဲ၊ ခင်ဗျား ဘာလုပ်မှာလဲ"

ကိုခင်မောင်က သူ့ကို လှမ်းမေးသည်။

"ကျွန်တော် တတ်နိုင်ရင် ခုချက်ချင်း ကြာဖြူနဲ့ တွေ့ချင် တယ်ဗျာ၊ သူ ဝမ်းသာမယ့်ကိစ္စတွေ သူ ကြည်နူးမယ့်အရာ တွေအားလုံး ကျွန်တော် ဖြည့်ဆည်းပေးလိုက်ချင်တယ်"

နှစ်ယောက်စလုံး သူ့အပြောအတွက် ကျေနပ်အား သွားတာ တွေ့ရသည်။ သူ ဆက်ပြီး ...

"ကျွန်တော် ကြာဖြူကို အမြန်ဆုံး ဖွင့်ပြောမယ်၊ ကြာဖြူ ကို ကျွန်တော် ချစ်တာက ဘာအရောင်အစွန်းမှ မပါဘူး ကြာဖြူရဲ့ လိုအပ်နေတဲ့ မိသားစုကွက်လပ်လေးကို ကျွန် တော် ဖြည့်ပေးမယ်"



"စိတ်ချ၊ ခင်ဗျားတို့ နီးစပ်ဖို့ ကျွန်တော်တို့လည်း အစွမ်း ကုန် ကူညီပေးမယ်၊ ဖုန်းနံပါတ်ကို အမြန်ဆုံးရအောင် စုံစမ်းပေးမယ်"

"ဟာ ... ကျေးဇူးတင်ပါတယ်ဗျာ"

သူ လှိုက်လှိုက်လှဲလှဲ တကယ်ကျေးဇူးတင်မိသည်။

"ကိုခင်မောင်လည်း မြန်မြန်အဆင်ပြေပါစေဗျာ"

သုံးယောက်သား ငယ်ပေါင်းတွေလို အရှိန်တိုတို ပြောဆိုရင်း ခင်မင်သွားကြသလို ကြာဖြူနဲ့လည်း အချိန်တိုတိုလေးနဲ့ အမြန်ဆုံး နားလည်မှုချင်း ဖလှယ်လိုလှသည်။

◆♥◆

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲနီးပြီဖြစ်၍ ကြာဖြူ ညဥ့်နက်ခံပြီး စာကြည့်ရသည်။

အရင်ကလို အံ့ာရုံတွေကို စာထဲမှာပဲ နှစ်မြှုပ်၍မရတော့သဖြင့် စာကျက်ရတာ ပိုပင်ပန်းပြီး အချိန်ကုန်လှသည်။

ပိုင်ပိုင်နိုင်နိုင် လွမ်းဆွတ်တမ်းတခွင့်လည်း ရှိသူမဟုတ်၍ ကြာဖြူ အဖြစ်က တိမ်မျှင်တွေကို ဖမ်းဆုပ်နေသည်နှင့် တူလှသည်။

တစ်အိမ်လုံးအိပ်နေကြပြီဖြစ်၍ ကြာဖြူ တစ်ယောက်တည်း တိတ်ဆိတ်မှုကြားမှာ နိုးကြားလျက်။

စာကျက်နေရင်း ရေဆာသဖြင့် ရေမှုလင်းထွက်ယူစဉ် ညှော်ခန်းကဖုန်းက အချိန်မဟုတ် အခါမဟုတ် ထမြည်လာသည်။



အိမ်သားတွေ နိုးမှာစိုး၍ ဖုန်းကို ခပ်မြန်မြန် သွားကိုင်လိုက်သည်။

"ဟဲလို"

သူ့မ အသံခပ်အုပ်အုပ်ဖြင့် ဖုန်းဖြေလိုက်စဉ် ...

"ရွှေကြာဖြူလား"

သူ့မရင်ထဲ ထိတ်ခနဲ ...

ဘုရားရေ ...

ဘာဖြစ်လို့ သူ့အသံ ဖြစ်နေရတာလဲ။

မဖြစ်နိုင်။ သူ့မ နားကြားလွဲခြင်းလား။

"ရွှေကြာဖြူ ဟုတ်တယ် မဟုတ်လား"

သေချာသွားပြီ။ သူ့အသံအဖြစ် သူ့မဦးနှောက်ကရော နှလုံးသားကပါ ကောင်းကောင်းမှတ်မိနေသည်။

ဖုန်းချလိုက်ချင်သော်လည်း သူ့မ မချရက်။

သူ့မကိုယ်တိုင်လည်း သူနဲ့ စကားတွေ ပြောချင်သေးသည်။ သူပြောတာတွေ နားထောင်နေချင်သေးသည်။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့၊ ကျွန်တော်က အိမ်သားတွေအတွက် တစ်ယောက်ယောက် ကိုင်မှာစိုးလို့ တမင် ဒီအချိန် ရွေး ဆက်လိုက်တာ။ ကြာဖြူကတော့ စာမေးပွဲနီးလို့ စာကြည့် နေမှာပေါ့"

"ဟုတ်ကဲ့"

"ဖုန်းပြောလို့ရော အဆင်ပြေရဲ့လား"

သူက စိုးရိမ်တကြီး မေးဖော်ရသေးသည်။

"လောလောဆယ်တော့ အဆင်ပြေပါတယ်၊ ဒါပေမဲ့ အိမ်က သိသွားရင်တော့ ကျွန်မအတွက် လုံးဝအဆင်မပြေတာ ထက် ဆိုးသွားလိမ့်မယ်"

ခြိမ်းခြောက်လိုခြင်း မရှိသော်လည်း တကယ်ဖြစ် လာနိုင်သည့် အခြေအနေဖြစ်၍ ကြိုပြောထားလိုက်ခြင်းပင်။

ဒါပေမဲ့ စိုးထိတ်စွာ ခုလို ဖုန်းခိုးပြောရသည့် အရသာကလည်း ကြည်နူးစွာ စိတ်လှုပ်ရှားစေသလိုပင်။

"ဆောရီးဗျာ၊ ကျွန်တော် ကြာဖြူ့ အသံလေးကို ကြားရရုံ နဲ့ ကျေနပ်ပါတယ်၊ အနည်းဆုံး ဟဲလို ဆိုတဲ့ အသံလေး ဖြစ်ဖြစ်ပေါ့"



လိုက်လှဲတုန်ယင်နေသော ကြာဖြူ့ခံစားချက်တွေ ကို ပွင့်လင်းစွာ ဝန်ခံခွင့် ရှိနိုင်ပါ့မလား။

"ကြာဖြူ"

တိုးတိတ်ညင်သာသော သူ့အသံ။

"ရှင်"

ရှက်စွံ့လိုက်မောစွာ ထူးလိုက်မိသည်။

"ကျွန်တော် ကြာဖြူ့ကို ချစ်တယ်"

သူမ အံ့ဩတွေဝေနေဆဲမှာပင် သူက ဖုန်းချသွား သည်။

ဖုန်းချသွားပေမယ့် ကြာဖြူ့နားစည်ထဲမှာ သူ့အသံ ကို ထပ်ခါတလဲလဲ ကြားယောင်နေမိဆဲ။

"ကျွန်တော် ကြာဖြူ့ကို ချစ်တယ်"

"ကျွန်တော် ကြာဖြူ့ကို ချစ်တယ်"

"... ... ..."

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ဖုန်းခွက်လေးကို အလန့်တကြား မြန်ချ ထားလိုက်မိသည်။

ကြာဖြူ့ဘဝအတွက် ကြာဖြူ့ကို နားလည်ပေးမယ့် အချစ်ဆိုတာ ပေါ်လာနိုင်ပါ့မလား။

♦♥♦



ပြောချင်တာ ပြောချလိုက်ပြီး ရင်ထဲမှာ စိုးထိတ်သွားသည်။

* * *

ရရှိနေတဲ့ ခင်မင်မှုလေးကို သူ စောစီးလျှင်မြန်စွာ အခွင့်အရေး ယူမိသွားပြီထင်။

ကြာဖြူ့ဘဝအမှန်ကို သိလိုက်ရကတည်းက သူ ကြာဖြူ့အနားမှာ အမြဲရှိနေချင်သည့်စိတ်က တားဆီးမရ။

သူ့ကြောင့် ကြာဖြူ အနေရခက်မှာ စိုးရိမ်သည့် စိတ်ဖြင့် ကြာဖြူ့ဆီကို နေ့တိုင်းပင် မသွားဖြစ်။

အခန်းမီးပိတ်ပြီး အိပ်တော့မည်အလုပ် သူ့ကွန်ပျူတာထဲမှာ mail တစ်စောင် ဝင်နေသဖြင့် ဖတ်ကြည့်လိုက်စဉ် သူ့အဒေါ်ဆီက သူမှာသည့်စာအုပ် ရပြီဖြစ်၍ လူကြုံနှင့် ထည့်ပေးလိုက်ပြီဖြစ်ကြောင်း အကြောင်းကြားသည့် mail ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စီးပိုးစိုးမိုးစွာ ဆက်ဆံတတ်သည့် သူမကို သူ ထပ်ဆုံရပေဦးမည်။

သူ့ဆီက အချိန်တွေကို အလကား ချိုးဖဲ့ယူလိုသည့် သူမအတွက် သူ့အချိန်တွေ ပေးရမှာ နှမြောလှသည်။

ကြာဖြူရေ ... သူ့ရင်ကို မြန်မြန်နိုဝင်လှည့်တော့။

♦♥♦





ညီနဲ့ပေးခိုင်းရန် စိတ်ကူးမိပြီးမှ အားနာစရာကောင်းသည်ထင်၍ သူကိုယ်တိုင် သွားပေးဖို့ပဲ စိတ်ကူးလိုက်သည်။

သူမဆီလာမည့်အကြောင်း ဖုန်းဆက်ချိန်းလိုက်စဉ် ...

"ဟာ ... စိတ်မကောင်းစရာပဲ၊ ကျွန်မ ဖျားနေလို့ အိမ်မှာ နားနေရတယ်၊ ဒါပေမဲ့ စာအုပ်ကိုလည်း မြန်မြန်လိုချင်နေတော့ ..."

သူမ စကားလမ်းကြောင်းကို သူ အလိုက်သင့်လေး စိတ်မပါစွာ ဝင်လိုက်ရတော့သည်။

"ကျွန်တော် အိမ်လာပို့ပေးရင် ပိုအဆင်ပြေမယ် ဆိုပါတော့"

သူမရဲ့ညစ်ကျယ်ကျယ် ရယ်သံက အနိုင်ရလိုက်သော ကလေးတစ်ယောက် ရယ်သံလို ကျေနပ်အားရနေသံ။



www.burmeseclassic.com

www.burmeseclassic.com



"တာ ... ဒါဆိုရင် ကျွန်မ ဝမ်းမြောက်ဝမ်းသာ စိတ်ဆိုး ရလိမ့်မယ် ထင်တယ်"

မိန်းမတွေများ ယောကျ်ားဆိုတဲ့ ဗိုသတ္တဝါကို အနိုင်ရမှ ကျေနပ်နေတတ်သည့် ဗီဇစိတ်က ဘယ်တော့များမှ ပျောက်ဆုံးမှာပါလိမ့်။

"ဒါဆိုလည်း ကျွန်တော့် နေ့လယ်လောက် ထွက်လာခဲ့မယ်၊ အိမ်လိပ်စာ ပြောထားလေ"

သူမ ပြောသော အိမ်လိပ်စာကို အနားမှာရှိတဲ့ စာရွက်လွှတ်တစ်ခုပေါ် ကောက်မှတ်ထားလိုက်သည်။

"လာခါနီး ကျွန်မဆီ ဖုန်းကြိုဆက်လိုက်လေ"

"ဘာအတွက်လဲ"

အမြဲတမ်း မေးခွန်းတွေနဲ့ လုံးထွေးရစ်ပတ်တတ်သူ၊ မေးစရာမလိုတဲ့ မေးခွန်းကို မေးလိုက်မိသည်။

"ဘာလဲ ... ကိုဥာဏ်ညီက ကျွန်မရဲ့ လူမမာပုံစံကို တွေ့ချင်လို့လား၊ ဖုန်းကြိုဆက်လိုက်တော့မှ ကျွန်မ အလှကြိုပြင်ထားလို့ ရမှာပေါ့"



အလှကြိုက်လွန်းသူအဖြစ် မြင်ရုံနဲ့ ခန့်မှန်းမိပေမယ့် ဒီလောက်သည်းမယ် မထင်။

အခုတော့ သူမက လိုတာထက် ပိုသည်းနေသလိုပင်။

"ကောင်းပြီလေ၊ ကျွန်တော် လာခါနီး ဖုန်းဆက်လိုက်မယ်"

သူနဲ့ တစ်စတစ်စ ပိုရင်းနှီးလာသည့် အခြေအနေက သူ မထင်မှတ်ထားသော ကံစွတချို့ကို သယ်ဆောင်လာခဲ့လိမ့်မည်ဟု ကြိုသိခဲ့လျှင် သူ ဒီလမ်းကို လျှောက်မိလိမ့်မည် မဟုတ်။

ဒါပေမဲ့ ...။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူရေ ... ကြာဖြူ"

ကြာဖြူ့အခန်းထဲ အော်ဟစ်ဝင်လာသည့် သက်ရှိ ကြည့်ပြီး သက်မှာ သတင်းကောင်းတစ်ခု ပါလာမယ်ဆိုတာ သိ နေသည်။

"ဘာလဲ ... သက်ရဲ့"

သက်က နေမကောင်း၍ ကျောင်းမသွား။

ကြာဖြူကလည်း စာမေးပွဲနီးနေ၍ အိမ်မှာ စာလုပ် နေရသဖြင့် ကြားရက်ပေမယ့် နှစ်ယောက်စလုံး အိမ်မှာရှိနေကြ သည်။

"မာကျူရီ အိမ်လာလိမ့်မယ်"

ခွေးရုပ် ဖြူဖြူပွပွလေးကို ရင်ခွင်ထဲမှာပိုက်ပြီး ကြည်ကြည်နူးနူး ပြောနေတာ တွေ့ရသည်။



"ဘာလဲ ... သက် နေမကောင်းဘူးဆိုလို့ သတင်းလာ မေးတာလား"

သက်က နှာခေါင်းလေးရှုံ့ပြပြီး ...

"ဘယ်ကသာ ဒီလူလား ဒီဖယောက်သွက်မှာ၊ သက်ကသာ အခွင့်အရေး တစ်ခုပြီးတစ်ခု ပေးနေပေမယ့် အ,တာလား၊ ရိုးတာလား၊ အားနာတာလား မသိဘူး၊ တစ်ခုပြီးတစ်ခု ကျော်သွားတာချည်းပဲ"

အားမလို အားမရ ဖြစ်နေသည့် သက်ရဲ့မာကျူရီ ဘယ်လိုပုံစံပါလိမ့်။

ကြာဖြူ့ဆီက အခွင့်အရေးတွေကို တစ်ရစ်ပြီးတစ် တိုးတောင်းတတ်သည့် ဥဩညိုလိုလူမျိုး မဟုတ်တာတော့ သေချာသည်။

ဒါပေမဲ့ အဲဒီလို ဂျစ်ကျတတ်သည့် သူ့စရိုက်ကို ကြာဖြူ ခုံမင်နှစ်သက်စွာ စွဲလမ်းနေမိပြီပဲ။

သူနဲ့မတွေ့ရတာတောင် တစ်ပတ်နီးပါးလောက်ရှိ သွားပြီပဲ။ ရည်းစားစကားကို ဖုန်းနဲ့ ကမန်းကတန်း ပြောပြီးက တည်းက သူ့ကို မတွေ့ရသေး။

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ့ကို မျက်နှာမူ၍ ရှောင်နေတာဖြစ်မယ်လို့ ပြေတွေးပေမယ့် တွေ့ချင်နေတာတော့ အမှန်ပင်။

"ဒါဆို အခု ဘာလာလုပ်မှာလဲ"

သက်က ပခုံးလေးတွန့်၍ ...

"သက် ... ဟိုးတလောက ဖေဖေ စင်ကာပူသွားတုန်း မှာလိုက်တဲ့ စာအုပ်လေး မှတ်မိလား"

"မှတ်မိတယ်၊ ကြာဖြူတောင် လေးလေးကို စာအုပ်တစ်အုပ် မှာခဲ့သေးတယ်လေ"

"အေး ... အခု အဲဒီစာအုပ်ကို မာကျူရီကို ရှာခိုင်းထားတာ၊ သူ့အဒေါ်တစ်ယောက်က စင်ကာပူမှာ စာအုပ်ဆိုင်ဖွင့်ထားတယ်လို့ သတင်းရလို့"

သက် စွန့်စွန့်စားစား ကြံလိုက်ရတာ မဟုတ်ပေမယ့် ရှိပြီးသားစာအုပ်ဖြစ်၍ ကြာဖြူက ကြားထဲက နှမြောနေသည်။

"ဒါဆို စာအုပ်က နှစ်အုပ်တောင် ဖြစ်နေမှာပေါ့"

သက် ခေါင်းညိတ်ပြီး ...





"မတူဘူးလေ၊ မာကျူရီ ရှာပေးတဲ့ စာအုပ်လေးက အမှတ်တရ သိမ်းထားဖို့၊ ဖေဖေ ဝယ်ပေးတဲ့ စာအုပ်လေးက အသုံးချဖို့"

တတ်လည်း တတ်နိုင်တဲ့ သက်။

"အဲဒါ မာကျူရီ လာရင် ကြာဖြူ နည်းနည်း မသိမသာ အကဲခတ်ပေးစမ်းပါဦး၊ ကြာဖြူနဲ့ မိတ်ဆက်ပေးမယ်လေ"

"အမယ်လေး ... အဲဒီလိုတော့ မဖြစ်ဘူးထင်တယ် သက်ရယ်၊ ကြာဖြူ ယောကျ်ားတစ်ယောက်ကို အကဲခတ်ရလောက်အောင် မကျွမ်းကျင်ပါဘူး။ သက်သဘောကျတဲ့သူဆိုတော့ လူတော်လူကောင်း ဖြစ်မှာပါ။ ကြာဖြူနဲ့မိတ်ဆက်ပေးလို့တော့ ရပါတယ်၊ ဒါပေမဲ့ ကြာဖြူ့ဆီက မာကျူရီနဲ့ပတ်သက်တဲ့ ထင်မြင်ချက်တော့ ရမှာမဟုတ်ဘူး"

သက်က ကြာဖြူ အကြောက်အကန် ငြင်းနေတာကို သဘောကျသလို ကြည့်နေပြီး ...

"အေးပါ၊ ပြီးရော၊ နေ့လယ် ကားသံကြားရင်သာ ဧည့်ခန်းဘက် တစ်ချက်ထွက်လာခဲ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ခေါင်းညိတ်ပြလိုက်တော့မှ သက်က ကျေနပ်စွာ ပြန်ထွက်သွားသည်။

ဘာပဲပြောပြော သက်အတွက် စိတ်ကြည်နူးစရာလေးတွေ ဖြစ်လာနိုင်တာမို့ သက်အတွက် ကျေနပ်စရာပင်။

သက်နဲ့ သဘောတူညီမှုရပြီးမှ လေးလေးဆီက ဖုန်းဝင်လာပြီး ...

"ဘွားဘွားဆိုင်မှာ ဒီနေ့ မေမေ့ဧည့်သည်တွေ လာကြည့်ဖို့ ချိန်းထားတာ၊ လေယာဉ် Delay ဖြစ်နေလို့ ဒီနေ့မလာနိုင်တော့ဘူးလို့ သွားပြောပေးပါဦး၊ ဆိုင်ဖုန်းရော ဟန်းဖုန်းရော ဆက်မရလို့"

သက်က ဘွားဘွားဆီသွားမယ့်ကိစ္စကို ကြာဖြူကပဲ သွားပေးရန် ဆုံးဖြတ်လိုက်သည်။

ဘွားဘွားကို ကြောက်ပေမယ့် ကြာဖြူ ငယ်ငယ်ကလောက် မျက်နှာမထန်တော့သည့်အတွက် နည်းနည်း ရဲရဲ ပြောရဲလာသည်။ ဒါတောင် ဘွားဘွားက တစ်ခါတလေ စူးစူးရဲရဲ အကဲခတ်နေလျှင် ကြာဖြူ မနေတတ်တော့။





"ခုနကပဲ မာကျူရီ ဖုန်းဆက်တယ်၊ သူ ထွက်လာတော့မယ်တဲ့"

သက်က ကားစက်နှိုးနေတဲ့ ကြာဖြူ့နားကပ်ပြီး ပြောဖြစ်အောင် ပြောလိုက်သေးသည်။

အဖျားသွေးကြောင့် ဖြူဖျော့နေတဲ့ မျက်နှာက ခုတော့လည်း ပန်းသွေးရောင်ခြယ်လျက်။

"အိုကေ ... သက် အဆင်ပြေပါစေ၊ သွားပြီနော်"

ကားကို ဘွားဘွားတို့ ဆိုင်ရှိရာသို့ ဖြည်းဖြည်းနဲ့ မှန်မှန် မောင်းလာစဉ် မြေနီကုန်း မီးပွိုင့်နားမှာ ဥသြဆိုကားကို မီးပွိုင့်မိနေတာ တွေ့လိုက်သည်။

တွေ့ချင်နေတဲ့သူကို ခဏလောက် တွေ့လိုက်ရသည့်အတွက် စိတ်အဆာပြေသွားပေမယ့် လွမ်းတဲ့စိတ်ကတော့ ရှိလာသလိုပင်။

ဘွားဘွားဆိုင်ရှေ့မှာ ကားရပ်စရာ နေရာမရှိသဖြင့် ခပ်လှမ်းလှမ်းမှာ ကားကိုသွားရပ်ပြီး ဆိုင်ဆီကို ပြန်လျှောက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ခြေထောက်ကို ရေတချို့စဥ်သွားသဖြင့် ဆိုင်နောက်ဘက်ကနေ ကွေ့ပြီးဝင်လိုက်သည်။

ဆိုင်နောက်မှာ ရေဆေးပြီးမှဝင်ရန် စိတ်ကူးဖြင့် ဆိုင်နောက်ဘက် လှေကားနားအရောက် အထဲမှာ စကားပြောနေသော ဘွားဘွားနဲ့ ဘွားလေးအသံကို ကြားလိုက်ရသည်။

မထင်မှတ်ဘဲ နားစွင့်မိလိုက်စဥ် မိမိနာမည်တစ်ခွန်းတစ်စကိုပါ ကြားလိုက်သဖြင့် ရေပိုက်ခေါင်းကို မဖွင့်သေးဘဲ ဆက်ပြီးနားထောင်နေမိသည်။

"ညီမကတော့ အညီအမျှပဲ ဖြစ်စေချင်တာပဲ၊ သက် ရှေ့ရေးအတွက်က မောင်မောင်နဲ့ ငြိမ်း ရှိတယ်လေ၊ ငြိမ်းဘက်ကရမယ့် အမွေကရော နည်းလား၊ သက်အတွက် လိုချင်တာမှန်သမျှ မိနစ်တောင်မဆိုင်းဘဲ ရတတ်တာ မမလည်း သိသားနဲ့၊ ကြာဖြူ အတွက်သာ ညီမက စိတ်မကောင်းတာ"

ဘွားလေးက သွေးသားမတော်စပ်သည့် ကြာဖြူ အတွက် ထည့်စဥ်းစားပေးနေသည့်အတွက် ဝမ်းနည်းစိတ်ဖြင့် ကျေးဇူးတင်လိုက်မိသည်။





"တကယ်ဆို ကြာဖြူကလည်း မမမြေးအရင်းပဲဥစ္စာ"

ရေပိုက်ခေါင်းကိုလှည့်ရန် ကိုင်ထားသည့် ကြာဖြူ့လက်တွေက အံ့ဩစိတ်ဖြင့် စေးကပ်တောင့်တင်းသွားသည်။

ကြာဖြူ ... ကြာဖြူ နားကြားများ လွဲလေသလား။

"မောင်မောင်နဲ့ ညိုနဲ့ကို မမ ခွဲလိုက်လို့ ကြာဖြူလေးက နဲ့လို မိခင်မဲ့၊ ဖခင်ကိုလည်း ဖခင်မှန်းမသိတဲ့ဘဝနဲ့ ကြီးပြင်းလာရတာ၊ လိမ္မာလိုက်တာလည်း မပြောနဲ့၊ ဘယ်လောက် သနားစရာကောင်းလဲ"

ကြာဖြူ မမေနဲ့ လေးလေးကို သူငယ်ချင်းတွေအဖြစ်သာ သိထားသည့် ကြာဖြူ။

ခုတော့ လေးလေးက ကြာဖြူ့ဖေဖေတဲ့။

"ကလေးတွေတောင် ဒီအရွယ် ရောက်နေပြီပဲ၊ ငြိမ်းသိလည်း အပြစ်ပြောတော့မှာ မဟုတ်ပါဘူး မမရယ်။ ကြာဖြူ့ကို ဖွင့်ပြောလိုက်ပါလား"

ကြာဖြူ ပါးပြင်တစ်ခုလုံး စိုစွတ်သော အထိအတွေ့နဲ့ မျက်ရည်တွေက အမြင်အာရုံတွေကို ဝေဝေဝါးဝါး။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လည်းတိုးမရ၊ နောက်လည်း ဆုတ်မရသည့် ထုံကျင်အေးခဲနေသည့် ခန္ဓာကိုယ်ကြီးက ကြားရသည့်စကားတွေကို မယုံရဲသေး။

"ဟဲ့ ... မိန်းမဆိုတာ ဘယ်အရွယ်ပဲ ရောက်ရောက် သူတို့မသိအောင် လုပ်ထားတဲ့ ကိစ္စမှန်သမျှကို ခွင့်လွှတ်တတ်ကြတာမှ မဟုတ်တာ၊ မလုပ်ပါနဲ့အေ၊ သူတို့အိမ်ထောင်ရေး သာယာနေတာကို မဖျက်ဆီးချင်စမ်းပါနဲ့"

"မမကလည်း ... ငြိမ်းနဲ့မတွေ့ခင်က ဖြစ်ခဲ့တဲ့ကိစ္စတွေပဲ၊ မောင်မောင်က မမအကြိုက် မမသဘောတူတဲ့ ငြိမ်းနဲ့ လက်ထပ်ခဲ့တာပဲ၊ ညို ဘယ်လောက်သနားဖို့ကောင်းလဲ"

"ငါကလည်း ညို့မှာ မောင်မောင့်ကိုယ်ဝန် ပါသွားမှန်းမသိလို့ နှင်ထုတ်လိုက်တာပါအေ၊ ပါသွားမှန်းသိရင် ငါ့မြေး ငါတာဝန်ယူတာပေါ့၊ တော်ပါတော့အေ၊ ဒီအကြောင်းတွေ ပြန်ပြောရင် ငါ ‌နေလို့မကောင်းချင်ဘူး"

ဘွားဘွားက ဆက်ပြောနေချင်သေးပုံရသည့် ဘွားလေးကို ဆက်မပြောရန် တားမြစ်လိုက်သည်။



"ခုလည်း ကြာဖြူ့ကို မမမြေးအဖြစ် တာဝန်ယူလို့ရတာပဲ၊ မိဘမဲ့ သူများအိမ်မှာ ကပ်နေရတယ်ဆိုတဲ့ သိမ်ငယ်စိတ်ကို ဖျောက်ပေးဖို့ မမနဲ့ မောင်မောင်မှာ တာဝန်ရှိတယ်လို့ ညိုမတော့ ထင်တာပဲ"

ကြာဖြူ ဆက်နားမထောင်ချင်တော့။

နားမထောင်ရဲတော့တာလည်း ဖြစ်သည်။

ဒီလောက် ဆိုးရွားပြင်းထန်လှတဲ့ ကြာဖြူ့ကံကြမ္မာကို ကြာဖြူ ရှောင်လွှဲလို့မရသည့်အတွက် ဝမ်းနည်းလှသည်။

သွေးရင်းသားရင်းတွေကြားမှာ နှစ်ပေါင်းအတန်ကြာ ကြီးပြင်းပျော်မွေ့ခဲ့ရပေမယ့် အသိစိတ်က သူစိမ်းတွေပါဆိုတဲ့ သတိပေးမှုနဲ့ အရာရာ သတိနဲ့ ကြီးပြင်းလာခဲ့ရတဲ့ အတိတ်ကာလတွေကို သူတို့ ဘယ်လိုအလျော်ပေးကြမှာလဲ။

ကားပေါ်ကို ဘယ်လိုရောက်ပြီး ဘယ်လိုကားမောင်းထွက်ခဲ့မိသည်ကိုပင် မသိတော့။

ကြာဖြူ့ကိုယ်ကြာဖြူ သတိထားမိလိုက်ချိန်တွင် ကြာဖြူ တစ်ကိုယ်လုံး ချွေးတွေရော မျက်ရည်တွေရော စိုရွှဲလျက်။

www.burmeseclassic.com



ကြာဖြူ ရင်ခွင်တစ်ခုမှာ မှေးစက်ခိုဝင်ပြီး နှစ်သိမ့်အားပေးမှုကို လိုချင်လှသည်။

ကြာဖြူ့ဘဝကို နားလည်ပြီး ကိုယ်ချင်းစာ နှစ်သိမ့်ပေးမည့် လူတစ်ယောက်အဖြစ် ကြာဖြူ့နှလုံးသားက ဆုံးဖြတ်ပေးသူသည် ဥသြညို ဖြစ်နေသည်။

ဖုန်းနံပါတ်တွေကို နှိပ်လိုက်စဉ် ကြာဖြူ့အသံကြားသည်နှင့် လိုက်လှဲနွေးဖျစွာ ...

"ကျွန်တော် အခုချက်ချင်း လာခဲ့မယ်"ဆိုတဲ့ အသံကို ကြားပြီးနောက် ကြာဖြူ ဖုန်းချလိုက်စဉ် ကြာဖြူမှာ လက်ကျန်အင်အားပင် မရှိတော့ဘဲ နွမ်းဖျော့နေတာ သိလိုက်ရသည်။

♦♥♦



ကြာဖြူ့ကို မြင်သည်နှင့် သူ့ရင်ထဲ စိုးရိမ်စိတ်က အထွတ်အထိပ် ရောက်သွားသည်။

ဖြူဖျော့ပြီး ချွေးတွေ မျက်ရည်တွေနဲ့ စိုလူးနေတဲ့ ကြာဖြူ့အသွင်က ကြောက်ရွံ့တုန်လှုပ်စရာ တစ်ခုခုကို တွေ့လာခဲ့သည့်နှယ်။

"ကြာဖြူ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လာလို့လဲ"

စိုးရိမ်တကြီးစိတ်နဲ့ ဘာကိုမှ သတိမထားနိုင်တော့ဘဲ ကြာဖြူ့လက်ချောင်းလေးတွေကို ဆွဲဆုပ်ဖျစ်ညှစ်ပြီး မေးလိုက်မိသည်။

ကြာဖြူ့နှုတ်က ဘာစကားမှ ထွက်မလာဘဲ ကြာဖြူ့မျက်ဝန်းဆီက မျက်ရည်များကသာ အဆက်မပြတ် စီးဆင်းလျက်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကြာဖြူ့ကို ဘယ်သူတွေက အနိုင်ကျင့်လိုက်တာလဲ၊ ကျွန်တော် ဘယ်လိုဖြေရှင်းပေးရမလဲ၊ ပြောပါ ကြာဖြူရယ်၊ စိုးရိမ်လွန်းလို့ ကျွန်တော့်ရင်တွေ ပေါက်ကွဲထွက်တော့မယ်"

ကြာဖြူက မထင်မှတ်ဘဲ သူ့ပခုံးပေါ် ခေါင်းလေးမှီတင်လိုက်ပြီး ...

"ကံကြမ္မာက ကြာဖြူကို အမြဲအနိုင်ကျင့်တယ်၊ ကြာဖြူ ကံကြမ္မာဆိုးတစ်ခုကို အနိုင်ယူဖို့ ကြိုးစားရတာ မောလှပြီ ကိုဥဩညိုရယ်"

ကြာဖြူ နှုတ်က ထွက်သည်ဆိုရုံလေး စကားသံက တိုးလျတုန်ခိုက်လျက် ...

"ကျွန်တော် ဘာလုပ်ပေးရမလဲ ကြာဖြူ"

ကြာဖြူက ငြိမ်သက်လျက်နှင့်ပင် ...

"ဒီအတိုင်းလေး ကျွန်မဘေးမှာ ရှိနေပေးရင် ဖြစ်ပါတယ်၊ ဒီအတိုင်းလေး ခဏလေး နေပေးပါ"

ရှိုက်ငင်နေဆဲ ကြာဖြူ့ပခုံးလေးကို သူ ကြင်နာစွာ ထွေးပွေ့ထားလိုက်သည်။



သူ့ပခုံးပေါ်က ကံကြမ္မာကို နာကြည်းစွာ အပြစ်တင်ငိုရှိုက်နေတဲ့ ကြာဖြူ။

ကြာဖြူရယ်၊ ကြာဖြူ ခံစားနေရတာတွေကို မျှဝေခံစားလိုက်ချင်တော့တယ်။

တင်းတင်းဆုပ်ထားတဲ့ ကြာဖြူ့လက်သီးဆုပ်လေးတွေက တင်းကျပ်လွန်း၍ အကြောလေးတွေပင် ထောင်ထနေသည်။

ကြာဖြူ့ရင်ထဲက နာကျင်မှု အစိုင်အခဲက ဘယ်လောက်များ ကြီးထွားရက်စက်ရတာပါလိမ့်။

ကြာဖြူ့အတွက် ရင်မောစွာ သက်ပြင်းခိုးရှိုက်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ကြာဖြူ ဝမ်းနည်းအားငယ်ချိန်မှာ အသိရမိသူက သူ ဖြစ်နေ၍ သူ့ကိုယ်သူ ယုံကြည်စိတ်ဖြင့် ကြာဖြူ့အပေါ် မြတ်နိုးကြင်နာမှု ပိုသွားရသည်။

သူ့ပခုံးပေါ်မှာ တစ်သက်လုံး မှီနိုအားကိုးခွင့်ပေးထားတာပါ ကြာဖြူရယ်။

နားစိုလှည့်တော့ ချစ်သူ။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကို အိမ်ပြန်ပို့ပေးပါရစေလို့ တဖွဖွတောင်းဆိုခဲ့ပေမယ့် ကြာဖြူ ခွင့်မပြုခဲ့။

ကြာဖြူ သတိလက်လွတ် ဝမ်းပန်းတနည်း ရှိနေချိန်မှာ နှစ်သိမ့်ပေးသည့် ဥသြညိုကို ပုံမှန်ပြန်ဖြစ်သွားချိန်မှာ ရှက်ရွံ့ထုပ္ပနေပေမယ့် ကြာဖြူ့ရင်ထဲက ဆန္ဒအမှန်ကို သိခွင့်ရှိသူအဖြစ် ကြာဖြူ မငြင်းဆန်ခဲ့တော့။

ကြာဖြူ သူ့ရင်ထဲကို အခွင့်ရှိရှိဝင်ဖို့ ဆုံးဖြတ်လိုက်မိလေပြီ။

အိမ်ပြန်ရောက်သည်နှင့် ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ အခန်းထဲ တန်းဝင်ခဲ့လိုက်သည်။



အလိုက်မသိသော သက်ကတော့ ကြာဖြူ့ကို စကားတွေအများကြီး ပြောစရာရှိနေသည့်ထင်၊ ကြာဖြူ့ အခန်းထဲ လိုက်ဝင်လာပြီး ...

"ကြာဖြူ ... မာကျူရီရဲ့ ငါ စကားတွေ အများကြီး ပြောဖြစ်တယ် သိလား၊ ငါ ဘယ်လောက်ကံကောင်းလဲဆိုရင် မာကျူရီ့မိဘတွေနဲ့ ဘွားဘွားနဲ့က လုပ်ငန်းချင်းဆက်စပ်ပြီး ရင်းနှီးကြတယ်တဲ့၊ မေမေကလည်း မာကျူရီကို အမှတ်ဖြည့်ပေးနေတယ် ဆရာ၊ စကားကောင်းတုန်း အရေးတကြီး ဖုန်းဝင်လာလို့ ကမန်းကတန်း ထပြန်သွားတာ၊ နို့မို့ဆို ကြာဖြူတောင် မှိချင်မှိဦးမယ်"

သက် စကားတွေကို ကြာဖြူ စိတ်ဝင်တစား စိတ်ရှည်လက်ရှည် နားမထောင်ပေးချင်တော့။

"သက် ... ကြာဖြူ တစ်ယောက်တည်း နေချင်လို့ ကြာဖြူ့အခန်းထဲက ထွက်ပေးပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ဒီရောက်ပြီးကတည်းက သက်ကို တစ်ခါမှ ဒီလို မဆက်ဆံဖူး၊ ဒါပေမဲ့ ဒီနေ့တော့ ကြာဖြူ တစ်ကိုယ်ကောင်းဆန်ချင်သည်။

ကြာဖြူ့ဘဝကို တစ်ကိုယ်ကောင်းဆန်ဆန် ဆုံးဖြတ်ခဲ့ကြသည့် လူတွေကြားမှာ ကြာဖြူလည်း တစ်ကိုယ်ကောင်းဆန်အတ္တကြီးကြီး ရှင်သန်ဖြစ်အောင် ရှင်သန်ရမည်။

သက်က တစ်ခါမှ မဆန့်ကျင်ဘူးသော ကြာဖြူကို ထူးဆန်းအံ့သြစွာကြည့်ပြီး ...

"ကြာဖြူ ဘာဖြစ်လာလို့လဲ၊ သက် ဘာလုပ်ပေးရမလဲ"

သွား ... သွား၊ လာမကြင်နာပြကြနဲ့။

ကြာဖြူ့ဆီက အများကြီး ရယူထားကြပြီးမှ ကြင်နာနူးညံ့ပြမနေကြနဲ့။

စိတ်ထဲကသာ အော်ဟစ်ပေါက်ကွဲနေမိသော်လည်း ကြာဖြူ နားကို ခေါင်းအုံးနဲ့ ဖိပိတ်ပြီး သက်ကို ကျောခိုင်းနေလိုက်သည်။



သက် ကြာဖြူ့အခန်းထဲက ထွက်သွားမှ ကြာဖြူ တင်းထားတဲ့စိတ်တွေကို လျှော့လိုက်ရသည်။

စိတ်လျှော့လိုက်သည်နှင့် မျက်ရည်တွေက အစားထိုးဝင်ရောက်လာကြပြန်သည်။

မေမေ ကြာဖြူ့မမွေးခင်က ဘယ်လောက် အထီးကျန် အားငယ်နေခဲ့ရှာမလဲ။ ဒီမှာ သက်မေမေနဲ့ လေးလေးက ကြည်နူးပြုံးပျော်နေချိန်မှာ ကြာဖြူ့မေမေက ဝမ်းနည်းအားငယ်စွာ လောကကို ရင်ဆိုင်နေရသည်။

မတရားလိုက်ကြတာ။

ကြာဖြူ့ကို မေတ္တာကရုဏာပြည့်ဝစွာနဲ့ မွေးစားခဲ့ကြသတဲ့။

ကြာဖြူ ခါးသီးစွာ ရယ်လိုက်မိသည်။

သူတို့သွေးသား ဆင်းရဲနိမ့်ပါးမှာကျတော့ စိုးရိမ်သား။

သူတို့ ဂုဏ်သိက္ခာတွေ ထပ်မကျအောင် ကြာဖြူက မီဘမဲ့ တစ်ကောင်ကြွက်အဖြစ် လောကကြီးကို လိမ်လည်လှည့်ဖြားလို့။

www.burmeseclassic.com

www.burmeseclassic.com



မေမေရေ ... ကြာဖြူ အဲဒါတွေ မသိချင်ပါဘူး။ ကြာဖြူရဲ့ အထီးကျန်ဘဝလေးထဲမှာ ကြာဖြူ နေသားကျနေတော့မှ မေမေရယ်။

♦♥♦



စာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပေမယ့် အရင်ကလို စာမေးပွဲပြီးတိုင်း လွတ်လပ်ပေါ့ပါးနေကျ ခံစားမှုကို ဒီတစ်ခါ မရတော့။

ကြာဖြူ စာမေးပွဲဖြေတဲ့ တစ်လျှောက်လုံး စိုးရိမ်စွာနဲ့စွာ လိုက်စောင့်ပေးတဲ့ သူ့ရဲ့ကြင်နာမှုကြောင့် ဝမ်းနည်းစိတ်ဝင်လာတိုင်း မောင်းထုတ်ပစ်နိုင်ခဲ့သည်။

ကြာဖြူက သူ့ကို "ညြ"ဟုခေါ်စဉ် သူ ကြောင်အမ်းအမ်း ဖြစ်သွားသော်လည်း ဘယ်သူမှ သူ့ကိုမခေါ်ဘူးတဲ့ နာမ်စားလေးဖြစ်၍ သူ ကျေနပ်သွားခဲ့သည်။

"ညြသာ ကြာဖြူ့နားမှာ ရှိမနေရင် ကြာဖြူ ယိုင်နဲ့လဲကျသွားမယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ဒီလိုပြောတိုင်း ကြာဖြူ့နဖူးပေါ်က ဆံစများကို သပ်တင်ပေးပြီး ...

"စိတ်ချ၊ ကိုယ် ကြာဖြူ့နားမှာ အမြဲရှိနေမယ်၊ ကြာဖြူ အလိုရှိတဲ့အချိန်၊ တောင့်တမိတဲ့အချိန်တိုင်း ကိုယ် ကြာဖြူ့နား ရောက်လာစေရမယ်"

ကြာဖြူ ဩစကားကို အကြွင်းမဲ့ ယုံပါသည်။

မယုံရဲတာက ကံကြမ္မာပင်။ ကြာဖြူ့ကို ကံကြမ္မာက အကြာကြီး ပျော်ရွှင်ကြည်နူးမှု မပေးမှာကိုပဲ စိုးရိမ်လှသည်။

စာမေးပွဲဖြေစဉ် တစ်လျှောက်လုံး ဘယ်သူ့ကိုမှ စကားမပြောမိ။ တမင်ကြိုးစားရတာ မဟုတ်ဘဲ အလိုအလျောက် ပြောချင်စိတ် မရှိတာကို ထူးဆန်းစွာ တွေ့ရသည်။

အံ့ဩသလို လိုက်ကြည့်နေကြတဲ့ မျက်ဝန်းတွေက ကြာဖြူ့ကို စာမေးပွဲကာလမှာ အလျှော့ပေးထားကြဟန် တူသည်။

ကြာဖြူ ထင်သည့်အတိုင်းပင် စာမေးပွဲဖြေပြီး နောက်တစ်ရက်မှာ လေးလေးက ကြာဖြူ့ကို အပြင်ခေါ်သွားခဲ့သည်။





သွားနေကျ ဒေါ်လေးခင်မွန်၏အိမ်ကိုပဲ ဖြစ်သည်။

အိမ်ရောက်သည်နှင့် ကြာဖြူ့အကြောင်း သိထားဟန်တူသော ဒေါ်လေးခင်မွန်က ...

"ဖြေနိုင်ရဲ့လား ကြာဖြူ"

ကြာဖြူ ခေါင်းပဲညိတ်ပြလိုက်သည်။

လေးလေးက ကြာဖြူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ဆိုင်လိုက်ပြီး ...

"ကြာဖြူ ... သက်နဲ့ ပြဿနာ ဖြစ်ထားကြလား"

ကြာဖြူ လေးလေးကို စူးစူးစိမ်းစိမ်း မော့ကြည့်လိုက်သည်။ အံ့ဩသွားတဲ့ လေးလေးမျက်နှာကိုမြင်ရင် ဝမ်းသာပျော်သွားမယ်ဟု ထင်ခဲ့သော်လည်း နာကျင်ဝမ်းနည်းသည့် ခံစားချက်များသာ ရလိုက်သည်။

"တကယ်လို့ သက်နဲ့ ကြာဖြူ ပြဿနာဖြစ်နေတယ်ဆိုရင်ရော လေးလေး ဘယ်သူ့ဘက်က ပါမှာလဲ"

အရင်ကလို သိမ်မွေ့နူးညံ့တဲ့ ကြာဖြူ့ဟန်နဲ့ အညာသူ အတကယ်ပဲ ပျောက်ဆုံးသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ ဘာတွေဖြစ်နေတာလဲ၊ အခု လေးလေးတို့ အေးအေးဆေးဆေး ဆွေးနွေးလို့ရအောင် ကြာဖြူကို ဒီခေါ်လာတာ၊ လေးလေး သက်ကို မေးကြည့်တော့လည်း သက်နဲ့ ဘာမှမဖြစ်ထားဘူး ပြောတယ်၊ ဒါဆို ကြာဖြူ ဘာဖြစ်နေတာလဲ"

လေးလေးနဲ့ ဒေါ်လေးခင်မွန်က ကြာဖြူကို စိုးရိမ်တကြီး ကြည့်နေကြတာ တွေ့ရသည်။

"လေးလေး မဖြေသေးဘူး၊ ကြာဖြူ မေးတာ ဖြေပါ တကယ်လို့ ပြဿနာဖြစ်ခဲ့တယ်ဆိုရင် လေးလေး ဘယ်သူ့ဘက် လိုက်မှာလဲလို့"

လေးလေးက ကြာဖြူကို နားမလည်စွာ ကြည့်နေပြီး ...

"မှန်တဲ့သူ့ဘက်က လိုက်မှာပေါ့၊ ဘာပြဿနာလဲ လေးလေးကိုပြောပြ"

ကြာဖြူ ခါးသီးနာကျင်စွာ ပြုံးလိုက်ပြီး ...

"အမှန်အမှား ဆိုတာကိုရော လေးလေးတို့က ဘာနဲ့ တိုင်းမှာလဲ၊ မေမေ့ကို တိုင်းတုန်းကပေးတာနဲ့ တိုင်းမှာလား"



လေးလေး မျက်နှာက ညှိုးပုပ်ပြီး ချက်ချင်းပင် ဆယ်နှစ်စာလောက် အိုစာသွားသည်။

"ကြာဖြူ ပြောနေတာတွေ လေးလေး နားမလည်ဘူး"

နားမလည်ပါဘူးလို့ပြောတဲ့ လေးလေးအသံက ဘာဖြစ်လို့ တုန်လှုပ်နေရတာလဲလို့ မေးပစ်လိုက်ချင်သည်။

ဒေါ်လေးခင်မွန်ကတော့ အခြေအနေ အဆိုးဆုံးကို ထိန်းနိုင်ရန် စိတ်အဆင်သင့် ပြင်ထားပုံမျိုးပင်။

"လေးလေး မေမေ့ကို ထားရစ်ခဲ့တုန်းက မေမေ့ကို ဘယ်လိုပေးတာနဲ့တိုင်းပြီး ထားခဲ့တာလဲလို့"

လေးလေး မျက်ဝန်းတွေက ထိခိုက်နာကျင်စွာ နီရဲသွားသည်။

တစ်ခုခုပြောဖို့ အားယူကြိုးစားနေပုံရသည့် နှုတ်ခမ်းတွေက တလှုပ်လှုပ်။

"မေမေနဲ့ ကြာဖြူ ဒုက္ခပင်လယ်ဝေနေချိန်မှာ လေးလေးတို့ မိသားစု အောင်ပွဲခံနေကြတယ် မဟုတ်လား"

"ကြာဖြူ ... တော်တော့"

www.burmeseclassic.com

www.burmeseclassic.com



လေးလေးက အသံနက်ကြီးဖြင့် လှမ်းဟန့်လိုက်သဖြင့် ကြာဖြူ လန့်သွားသည်။

"ကြာဖြူ ... လေးလေးကို အထင်မှားနေတာ၊ ကြာဖြူထင်တာတွေ တစ်ခုမှ မဟုတ်ဘူး"

ကြာဖြူ ဘာကိုမှ မကြောက်တော့၊ ကြာဖြူ ဘဝတစ်လျှောက်လုံး ခံစားခဲ့ရသည့် သိမ်ငယ်မှုတွေအတွက် ကြာဖြူ ဘာကိုမျှ မကြောက်ချင်တော့။

"ဒါဆို ဒါဟာ ကျွန်တော့်သမီးပါလို့ လေးလေး မိသားစုရှေ့မှာ လေးလေး ဝန်ခံရဲလို့လား၊ ဂုဏ်တွေ စည်းစိမ်တွေနဲ့ ပြည့်နှက်နေတဲ့ သက်မေမေရှေ့မှာ လေးလေး ဝန်ခံရဲလို့လား"

ကြာဖြူ့စကားတွေကသာ မြားတွေဆိုလျှင် လေးလေး ရင်ဘတ်နှင့် လောက်မည်မဟုတ်ပေ။

"လေးလေး အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ခဲ့တာပါ ကြာဖြူရယ်"

လေးလေး အသံက စိတ်လျှော့ဝမ်းနည်းသံ။



"အဲဒီအားလုံးထဲမှာ ကြာဖြူတော့ မပါဘူး မဟုတ်လား လေးလေး"

"ကြာဖြူ ဘာများ မျက်နှာငယ်ခဲ့ရလို့လဲ၊ ကြာဖြူ့အတွက် ပြည့်စုံအောင် လေးလေး ဖြည့်ပေးခဲ့တာပဲ မဟုတ်လား"

ကြာဖြူ ရရှိသော ရုပ်ဝတ္ထုပစ္စည်းများက လေးလေး ပြောသလို ပြည့်စုံကုံလုံခဲ့ပါသည်။

ဒါပေမဲ့ ကြာဖြူ စိတ်ရဲ့လုံခြုံမှုကို ကြာဖြူ ဆုံးရှုံးခဲ့ရတာပဲ မဟုတ်လား။

"ကြာဖြူ့ဘဝမှာ မှတ်သိပ်တောင့်တခဲ့ရတဲ့ မိဘမေတ္တာလေ၊ ဖခင်က သမီးကို အသိအမှတ် မပြုဝံ့တဲ့ဘဝမှာ ကြာဖြူ အကြာကြီး နေခဲ့ရတဲ့အတွက် လေးလေး ဘယ်လို ပြန်ပေးဆပ်နိုင်မှာလဲ"

ပြောရင်းနဲ့ စီးကျလာတဲ့ မျက်ရည်တွေက လောင်ကျွမ်းလှသည်။

ဒေါ်လေးခင်မွန်က ကြာဖြူ့ဘေးနား လာထိုင်ပြီး ကြာဖြူ့ကို နှစ်သိမ့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ့မေမေက ဒေါ်လေးတို့အားလုံးကို ခြေရာဖျောက်ပြီး ထွက်သွားတာ၊ ထွက်သွားတုန်းကလည်း ညို့မှာ ကြာဖြူလေး ကိုယ်ဝန်ရှိနေမှန်း မသိလိုက်ကြဘူး၊ ညို့မှာ ကုမရတဲ့ရောဂါ ဖြစ်နေပြီဆိုတော့မှ ဒေါ်လေးတို့ဆီ အကြောင်းကြားခဲ့တာ၊ ကြာဖြူလေးလေးက ကြာဖြူ့မေမေ ကို လိုက်ရှာပါသေးတယ်ကွယ်၊ ဒါပေမဲ့ မတွေ့အောင် ပုန်းချင်နေမှတော့ ဘယ်တွေ့ပါ့မလဲ၊ သမီးလေးလေး မမှားပါဘူးကွယ်"

မမှားမှန်း သိရက်နဲ့ ကြာဖြူ ခွင့်မလွှတ်ချင်။

ဘယ်သူ့စကားကိုမှ ကြာဖြူ မယုံချင်တော့။

ကျားနာ့မလေးတစ်ကောင်လို မြင်မြင်ရာ ရန်လို သည့် ကြာဖြူ့စိတ်ကို ကြာဖြူကိုယ်တိုင် ဖမ်းဆုပ်လို့မရ။

"အရင်လို ပြန်နေပါ ကြာဖြူရယ်၊ အားလုံး အေးအေး ချမ်းချမ်း ပြန်နေကြရအောင်၊ သက်လည်း ဘာအကြော ရင်းမှန်း မသိဘဲနဲ့ ကြာဖြူ စိမ်းသွားတာကို ဝမ်းနည်း တယ်"



နောက်ဆုံးတော့လည်း ထုံးစံအတိုင်း သက် အလိုကျ ကြာဖြူ ခေါင်းငုံ့သည်းခံပေးရဦးမှာပေါ့။

"ဒါဆိုလည်း အကြောင်းရင်းအမှန် သိသွားရအောင် ဖွင့် ပြောလိုက်ရုံပေါ့၊ သူ့ကို တစ်လျှောက်လုံး တွယ်တာအနှစ် နာခံခဲ့တဲ့သူဟာ သူနဲ့ ညီအစ်မအရင်းတွေပါလို့ လေးလေး ပြောရဲလား"

လေးလေး ခေါင်းငိုက်စိုက် ကျသွားပုံက ရှင်းရခက် သည့် ပုစ္ဆာတစ်ပုဒ်ကို လက်လျှော့အရှုံးပေးလိုက်ရသည့်နှယ်။

"သက် စိတ်မကောင်းဖြစ်မယ့်ကိစ္စလေ ကြာဖြူရဲ့။ သက် တင် မဟုတ်ဘူး၊ ငြိမ်းပါ စိတ်မကောင်း ဖြစ်သွားလိမ့် မယ်၊ သူတို့ ယုံကြည်လေးစားရတဲ့သူဟာ တခြားမိန်းမ တစ်ယောက်နဲ့ သမီးတစ်ယောက် ရှိနေတယ်ဆိုတဲ့ အဖြစ် ကို ဘယ်သူမှ လက်ခံနိုင်မှာမဟုတ်ဘူး။ ကြာဖြူ မသိချင် ယောင် ဆောင်နေလိုက်တာက အားလုံးအတွက် အကောင်း ဆုံးပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးခင်မွန့် စကားတွေကလည်း ကြာဖြူ့ဘက်ကလိုလို့နဲ့ ကြာဖြူ့အတွက် မဟုတ်။

"ကဲ ... ပြော၊ လေးလေး ကြာဖြူ ကျေနပ်အောင် ဘယ်လိုလုပ်ပေးရမလဲ"

လေးလေးက အလျှော့ပေးရန် ဆုံးဖြတ်လိုက်ပုံရသည့်မေးခွန်းကို မေးလာသည်။

"ကြာဖြူ လိုအပ်တဲ့ တစ်နေ့မှာ လေးလေးဟာ ကြာဖြူ့ ဖေဖေပါလို့ ဝန်ခံရဲရမယ်"

လေးလေးက ခဏလေး ခပ်တွေတွေ ကြာဖြူ့ကို စိုက်ကြည့်ပြီး ...

"ကောင်းပြီ၊ ကြာဖြူ့အတွက် လေးလေး ဝန်မခံလည်း လေးလေး အသိစိတ်ထဲမှာ ကြာဖြူဟာ လေးလေးရဲ့သမီးပါပဲကွယ်"

စေးနဲ့စွာ မသုံးဝံ့တာလား၊ မသုံးရဲတာလား။

"ဖေဖေ"ဆိုတဲ့ နာမ်စားက ကြာဖြူတို့ ကြားမှာ ဝေးကွာလွန်းနေသည်။





"ကြာဖြူ့စိတ်ကို ကြာဖြူ အသားကျအောင် ဒဏ်ရာကျက်အောင် ကြိုးစားရဦးမှာမို့ လောလောဆယ် ပုံမှန်ပြန်မဖြစ်နိုင်သေးဘူး၊ ဒါပေမဲ့ ကြာဖြူ ရန်လိုတဲ့စိတ်ကူး မရှိပါဘူး၊ အားလုံးကို ရှောင်ချင်တဲ့သဘောပါပဲ"

"ဒါဆို ကြာဖြူ ဒေါ်လေးခင်မွန်နဲ့ လာနေမလား"

ကြာဖြူ ခေါင်းခါပြလိုက်ပြီး ...

"ကြာဖြူ့ဒဏ်ရာအတွက်ဆေးက ဒေါ်လေးခင်မွန်မှာ မရှိဘူးလေ"

ကြာဖြူ့အပြုံးကို လေးလေးက ထိတ်လန့်စွာကြည့်နေသည်။

♦♥♦

www.burmeseclassic.com

www.burmeseclassic.com



[illegible]

“ကြာဖြူ အရမ်းပြောင်းလဲသွားတယ်”

ချစ်သူရဲ့အမြင်က သွေးထွက်အောင် မှန်နေသည်။ ကြာဖြူ့ကို အရိပ်တကြည့်ကြည့် နေတတ်သည့် ဩဆီက ဒီလို သတ်မှတ်ချက် ထွက်လာတာ အံ့ဩစရာမရှိ။

“ဟုတ်တယ် ဩ၊ အရင်က ကြာဖြူက တကယ့်ကို နွံထဲမှာနစ်ပြီး ပွင့်နေတဲ့ ကြာပန်းဖြူဖြူလေး၊ အခု ကြာဖြူက တော့ အဲဒီနွံထဲက ရုန်းကန်ဖို့ ကြိုးစားနေတဲ့ ခွန်အားရှိတဲ့ ကြာပန်းလေး ဖြစ်နေပြီ”

ဩက ညွှံသက်စွာ ပြုံးပြီး ...

“ကိုယ်တော့ အဲဒီလို မထင်ဘူး၊ အရင်က ကြာဖြူက လရောင်နဲ့မှ ပွင့်ရတဲ့ ကုမုဒြာကြာလေး၊ အခု ကြာဖြူက နေ့အလင်းရောင်နဲ့ ပွင့်ရတဲ့ ပဒုမ္မာကြာလေး၊ ဘယ်ကြာပဲ





ဖြစ်ဖြစ် ကိုယ့်အတွက်တော့ ကြာဖြူက ကုမုဒြာဆိုရင် ကိုယ်က လမင်း၊ ကြာဖြူက ပဒုမ္မာဆိုရင် ကိုယ်က နေမင်း ဖြစ်ရမှာပေါ့ ဟုတ်လား”

ကြာဖြူ ကြည်နူးအားရစွာ ဩရင်ခွင်ထဲ တိုးဝင်လိုက်သည်။

“ကြာဖြူကတော့ [illegible]ကြာ မဖြစ်ချင်ဘူး”

ဩက သူ့ရင်ခွင်ထဲက ကြာဖြူကို ငုံ့ကြည့်ပြီး ...

“ဘာဖြစ်လို့လဲ ကြာဖြူရဲ့”

“ကုမုဒြာက လရောင်နဲ့မှ ပွင့်ရတာလေ၊ လ,ဆိုတာ အမြဲတမ်း သာတာမှ မဟုတ်တာပဲ ဩရယ်၊ လမိုက်ညတွေလည်း ရှိတာပဲ”

ဩက ခဏလေး ငြိမ်သွားပြီး ကြာဖြူ့ကို ပြောမည့် စကား ရွေးချယ်စဉ်းစားနေပုံရသည်။ ပြီးမှ ...

“ကိုယ့်အတွက်တော့ ကုမုဒြာပဲဖြစ်ဖြစ်၊ ပဒုမ္မာပဲဖြစ်ဖြစ် ကြာဖြူက ပန်းလေးတစ်ပွင့်ပဲ၊ ကိုယ့်ရင်ထဲ အမြဲတမ်း ပွင့်နေမယ့် ပန်းလေးတစ်ပွင့်ပေါ့”



www.burmeseclassic.com

လေ့နုနုလေးက ပေါ့ပါးညင်သာစွာ ကြာဖြူတို့ကို မွှေ့ဖက်ကျီစယ်လျက် ...

ကြာဖြူ ကိုယ်တိုင် ပျောက်ဆုံးသွားသော ကြာဖြူကို နမြောနေသလို ရင်ထဲလေးလံစွာ။

♦♥♦



"ကိုယ့်ကို အိမ်ကအမျိုးသမီးတစ်ယောက်နဲ့ စေ့စပ်ပေးဖို့ စီစဉ်နေတယ်"

ကြာဖြူ မျှော်လင့်ပြီးသားကိစ္စဖြစ်၍ သိပ်မတုန်လှုပ်မိစေမယ့် ဩကို ဆုံးရှုံးရမည့်အတွက်တော့ ကြေကွဲ့စိုးထိတ်မိသည်။

ဩ့မိသားစုရဲ့အခြေအနေကို တဖြည်းဖြည်း သိလာလေလေ ကြာဖြူ့အခြေအနေနဲ့ ဝေးလေလေဆိုတာ ကြာဖြူခန့်မှန်းပြီးသားပင်။

ပညာကလွဲ၍ ဘာမှမပိုင်ဆိုင်သော ကြာဖြူ့ကို အားလုံး ပိုင်ဆိုင်ထားသော မိသားစုအတွင်းသို့ လွယ်လင့်တကူ အဝင်ခံမှာ မဟုတ်တာ ကြိုတွေးထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩ ... ဘာလုပ်မှာလဲ"

ကြာဖြူ ဩကို ဘာဖီအားမှ မပေးချင်။

ဩ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ကြာဖြူ အေးအေးဆေး ဆွာ လက်ခံဖို့ ဆုံးဖြတ်ထားသည်။

"ကိုယ် အေးအေးဆေးဆေး ဖြေရှင်းချင်တယ်၊ မေမေတို့ ကိုလည်း မဆန့်ကျင်ရာရောက်အောင်၊ ကြာဖြူ့ကိုလည်း လက်ခံချင်လာအောင်ပေါ့"

"ဘာလဲ ... ဩက စေ့စပ်တာကို အရင်လက်ခံထားလိုက် မယ်ဆိုတဲ့ သဘောလား"

ဩက ကြာဖြူ့ကို မြတ်နိုးငြိမ်းချမ်းစွာကြည့်ပြီး ...

"မဟုတ်ဘူး၊ ဟိုအမျိုးသမီးက ကိုယ့်မှာ ချစ်သူရှိတာ သိပုံမပေါ်ဘူး၊ ကိုယ်နဲ့ သူ အိပ်လည်းမရင်းနှီးပါဘူး။ ဒါပေမဲ့ သူကတော့ ပိုရင်းနှီးချင်ပုံရတယ်၊ တစ်ရက် သူ့ အိမ်သွားလည်ရင်း သူ့မိသားစုလုပ်ငန်းနဲ့ ကိုယ့်မိသားစု လုပ်ငန်းက ဆက်စပ်ရင်းနှီးနေတယ်ဆိုတာ သိသွားတယ်၊ အဲဒါကနေ လူကြီးချင်း စကားတွေ ဆက်စပ်မိကြပြီး စိစဉ်ဖြစ်သွားတယ် ထင်တာပဲ"



ဒီခေတ်ကြီးက ချစ်သူနဲ့ လက်ထပ်မယ့်သူကို တစ် ထပ်တည်း ကျရမယ်လို့ စွဲမြဲစွာ ခံယူထားသူတွေ အတော်နည်း ပါးလာတာ ကြာဖြူ သိသလို၊ ဩလည်း သိနေပါသည်။

"အဲဒီအမျိုးသမီးမှာရော ချစ်သူ မရှိဘူးလား"

ဩက ပခုံးတွန့်ပြပြီး ...

"ကိုယ် တစ်ခါမှ မမေးဖူးဘူး"

"ဩော် ... ဒါဆို သူကရော ဩနဲ့သူ့ကို စေ့စပ်ပေးမယ် ဆိုတာ သိလား"

ဩက ခေါင်းညိတ်ပြီး ...

"သိမယ်ထင်တယ်၊ ဒီလိုကိစ္စမျိုးက မိန်းကလေးဘက်က ခေါင်းညိတ်မှ စီစဉ်လို့ ရတာလေ"

ကြာဖြူ့အတွက် မျှော်လင့်ချက်က ဩရဲ့ရပ်တည်မှု ပေါ်မှာသာ မူတည်နေသည်။

"အဲဒီတော့ ကိုယ့်မှာ ကြာဖြူ ရှိကြောင်း သိသွားရင် သူ နောက်ဆုတ်မလား၊ ဒါမှမဟုတ် ကိုယ့်မှာ ချစ်သူရှိလို့ ငြင်းပေးပါလို့ တောင်းဆိုရင် ကောင်းမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



သြ အနေအထားက ဘယ်လိုသမီးရှင်၊ ဘယ်လိုမိန်းကလေးကမှ ခြင်းရက်စရာ မရှိသော အနေအထားမျိုးဖြစ်သည်။

"သူ့ကြည့်ရတာ ပါးပါးနပ်နပ်ရှိမယ့်ပုံပါ၊ ကိုယ် ကြာဖြူနဲ့ မိတ်ဆက်ပေးလိုက်ရင် အလိုလို သူ ဘာလုပ်သင့်တယ်ဆိုတာ သိသွားမှာပါ"

သြ ထင်ထားသလို ဖြစ်သွားရင်တော့ ကောင်းသားပင်။

"ကိုယ် ဒါတွေပြောပြနေတာ ကြာဖြူ့ကို တမင်စိုးရိမ်ရအောင် ပြောပြနေတာ မဟုတ်ဘူးနော်၊ အရင်ဆုံး အေးအေးဆေးဆေး ဖြေရှင်းချင်လို့ ဒီနည်းသုံးတာ၊ တကယ်လိုအပ်လာရင် ကိုယ် ကြာဖြူ့အတွက် စွန့်လွှတ်သင့်တာတွေကို စွန့်လွှတ်ပြီး ကြာဖြူ့နားမှာပဲ နေမှာပါ"

ကြာဖြူ ယုံကြည်အားကိုးစွာ သြကို ကြည့်နေမိသည်။





"မနက်ဖြန် သူနဲ့တွေ့ဖို့ ချိန်းထားတယ်၊ သူက စကားပြောချင်လို့တဲ့၊ အဲဒါ ကြာဖြူ ကိုယ်နဲ့လိုက်ခဲ့ရမယ်၊ ကိုယ့်ဘေးမှာ ကြာဖြူကလွဲပြီး ဘယ်သူမှ အဝင်မခံဘူးဆိုတာ သူ့လိမ္မာပါးနပ်စွာ သိသွားစေရမယ်၊ ဟုတ်လား ကြာဖြူ"

ကြာဖြူအတွက် အမြဲတမ်း ရွေးချယ်ခွင့်ဆိုတာ နည်းပါးစမြဲမို့ ကြာဖြူ သြ ပြောတာကို လက်ခံလိုက်ရသည်။

♦♥♦



www.burmeseclassic.com

www.burmeseclassic.com



ဩကာ ချိန်းထားတဲ့နေရာ ရောက်ခါနီး ကြာဖြူ… လက်ကို ဖျစ်ညှစ်ပြီး …

"ကြာဖြူ ဘာမှအားမငယ်နဲ့နော်၊ အားလုံး အဆင်ပြေသွား… မှာပါ"

ကြာဖြူ ဩကို မော့ကြည့်ပြီး ယုံကြည်စွာ ပြုံး… ရင်း ခေါင်းညိတ်လိုက်သည်။

"သူက သဘောကောင်းပါတယ်၊ ပြည့်စုံတဲ့ အသိုင်းအဝိုင်း… မှာ အလိုလိုက်ခံထားရတဲ့ သူဆိုတော့ နည်းနည်း… မာနကြီးတယ်"

ဩကာ ကြာဖြူ စိတ်သက်သာရာ ရစေမည့် … တွေကို ကြံဖန်ပြောရင်း ချိန်းထားတဲ့နေရာသို့ ရောက်လာသည်…





Royal Thazin ဆိုတဲ့ ဆိုင်လေးက ဆိတ်ငြိမ်အေး ချမ်းတဲ့ ခြံကျယ်ကြီးထဲမှာ ဣန္ဒြေကြီးမားသော အိမ်ရှင်တစ်ယောက်လို ဧွးဧထွးတည်ငြိမ်စွာ။

"သူ မလာသေးဘူး ကြာဖြူရဲ့၊ သူ လာမှ တစ်ခုခု မှာကြတာပေါ့"

ကြာဖြူနဲ့ ဩကို ကြိုပြီးနေရာယူထားဟန်တူသော နေရာလေးသို့ ခေါ်သွားသည်။

နှစ်ယောက်သား ထိုင်နေကြစဉ် ဩကာ ထူးထူးခြား ခြား မားလျားချလာသော ကြာဖြူ့ဆံပင်တွေကို မြတ်နိုးခုံမင်စွာ ကြည့်ပြီး …

"ကြာဖြူက ဆံပင်လေး ဖြန့်ချထားတော့ ပိုပြီးနူးညံ့သိမ် မွေ့တဲ့ပုံလေး ပေါ်နေတယ်"

ကြာဖြူ ကျေနပ်စွာ ပြုံးလိုက်ပြီး …

"ကြာဖြူ့မေမေမှာလည်း ကြာဖြူနဲ့တူတဲ့ ဒီလိုဆံပင်ရှည် တွေ ရှိတယ်တဲ့။ အဲဒီဆံပင်ရှည်တွေကို ကြာဖြူ့ဖေဖေက လည်း မြတ်နိုးခဲ့တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ့ဖေဖေဆိုတဲ့ နေရာအရောက် ကြာဖြူ့ရင်ထဲ ဝမ်းနည်းလှိုက်ဟာသလိုလို-ဖြစ်သွားသည်။

"စာများတဲ့ကျောင်းမှာ ဒီဆံပင်ရှည်တွေကို ထိန်းသိမ်းရတာ အချိန်ပေးရမှာပေါ့"

တစ်ခါတလေ ဆံပင်ကို သေချာကျနစွာ မရှင်းဘဲ ကျစ်ဆံမြီးကို ခပ်တင်းတင်း ကျစ်လာခဲ့ရတဲ့ ရက်တွေရှိတာကို မပြောပြဖြစ်တော့။

ကြာဖြူ့လို ဆံပင်ရှည်ထားချင်ပေမယ့် ဆံလုံးသေး ပြီး ဆံပင်ပါးသဖြင့် လှိုင်းတွန့်ကလေးတွေ ကောက်ထားသော သက်ကို ဖျတ်ခနဲ သတိရလိုက်သည်။

"ဟော ... ဟိုမှာ လာပြီ"

ကြာဖြူက အပေါက်ဝကို ကျောပေးထားသဖြင့် မတွေ့ရ။ အပေါက်ဝကို မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ဩဆီက အသံကို ကြားလိုက်ရသည်။

ရင်းနှီးဖူးသော ရေမွှေးနံ့အီအီသင်းသင်းကို ရလိုက်ပြီး အနံ့ပိုင်ရှင်က တဖြည်းဖြည်း သူတို့ဝိုင်း ရောက်လာသည်။



"ထိုင်ပါ မသက်နှင်းခန့်"

ဩရဲ့ကြိုဆိုလိုက်တဲ့ အသံကြောင့် ကြာဖြူ ဖျတ်ခနဲ မော့ကြည့်လိုက်စဉ် ...

အကြည့်နှစ်ခုက လမ်းမှာ ခဏလေး ဆုံလိုက်ပေမယ့် အဓိပ္ပာယ်အများကြီး ပြောဖြစ်သွားသည်။

"ဩော် ... ကျွန်မက တစ်ယောက်တည်းမှတ်တာ"

သက်အသံက ပုံမှန်မဟုတ်။ တစ်အိမ်တည်းနေပေမယ့် ကြာဖြူဘက်က စာင်းမာမှုကြောင့် သက်နဲ့စကားမပြောဖြစ်တာ ကြာပြီဖြစ်သည်။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါက ..."

သက်က ဩစကားကိုဖြတ်၍ လက်ကာပြလိုက်တာ တွေ့ရသည်။ ဩက အံ့ဩဆွံ့အနေစဉ် သက်ကဖြတ်ပြီး ...

"မိတ်ဆက်ပေးစရာ မလိုပါဘူး ဦးဩညို၊ သူနဲ့ ကျွန်မက တစ်အိမ်တည်းနေတဲ့ သူတွေလေ"

သက် စကားကြောင့် ဩ ပိုပြီးအံ့ဩသွားသလို ကြာဖြူ့အတွက်လည်း အသက်ရှူနည်းနည်းကျပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ကြာဖြူ၊ ကိုယ်လည်း ဘာမှမသိရပါလား"

ကြာဖြူ ဩဘက်ကို အားပေးပြုံးနဲ့ ပြုံးပြလိုက်ပြီး ...

"ဩနဲ့ ကြာဖြူ ဒီအကြောင်းကို စကားမှ မစပ်မိကြတာ"

ဩက စာတ်ရည်လည်သွားပြီး ခေါင်းညိတ်ပြသည်။

"ဒါဆို အတော်ပဲပေါ့၊ ကြာဖြူနဲ့ ကျွန်တော်နဲ့က ချစ်သူတွေလေ သက်နှင်းခန့်ရဲ့"

သက်က ကြာဖြူ့ကို ထူးဆန်းစွာပြင်းစွာ ကြည့်နေသလို ခံစားရသည်။

"ချစ်သူတွေ ... ဟုတ်လား၊ ကြာဖြူ ပြောသံ တစ်ခါမှ လည်း မကြားရပါဘူး၊ အင်းလေ ... ချစ်သူထားရင် အိမ်က မောင်းထုတ်မယ်လို့လည်း ပြောထားတော့ ဘယ်ဝန်ခံပါမလဲနော်"

သက်စကားကြောင့် ဩ မျက်နှာက အားနာစွာ ပျက်သွားပေမယ့် ကြာဖြူကတော့ သွေးအေးစွာ ရင်ဆိုင်ဖို့အသင့် ဖြစ်သွားသည်။

"ဘယ်လိုလဲ ကြာဖြူ၊ ငါ အိမ်မှာပြန်တိုင်ရမှာလား"



စသလိုလိုနဲ့ ခြိမ်းခြောက်လိုက်တာဖြစ်မှန်း ဩရော ကြာဖြူပါ နားလည်နေသည်။

"ကျွန်တော်တို့ အချင်းချင်း တွေ့ကြတဲ့ကိစ္စပဲ ပြောကြရအောင် သက်နှင်းခန့်"

သက်က ပျက်နေတဲ့မျက်နှာကို ပုံမှန်ဖြစ်အောင် မနည်းကြိုးစားနေတာ တွေ့ရသည်။

"ကောင်းပြီလေ ဉဩညို၊ သူ့ကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

ကြာဖြူ ရှိနေခြင်းကို နှစ်မြို့ပုံမရတာ သက်မျက်နှာပေါ်မှာ အထင်အရှား တွေ့ရသည်။

အရင်က ညီအစ်မတွေလို တွယ်တာခဲ့ရသည့် သံယောဇဉ်တွေက ဘယ်ရောက်ကုန်မှန်း မသိတော့။

နှစ်ယောက်စလုံး ဝမ်းနည်းမင်ပန်းစွာ စွန့်လွှတ်လိုက်ကြလေပြီထင်။

"ကျွန်တော်နဲ့ သက်နှင်းခန့်ကို အိမ်က စေ့စပ်ပေးမယ့် ကိစ္စကို သက်နှင်းခန့်ဘက်က ငြင်းပေးပါလား"

www.burmeseclassic.com



သက်က ခံပြင်းခါးသီးစွာ ပြုံးပြီး ...

“ဥသြညိုက သားလိမ္မာလုပ်မယ်ပေါ့”

သက်ရဲ့ခနဲ့တဲ့တဲ့စကားကို သြက ငြိမ်သက်စွာ ဘာမှပြန်တုံ့ပြန်။

“သက်နှင်းခနဲ့ဘက်က ငြင်းပေးရင် ကျွန်တော်တို့လည်း အဆင်ပြေမယ်၊ သက်နှင်းခနဲ့လည်း သိက္ခာမကျတော့ဘူးပေါ့”

သက်က ကြာဖြူကို စူးစူးစိမ်းစိမ်းကြည့်ပြီး ...

“သိက္ခာ ... ဟုတ်လား၊ သိက္ခာကျတာပေါ့ ဥသြညိုရဲ့၊ ကျွန်မအိမ်မှာ ကပ်နေတဲ့သူကို ကျွန်မက အရှုံးပေးရမှာဆိုတော့ သိက္ခာကျတာပေါ့”

သြက သက်စကားတွေကို မခံချင်ပေမယ့် အစီအစဉ် အဆင်ပြေဖို့ ကျိတ်ပြီးသည်းခံပေးနေရတာ တွေ့ရသည်။

“ကျွန်တော် တောင်းဆိုတာ မဟုတ်ပါဘူး သက်နှင်းခနဲ့ တောင်းပန်တာပါ”





သက်က ထိုင်နေရာက ထပြီး ...

“ဝမ်းနည်းပါတယ် ဥသြညို၊ ကျွန်မ ကြာဖြူ့အတွက် အလျှော့မပေးနိုင်ဘူး၊ ဥသြညိုဘက်ကသာ ပြတ်ပြတ်သားသားဖြစ်အောင် ငြင်းလိုက်ပါ”

သက်က ကမ်းလှမ်းချက်ကို ယတိပြတ် ငြင်းလိုက်သည်။

“အခုလိုပုံစံမျိုးနဲ့ တွေ့ရတာ စိတ်မကောင်းပါဘူး ကြာဖြူ၊ ငါ သွားတော့မယ်၊ ကျွန်မကို ခွင့်ပြုပါဦး ဥသြညို”

သက်က နှစ်ယောက်စလုံးကိုပြောပြီး ဆိုင်ထဲက ထွက်သွားသည်။

သက်ရဲ့သေးသွယ်နွဲ့နှောင်းသော ခန္ဓာကိုယ်လေးက မခံချင်စိတ်တွေကြောင့် ပူလောင်ပြင်းပြလျက်။

သြက ကြာဖြူ့ကို အားတင်းပြုံးပြပြီး အားပေးသည်။

ကြာဖြူကတော့ သက်နဲ့ မကြာခင် စစ်အေးတိုက်ပွဲ ဆစ်ခုအတွက် ပြင်ဆင်ထားရတော့မယ်ဆိုတာ သိနေသည်။



www.burmeseclassic.com

စစ်ကို အစပျိုးသူက ကြာဖြူ ဖြစ်ပေမယ့် စစ်ကြေညာသူက သက် ဖြစ်နေသည်။

ဩကို စစ်တလင်းတော့ မဖြစ်စေချင်။

♦♥♦



ကြာဖြူ အိမ်ပြန်ရောက်ပြီး မကြာခင် ကြာဖြူ့ အခန်းတံခါးခေါက်သံ ကြားရပြီး ကြာဖြူ့ဆီက ဘာမှမပြောရခင်မှာပင် သက်က အခန်းထဲဝင်လာသည်။

အရင်က သက် ဝင်လာရင် ဝမ်းသာအားရကိစ္စတစ်ခုခုကို ပြောတော့မယ်ဆိုတာ ကြိုသိနေသလို အခုလည်း သက်ဆီမှာ စိတ်လှုပ်ရှားစရာကောင်းမယ့် စကားတွေ ရှိနေမယ်ဆိုတာ ကြိုသိနေသည်။

အရင်က ကြာဖြူ့ခုတင်ပေါ် ဗုန်းခနဲ ပစ်လှဲရင်း စကားပြောတတ်တဲ့ သက်က အခုတော့ ခုံလွတ်တစ်လုံးမှာ တည်ငြိမ်စွာ ဝင်ထိုင်လိုက်တာ တွေ့ရသည်။

"နင်နဲ့ ဥဩညို ချစ်နေတာ ကြာပြီလား"

www.burmeseclassic.com



သက်မှာ တစ်ခုခု လိုချင်ရင် သွေးရူးသွေးတန်း ဆုံးဖြတ်တတ်တဲ့အကျင့် ရှိတာမို့ ကြာဖြူ သတိကြီးကြီးထားနေရသည်။

"သိပ်မကြာသေးဘူး၊ ဒါပေမဲ့ သက်ရဲ့မာကျူရီ ဖြစ်နေတာတော့ ကြာဖြူလည်း မသိဘူး"

ကြာဖြူ့ဘက်ကလည်း လေသံမာနေတာကို သက် သတိထားမိမည်ပင်။

"အခု သိပြီဆိုတော့ရော"

ကြာဖြူ သက်ကို ခိုင်ခံ့ထူထဲစွာ ပြုံးပြလိုက်ပြီး

"သိသိ မသိသိ ကြာဖြူ ညြနဲ့ လက်တွဲဖြုတ်မှာ မဟုတ်ဘူး"

သက်က မရယ်ချင်ဘဲနဲ့ ခြောက်ကပ်ကပ် ရယ်လိုက်တာကို တွေ့ရသည်။

"ဘာလဲ ... ဉာဉ်ညိုနဲ့ လက်ထပ်ကို ထပ်ရမယ်လို့ ဆုံးဖြတ်ထားတယ်ပေါ့၊ နောက်ဆုံးတော့လည်း အောက်တန်းကျတဲ့စိတ်က ပေါ်လာတာပါပဲ၊ ဉာဉ်ညိုက နင့်အတွက် အမိုကောင်းတဲ့ ယောက်ျားကို"



သက်ရဲ့စွပ်စွဲချက်က ပြင်းထန်မှားယွင်းစွာ။

"ကြာဖြူတို့ နှစ်ယောက်ကြားမှာ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးဖို့ပဲ ရှိတယ်၊ မိုခြင်း မမိုခြင်းကိစ္စကို စဉ်းတောင် မစဉ်းစားမှုဘူး"

သက်က သနားစရာ သတ္တဝါတစ်ကောင်ကို လှောင်ပြီး၊ ပြုံးပြနေသလို ကြာဖြူ့ကို ကြည့်ပြီး ...

"သိပ်စိတ်ကူးယဉ်မနေနဲ့၊ ဉာဉ်ညို အနေအထားက ကြာဖြူနဲ့ဆို မိုးနဲ့မြေပဲ၊ ပြီးတော့ သူ့မိဘတွေက ငါ့ကို လိုလိုလားလား တောင်းရမ်းဖို့ ဆုံးဖြတ်ကြပြီးသား"

ဒါတွေက သိပြီးသားကိစ္စတွေဖြစ်ပြီး ကြာဖြူ စိတ်ဝင်စားသော ကိစ္စတွေလည်းဖြစ်သည်။

"နင် နောက်ဆုတ်ပေးပါ ကြာဖြူ"

နောက်ဆုံးတော့လည်း သက်ရဲ့ပုံစံကျနေပြီဖြစ်သော အနိုင်ယူလိုမှုက ဘွားခနဲ ပေါ်လာသည်ပင်။

ကြာဖြူ့ဆီက သက် ယူထားတာ သိပ်များခဲ့ပြီပဲ။ ဒီတစ်ခါတော့ ကြာဖြူ တန်ဖိုးထားရဆုံး အရာကို သက်ဆီ လွှဲပေးနိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး သက်၊ ဩက ငါ့ကို ခွဲမသွားမချင်း ငါ နောက်ဆုတ်မပေးနိုင်ဘူး"

သက်က ဝုက်ဖဲတစ်ချပ်ကို ပိုင်ပိုင်နိုင်နိုင် ကိုင်ထားသူ တစ်ယောက်လို ပါးနပ်ပိုင်နိုင်စွာပြုံးပြီး ...

"ဘယ်လောက်ပဲ နင့်ကို ဥပြဲညှိကချစ်ချစ် နင့်ရဲ့ရာဇဝင်ကိုသိရင်တော့ လက်တွဲရဲမှာ မဟုတ်ဘူး"

ကြာဖြူ့ရာဇဝင်ကို ကြာဖြူထက် သက်က ပိုသိနိုင်ပါ့မလား။

"ငါ မိဘမဲ့ဆိုတာ သက်တို့အိမ်က မွေးစားပြီး ပြုစုစောင့်ရှောက်ထားတယ် ဆိုတာတွေ အားလုံး ဩ သိတယ်၊ ငါ ဩကို ငါ့ဘဝအမှန်ကို ပြောပြထားတယ်"

သက်က ပခုံးကို ဟန်ပါပါ တွန့်ပြပြီး ...

"မိဘမဲ့ ... ဟုတ်လား၊ မိဘမဲ့ မဟုတ်ပါဘူး၊ အဖေမရှိဘဲ မွေးထားတာပါ၊ အဖေဘယ်သူဆိုတာ နာမည်တပ်လို့မရလို့ နင့်မှာ အဖေရှိခဲ့တာ မဟုတ်ဘူး ကြာဖြူ"

ကြာဖြူ့ဒဏ်ရာကို သက်က နူးထက်ထက်ပြင်းလာဆွလိုက်သည်။



ငုပ်နေတဲ့ အတ္တတွေကို သက်က ဘာအထောက်အထားနဲ့ လာဆွရတာပါလိမ့်။

"နင့်မှတ်ပုံတင်က အဖေနာမည်၊ နင့်မွေးစာရင်းက အဖေနာမည်က နင့်အမေရဲ့အဖေ နင့်အဘိုးနာမည်ဆိုတာ နင်မသိဘူးလား"

ကြာဖြူ လုံးဝမသိခဲ့။ ကြာဖြူ မမြင်ဘူးသော အဘိုးနာမည်ကို မေမေကလည်း တစ်ခါမှ မပြောပြဘူးခဲ့။

"အေး ... ငါကလည်း ဘယ်တော့မှ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဟိုးတလောက နင့်ကိုခေါ်ခဲ့တဲ့ရွာက လူတစ်ယောက် အိမ်ရောက်လာတယ်၊ နင့်ဆီလာတာ မဟုတ်ပါဘူး၊ မေမေလျှောင်ထားတဲ့ ကုန်တွေအကြောင်း လာပြောတာ၊ သူ့ဆီကတစ်ဆင့် နင့်အကြောင်း သိရတာ၊ နင့်အမေ သူတို့ဆီကို လာကတည်းက နင့်ကိုယ်ဝန်နဲ့တဲ့၊ နင့်အဘိုးက နင့်အမေအဖြစ်ကို မြင်ပြီး ရှက်ပြီး ရောဂါရပြီး ဆုံးတာတဲ့၊ ခု နင့်အမေနေရာမှာ ထည့်ထားတဲ့ နာမည်က နင့်အဘိုးနာမည်ဆိုတာ တစ်ရွာလုံးသိတယ်တဲ့"

www.burmeseclassic.com



ကြာဖြူရဲ့အတိတ်ကိုပါ ရိုက်ခတ်လာတဲ့ လှိုင်းဂုက် ချက်ကြီးကို မေမေက ဘာဖြစ်လို့ ဖုံးကွယ်ထားခဲ့ရတာလဲ။

လူတစ်စု အရှက်မကွဲဖို့အတွက် ဖေဖေနဲ့ ကြာဖြူက အရှက်တွေ သိက္ခာတွေ ရင်းခဲ့ရသတဲ့လား။

"ငါ့မှာ အမေရှိတယ် သက်၊ ငါက ဘယ်တုန်းက အမေ မရှိဘဲ မွေးခဲ့တဲ့ကလေး မဟုတ်သလို ငါ့အမေကလည်း လော်လီဖောက်ပြန်ပြီး ငါ့ကိုရခဲ့တာမဟုတ်ဘူး၊ ငါ့မှာအဖေ ရှိတယ်၊ ငါ့အဖေ ခုထက်ထိ ရှိသေးတယ်"

ကြာဖြူ မျက်လုံးစုံမှိတ်ပြီး အားပါးတရ အော်ဟစ် လိုက်မိသည်။

ကြေကွဲဝမ်းနည်းမှုရော ဒေါသနဲ့ စိတ်လှုပ်ရှားမှုရော ပေါင်းလျက် ကြာဖြူ့ ကိုယ်လေးက တဆတ်ဆတ် တုန်နေ သည်။

ထိုစဉ် သက် ဖွင့်ပြီး မပိတ်ခဲ့သော အခန်းဝမှာ အပြင်က ပြန်ရောက်ပြီး စူညွှံသံများကြောင့် လာကြည့်ဟန်ရှ သော လေးလေးနဲ့ အန်တီက မတ်တတ်ရပ်လျက်။





လေးလေးကို မြင်သည်နှင့် ကြာဖြူရဲ့ဆောက်တည် ရာမရစိတ်တွေက အမှီတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ကိုင်ခွင့်ရသလို လုံခြုံသွားပြီ။

"လေးလေး ပြောပေးပါ၊ သက်တို့ကို ပြောပေးပါ၊ ကြာဖြူ့ မှာ ဖေဖေ ရှိတယ်၊ ကြာဖြူ့ဖေဖေက ဘယ်သူလဲဆိုတာ သူတို့ကို ပြောပြပေးပါ လေးလေး"

ကြာဖြူ လေးလေးရဲ့လက်မောင်းကို ခါယမ်းပြီး တတွတ်တွတ် ပြောနေမိသည်။

အံ့ဩပြီး ရပ်နေတဲ့ လေးလေးက ကြာဖြူ့ရှေ့မှာ အရုပ်ကြီးတစ်ရုပ်လို တောင့်တင်းငြိမ်သက်လျက်။

အန်တီက သက်နား ရောက်သွားပြီး သက်ကို ရင် ခွင်ထဲ ဆွဲသွင်းထားပေမယ့် ကြာဖြူကတော့ လေးလေးရှေ့မှာ ကွယ်ရာမဲ့ သွေးရူးသွေးတန်း တောင်းဆိုလျက်။

"ပြောလိုက်ပါ လေးလေးရယ်၊ ကြာဖြူ လိုအပ်တဲ့နေ့မှာ ကြာဖြူ့ဖေဖေဟာ ဘယ်သူလဲဆိုတာ လေးလေး ပြောပြ ပေးမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက ကြာဖြူရဲ့လက်ချောင်းလေးတွေကို ခွာထုတ်လိုက်ပြီး အားလုံးရှေ့က ချာခနဲ လှည့်ထွက်သွားသည်။

မောလှသော၊ ဝမ်းနည်းသော၊ အံ့သြသော၊ နာကျင်သော၊ ခံပြင်းသော ခံစားမှုအားလုံးက ကြာဖြူ့ကို လွှမ်းမြိုးပါးမိုးသွားသည်။

♦♥♦



လေထုထဲမှာကို ထင်းရှူးနံ့သင်းသင်းလေးက ရောမွှေပြေးလွှားနေသည်။

တစ်နေ့ တစ်နေ့ ဒီတောင်ကုန်းလေးမှာထိုင် ကုန်းအောက်လျှိုကြားထဲက မီးရထားလေး ဖြတ်သွားတာကိုကြည့်၊ ဟိုးတောင်ခါးပန်းတွေဆီက တောင်ယာမီးရှို့နေတဲ့ မီးခိုးငွေ့မှိုင်းမှိုင်းတွေကိုကြည့်၊ သဘာဝအတိုင်း ပွင့်နေတဲ့ မြက်ရိုင်းပန်းလေးတွေကိုကြည့်၊ အိုး ... ဒီမြင်ကွင်းတွေက ကြာဖြူ့အတွက် မရိုးနိုင်တဲ့ မြင်ကွင်းတွေပေါ့။

စောကြာရင် ကုန်းထိပ်လေးဆီက Church ရှည်မျောမျောလေးဆီ သွားမည်။ Church ရှေ့က ကွင်းကျဉ်းကျဉ်းလေးထဲမှာ နီတွေအများကြီး နေစာလှုံပြီး အစားစားနေတာကို ကြည့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ Church လေးဆီ သွားတိုင်း၊ မင်စည်ကို ထိုးဆွထားသဖြင့် အဆိလေးတွေ ဝိုလက်နေသော ထင်းရှူးပင်က အသားလေးကို နမ်းရှိုက်မည်။

ကြာဖြူ့အတွက် ဒီနေရာလေးက စိတ်ကိုအသန့်စင်ဆုံး ပြန်လည်မွေးဖွားလို့ရသော နေရာလေးဖြစ်သည်။

ရှမ်းသံဝဲဝဲ တိုင်းရင်းသားလေးတွေရဲ့အသံ၊ ပါးအိုနီရဲ အစ်မြန်းနေသော ကလေးလေးတွေရဲ့ ပုံရိပ်လေးတွေက လွမ်းချင်နေတဲ့ ကြာဖြူကို အလွမ်းတွေနဲ့ လုံးထွေးရစ်ပတ်မနေအောင် အားပေးနေသည့် မြို့လေးလည်းဖြစ်သည်။

ဒေါ်လေးခင်မွှန်တို့ မိသားစုပိုင်သော ခြံဝိုင်းပုပုလေးထဲမှာ ခြံစောင့်မိသားစုရယ်၊ ကြာဖြူရယ်။

ကြာဖြူအတွက်တော့ ရန်ကုန်မြို့နဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ဒီကဲလောမြို့လေးမှာ နေသားကျ ပျော်ပိုက်နေပြီဖြစ်သည်။

တစ်ခါတလေ ဩကို လွမ်းသဖြင့် တောင်နိုးညိုညိုကြီးတွေကြည့်ပြီး တိတ်တိတ်လေး စကားတွေ ပြောဖြစ်သည်။



ဒီတောင်နိုးတွေက တိမ်တွေထဲရောက်၊ တိမ်တွေက ကြာဖြူ့စကားကိုတွေကို ချစ်သူဆီသယ်သွား၊ ချစ်သူက နှလုံးသားဖြင့် နားထောင်။

ကြာဖြူ့ကမ္ဘာလေးက မပြည့်စုံပေမယ့် ငြိမ်းချမ်းနေပါသည်။

"ကြာဖြူ့ဘဝလေးက အရင်က ဘယ်လောက်ငြိမ်းချမ်းလိုက်သလဲ၊ ကြာဖြူ့ဘဝမှာ ဖခင်ရှိခြင်း မရှိခြင်းဆိုတဲ့ ခံစားချက် တစ်ခုတည်းနဲ့ ကြာဖြူ့အပေါ် ကောင်းခဲ့တဲ့ သူတွေကို ကြာဖြူ ရန်လိုမုန်းတီးခဲ့တယ်၊ ဒါပေမဲ့ အဲဒီ ကြာဖြူရဲ့ပုံမှန်စိတ်မှ မဟုတ်တာ၊ ကြာဖြူ အဲဒီလိုအကြာကြီး မုန်းနိုင် နာကြည်းနိုင်မှာ မဟုတ်ဘူးဆိုတာ ဒေါ်လေးသိနေတယ်၊ ခဏလေးနဲ့ စိတ်ထွက်ပေါက်အဖြစ် ကြာဖြူ အစ္စက ရန်းကန်ခဲ့ပေမယ့်၊ ကြာဖြူ သွေးအေးသွားရင် ကြာဖြူ အဲဒါတွေအတွက် နောင်တရလိမ့်မယ်၊ ဒါပေမဲ့ ကြာဖြူ မှားတော့မမှားပါဘူးကွယ်"

ဒေါ်လေးခင်မွှန်က ကြာဖြူ့ကို ဒီမြို့လေးဆီ လိုက်ပို့ရင်း ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သက်တို့နဲ့ နေလို့မရတော့တဲ့ ပင်္ဂိုဝက္ကကြောင့် ကြာဖြူ သက်တို့ဆီက ထွက်ခဲ့ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။

"ကျောင်းဖွင့်ရင်တော့ ကြာဖြူ ပြန်လာရလိမ့်မယ်၊ ကြာဖြူ ဆရာဝန်ဖြစ်တော့မှ ကြာဖြူကြိုက်တဲ့ နေရာမှာ အခြေချပေါ့ ဟုတ်လား"

ကြာဖြူ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။ လေးလေးကိုရော ဩကိုရော သက်တို့ကိုရောပေါ့။

"မိသားစုတစ်စုလုံးရဲ့ ယုံကြည်အားကိုးမှုတွေ ပြိုလဲမှ ကြာဖြူ ကျေနပ်မှာလား"

လို့ လေးလေးက ကြာဖြူ အိမ်ကထွက်ခါနီး မေး ခဲ့သည်။

ကြာဖြူ ပြန်မဖြေခဲ့မိ။

ကြာဖြူ့အတွက် အားလုံးရှေ့မှာ ကြာဖြူ့မေမေ့ ဝန်မခံရဲတဲ့ လေးလေးကို အဲဒီအချိန်တုန်းက စိတ်နာခဲ့တော ရှိနေခဲ့သည်။

ခုချိန်မှာ ပြန်စဉ်းစားမိတော့ ဖခင်ကောင်း ယောက်ရဲ့ဝတ္တရားတွေနဲ့ ကြာဖြူ့အပေါ် ကျေပွန်ခဲ့သည့် လေး



ကြာဖြူရဲ့အသိစိတ်ထဲမှာ ကြာဖြူ့မေမေအဖြစ် မျိုးဥက်စွာ လက်ခံထားပေးရုံလောက်နဲ့ အသိုက်အမြုံလေးတစ်ခု အေးချမ်းနေရမှာကို ကြာဖြူ လောဘကြီးခဲ့သည်ပဲ။

ဘဝတစ်လျှောက်လုံး ရောင့်ရဲမှုတွေနဲ့ နေသားကျ လာခဲ့ပြီးမှ ကြာဖြူ ဘာဖြစ်လို့ အဲဒီနေသားကျမှုထဲက ထိုးထွက် သွားလွန့်ချင်ရတာပါပဲ။

ကြာဖြူ Church လေးရှိရာ ကုန်းထိပ်လေးဆီသို့ ဖြည်းဖြည်း လျှောက်တက်လာခဲ့လိုက်သည်။

ကုန်းပေမယ့် ခပ်ပြေပြေလေးဖြစ်၍ တက်လို့တက် မှန်း မသိရ။ ကုန်းထိပ်ရောက်မှ ကြာဖြူနေတဲ့ အိမ်လေး၊ ကြာဖြူလျှောက်လာခဲ့တဲ့ လမ်းလေးကို အပေါ်စီးကနေ မြင်ရခြင်း ဖြစ်သည်။

"ဒေး ... ဆရာမ၊ ဆရာမအတွက် စာလာပေးတာတွေ့ လို့ ယူလာခဲ့တယ်"

ကြာဖြူ့နောက်က Church လေးကို စောင့်သော စောင့်ကောင်လေးက စာတစ်စောင်ယူပြီး ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ့အတွက် တစ်ပတ်တစ်ခါ ဒေါ်လေးခင်မွန်ဆီက ဖုန်းလာနေကျဖြစ်၍ စာလာတာ အံ့သြစရာပင်။

စာက ဘယ်ကဘယ်လိုလာသည်မသိ။ စာအိတ်ပေါ်မှာ ကြာဖြူ့နာမည်ပဲပါ၍ လိပ်စာတွေမပါ။

လူကြုံတစ်ယောက်ယောက် လာပို့ပေးခြင်း ဖြစ်ပေလိမ့်မည်။

Church လေးထဲဝင်ပြီး နောက်ဆုံးခုံတန်းရှည်လေးမှာထိုင်၍ စာကိုဖွင့်ဖတ်လိုက်မိသည်။

◆♥◆



"ကြာဖြူရေ ...

အံ့သြနေလား၊ ကြာဖြူ သက်တို့ကို ဘယ်လောက်ကြာကြာ ပုန်းနေမှာလဲ၊ သက် တောင်းပန်ပါတယ်၊ ကြာဖြူနဲ့သက် ယောကျ်ားတစ်ယောက်အတွက် သံယောဇဉ်တွေဖြတ်တောက်သွားကြရတာမျိုး သက်မဖြစ်ချင်ဘူး၊ အမှန်ပြောရရင် သက် ကြာဖြူ့ကို အရမ်းမနာလို ဖြစ်ရတယ်သိလား၊ လူတွေက ကြာဖြူ့ကို ချီးကျူးသံကြားရင် သက်မကြားချင်ဘူး၊ ဥဩညိုကို သက်လည်း ချစ်ပါတယ်၊ သက်ချစ်တဲ့သူက ကြာဖြူ့ကို ချစ်နေတယ်ဆိုတော့ ...

ကြာဖြူရေ ... တစ်ခါတလေ လောကကြီးက မထင်ထားတာတွေ ဖြစ်လာကြစမြဲ မဟုတ်လား။ ကြာဖြူ့အပေါ် သက် နှုတ်အားဖြင့် စော်ကားခဲ့တာတွေကို ခွင့်လွှတ်နော် ...

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြာဖြူ့ဖေဖေ ဘယ်သူလဲဆိုတာ သက်တို့ သိသွားပြီ၊ ကြာဖြူ့ကို ပြန်လာစေချင်တဲ့ဆန္ဒနဲ့ ဖေဖေက ဝန်ခံခဲ့တာ မဟုတ်ဘူး၊ ကြာဖြူ့ဘဝ တစ်လျှောက်လုံး နောက်ထပ် သိမ်ငယ်မှုတွေ မခံစားရအောင်တဲ့၊ ဒါဆို ကြာဖြူနဲ့ သက်က ညီအစ်မတွေပဲ။ လောလောဆယ် မေမေကတော့ ဖေဖေ့အပေါ် ခွင့်မလွှတ်နိုင်သေးဘူး ...

သြော် ... ပြောဖို့ မေ့နေတယ်၊ သက်က ရှေ့တစ်ပတ်ဆို ကျောင်းကလွှတ်တဲ့ သင်တန်းတစ်ခု Paris မှာ သွားတက်ရမယ်၊ မေမေလည်း သက်နဲ့လိုက်ခဲ့မယ်ပြောတယ်၊ အဲဒါ ဖေဖေ့ကို ကြာဖြူ လာစောင့်ရှောက်ပေးစေ့ သက် တောင်းပန်ပါရစေ၊ မေမေလည်း ကြာရင် ဖေဖေ့အပေါ် နားလည်လာမှာပါ ...

ဒါနဲ့ သက်ရဲ့မာကျူရီ "ယောင်သွားလို့" ကြာဖြူရဲ့ ညြ တစ်ယောက်ကတော့ ကြာဖြူ့ကို အမျှော်ကြီး မျှော်နေလေရဲ့။ သက်အတွက် နောက်ထပ် မာကျူရီတွေ တွေ့ဦး



မှာပါ။ ဒါကြောင့် ကြာဖြူ့လက်ထဲ မာကျူရီကို လွှဲပေးလိုက်ပြီ။

ကြာဖြူ့ရဲ့သက်"

သက်ရဲ့သေသပ်လှပသော လက်ရေးလေးတွေနဲ့ စာလေးကို ကြာဖြူ နောက်တစ်ခါ ထပ်ဖတ်လိုက်ပြီးတော့မှ အိပ်မက် မဟုတ်ဘူးဆိုတာ လက်ခံလိုက်မိသည်။

BURMESE CLASSIC

Church အပြင်ဘက်က မိုလေးတွေက ဝုန်းခနဲ ထပျံသွားပြီး လူတစ်ယောက်ရဲ့အရိပ် ကြာဖြူထိုင်နေတဲ့ ခုံပေါ် ကျလာတာ တွေ့ရသည်။

"ကြာဖြူ"

အသံလေးက တိုးတိတ်ညင်သာစွာ။

ကြာဖြူ လှည့်မကြည့်ပေမယ့်လည်း ဒီအသံက ကြာဖြူ မှတ်သိပ်မက်မောစွာ တောင့်တနေတဲ့ အသံဆိုတာ သိနေသည်။

"ညြ"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကြောင့် နီလေးတွေ လန့်ဖျပ်ပြီး ပျံကုန်ကြပြန်သည်။

မကြာခင် Church လေးထဲက ခေါင်းလောင်းထိုးသံက ကြာဖြူတို့ နှစ်ယောက်ကို ကောင်းချီးပေးနေဟန် ထွက်ပေါ်လာသည်။

"တောင်ထိပ်မှာ ကြာမပွင့်ဘူး ကြာဖြူရဲ့၊ ကြာဖြူအကိုယ်ရင်ထဲ ပွင့်ရမှာ"

ကြာဖြူ သြ ရင်ခွင်ထဲ မျက်နှာကပ်ပြီး သြ ရင်ခုန်သံတွေကို ဖတ်ရှုနားစွင့်နေတော့သည်။

♦♥♦

ဒိုမာဆမ်

၁၃–၆–၀၉

BURMESE CLASSIC

www.burmeseclassic.com